# ဗုဒ္ဓ



# တရုန်တော်

ရှင်ဥက္ကဋ္ဌ

သျှင်ဥက္ကဋ္ဌ

—ရေး—

# ဗုဒ္ဓစာချွန်တော်

# Buddha Bulletin

သျှင်ဥက္ကဋ္ဌစာစဉ် (၂) ၁၉၆၁-အောက်တိုဘာ

ပဉ္စမပုံနှိပ်ခြင်း
အုပ်ရေ-၃၀၀၀၊

ပုံနှိပ်ထုတ်ဝေသူ-
“မောင်စိုးဝင်း”

မြန်မာ့ဗျူဟာ စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်၍-

ရွှေပြည်တန် စာပုံနှိပ်တိုက်နှင့်-စာအုပ်တိုက်
အမှတ် ၁၂-နှင်းပန်းလမ်း၊ ဓရကျော်ဈေး၊ ရန်ကုန်မြို့။
မှ ဖြန့်ချီသည်။

၄၀၂



တောင်တွင်းအကျော်-

ဆရာတော်-သျှင်ဥက္ကဋ္ဌ

သတိရှိသူသည် မသေသူမည်၏။

သတိကင်းသူသည် သေသူမည်၏။

# ဗုဒ္ဓစာချွန်တော်

# Buddha Bulletin

ဘုရားလည်းမကယ်နိုင်၊ နတ်လည်းမကယ်နိုင်၊
ကိုယ့်ကိုယ်ကိုယ်ကိုး။

အတ္တဒီပံဝိဟာရထ၊ အတ္တသရဏာ....
ဓမ္မဒီပံ ဝိဟာရထ၊ ဓမ္မသရဏာ....

And whosoever, Ananda, either now or after I am dead, shall be a lamp unto themselves, and a refuge unto themselves, shall betake themselves to no external refuge, but, holding fast to the Truth as their lamp, shall not look for refuge to any one besides themselves-it is they.... who shall reach the very topmost height! But they must be anxious to learn!!

သတိအုပ်စိုးမှုသာလျှင် မွန်မြတ်သော
အကျိုးထွက်မြဲဖြစ်သည်။
အပ္ပမာဒေန သမ္ပာဒေထ။

"Now then, O monks, I address you. Subject to decay are compound things. Strive with earnestness."

## ဒဂုန်–ဦးလှဘော ၏ နိဒါန်း

အို–အချင်းတို့....

ဤလောကသည် အမိုက်တိုက်အတိဖြင့်သာ ဖုံးလွှမ်းလေတော့အံ့။

အို–အချင်းတို့....

ဤလောကသည် အသိအလိမ္မာ ဉာဏ်ရောင် အလင်းကင်းကြလေသဖြင့် ပျက်စီးခြင်းသို့ရောက် တော့မည်တကား။

အို–အချင်းတို့....

မုဒ္ဒဘုရားရှင်က တရားမဟောဘူးတဲ့။

ဤသို့သောစကားဖြင့် သဟံပတိ မြဟ္မာကြီး သည် လူ့လောကအလုံးအတွက် စိုးရိမ်ကြီးစွာဖြင့်သံကုန်ဟစ်ကြွေး ငြီးတွားလိုက်လေသည်။

သဟံပတိမြဟ္မာကြီးသည် ပဌမဈာန်ရ ရဟန်း အဖြစ်ဖြင့် ပဌမဈာန်ဘုံ၌ တကမ္ဘာ အသက်ရှည်နေသူဖြစ်သည်၊ ၎င်း၏ အမြော်အမြင်ဖြင့် ဤမှုတုန်လှုပ်၍ ဟစ်ကြွေး လှုံ့ဆော်နေ သောကာလမှာ လွန်ခဲ့သော နှစ်ပေါင်း- ၂၅၀၀- ကျော်က ဖြစ်သည်။

ထိုနှစ် ထိုခေတ်မှာ လူ့သမိုင်း ရာဇဝင်ကြောင်း အတိုင်း ပြန်မျှော်ကြည့်လျှင် ခရစ်မပေါ်မီ ဘီ- စီ၊ ၆-ရာစု ခေတ်က ဖြစ်၏။

ထို ၆-ရာစုခေတ်သည်ကား ...လူ့သမိုင်းအရိုင်းဘဝ ဟိုမှာဘက်မှ သည်မှာဘက် အယဉ်ဘဝသို့ ကူးပြောင်းခဲ့ရာကမ္ဘာ့ တံတိုင်းကြီးသဖွယ် ကာလခြားရာ-ကဏ္ဍခြားရာ ခေတ်ဖြစ်သတည်း။

ကမ္ဘာဦးအစလူ့သမိုင်းနုစဉ်ဘဝမှ တဆင့်ထက်တဆင့် မြင့်သည်ထက်မြင့်၍ကြီးပြင်းလာခဲ့ရာ-ထို၆-ရာစုခေတ်အဆင့်သည် လူသမိုင်း ကလေးသူငယ်နှပ်စားအဖြစ်မှ ကိုယ် လက် အင်္ဂါစုံလင်၍ လူကြီးပိုင်းအဖြစ်သို့ ကူးပြောင်းသည့်"ကြီး ကောင်ငင်ခေတ်"လည်းဖြစ်သည်၊ ကလေး စိတ်ခေတ်-အရိုင်းခေတ်ဟု ဆိုလိုသည်။

ဤ-ရာဇဝင်သမိုင်း အဆိုပြုချက်စကားတို့မှာ မှန်ကန်သော ယူဆချက်များဖြစ်ပေသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဝင်အဆိုနှင့် အမိပ္ပါယ်တထပ်ထည်းဖြစ်နေ၏။

"ဗုဒ္ဓ-ဘုရားရှင်သာ တရားမဟောဘူးဆိုလျှင် ဤလောက လူအများသည် အမိုက်တိုက်ဖြင့်သာ အတိပြီးတော့အံ့"ဟု ဆိုသော သဟံပတိမြဟ္မာစကားအရ ထိုခေတ်လူသမိုင်းလူ့လောကဌ် အလင်းမရ မှန်သောတရား ထင် ရှားမရှိသည့်အဖြစ်ကို သိသာနိုင်လေသည်။

ထို့ပြင်-လူမှုရေးကျင့်ဝတ်ဖြစ်သော မင်္ဂလာတရား၃၈-ပါးကို ၁၂-နှစ်တိုင်တိုင် လိုချင်တောင့်တ ကြံကြမှသာ ကြားနာရသည်ဆိုသောစကားအရလည်း ထိုဘီ-စီ ၆-ရာစုခေတ် ဟိုမှာဘက်ဌ် လူ့သမိုင်းသည် ကျင့်ဝတ်မဲ့သူငယ်နှပ်စားဘဝ, ကလေးစိတ် ,ကလေးကျင့်သာ ဖြစ်ကြောင်းလည်း သိနိုင်၏။

"လောကသုံးပါးဌ် ခပ်သိမ်းသောသတ္တဝါတို့၏ အကျိုးငှါ လောကနာထော-လူတို့၏ ကိုးကွယ်အားထားရာဖြစ်သော ဗုဒ္ဓ

ဘုရားရှင်သည် ပွင့်ထွန်းလာလေပြီ” ဗုဒ္ဓေါလောကေသမုပ္ပန္နော ဆိုသောစကားမှာလည်း ထို ဘီ-စီ ၆-ရာစုခေတ်ရှိ လူတို့ အဘို ကိုး ကွယ် ရာမဲ့ - ဆရာမဲ့-တရားမဲ့ အ ခြေ အနေရှိနေပုံကိုလည်း ထင်ရှားသိစရာဖြစ်သည်။

ဘယ်ပုံဘယ်နည်း ကိုးကွယ်ရာမဲ့-အားမဲ့ -တရားမဲ့ ဖြစ် နေ ကြလေသနည်း။

ဗုဒ္ဓဘုရားရှင်ပွင့်ထွန်းပေါ်ထွက်လာသော ထိုဘီ-စီ ၆-ရာစု ခေတ်၏ ဟိုမှာဘက်ရှိလူ့သမိုင်းကိုပြန်လည်လေ့လာကြရမှာ အမှောင်ဗိုင်း အရိုင်းဇာတိများသာ ဖြစ်ခဲ့ပုံကို တွေ့ကြရ၏။

အမှားနှင့်-အမှန်ကို မသိနိုင်ကြ။

အရှက်နှင့် အကြောက်တရားလည်း မထွန်းကားခဲ့။

တိရစ္ဆာန်သဘာဝနှင့် အလွန်နီးစပ်ခဲ့သည်။

ကလေးဘဝအဆင့်သာလျှင် သက်နှရှိနေသေးသဖြင့်သူငယ် နာသင့်နေသော လူ့သမိုင်းအခြေသာဖြစ်သည်မှန်၏။

လူ့သမိုင်းအစသည် အမျိုးအမည်မထင်ရှားသော သတ္တဝါ အသေးအမွှားမျိုးက စတင်ပေါ်ခဲ့သည်။ဒါဝင်ဝါဒပညာရှင် ကြီးများ၏ ယူဆချက်အရ ရေညှိမှ သတ္တဝါငယ်ပိုးမွှားကလေး များဖြစ်လာ၍ ထိုမှတဆင့် ကမ္ဘာသက်ကြာညောင်းလေသော် သတ္တဝါကောင်ကြီးများဖြစ်လာခဲ့သည်။

ထို သတ္တဝါကောင်ကြီးများတွင် ခြေ လေး ချောင်း သွား သတ္တဝါ,ခြေနှစ်ချောင်းသွားသတ္တဝါ,မိုးပျံသတ္တဝါမျိုးစသဖြင့် အဆင့်ဆင့်တက်၍ ကွဲပြားခြားနားလာခဲ့ရာမှ တဖန် ခြေ-၂ သွားချောင်းသတ္တဝါမျိုးတို့တွင် လက်-ခြေဖြင့်အလုပ်လုပ်တတ် သော မျောက်သတ္တဝါမျိုးပေါ်ထွက်ခဲ့ပြန်သည်။

ဤလောက၌ သက်ရှိသက်မဲ့အရာဟူသမျှ အားလုံးသည် တည်မြဲနေသော သဘောမရှိ၊ လှုပ်ရှား ပြောင်းလဲနေသော သဘောရှိသောကြောင့် ရင့်ကျက်တိုးတက်မြဲမွတာဖြစ်သည်။

ထို"မျောက်"ခေါ်သော သတ္တဝါမျိုး၌ လက်ခြေနှင့် ၎င်းတို့ဘဝသက်နေအတွက် အနည်းနည်းလှုပ်ရှားခြင်း၊အားထုတ်ခြင်းများဖြင့် မျောက်ကြီးမျိုးတမျိုးမှ လူတပိုင်းမျောက်တပိုင်း တိုးတက်ဖြစ်ပေါ်လာခဲ့ပြန်သည်။

ထိုလူတပိုင်း-မျောက်တပိုင်းဘဝမှ အစပြု၍ လူပုံသဏ္ဍာန်သို့ ပြောင်းလဲတိုးတက်လာသောသတ္တဝါမျိုးတမျိုးကို"မန"(Man) သတ္တဝါမျိုးဟုခေါ်သည်။

ကိုသတ္တဝါကို အရိယာလူမျိုးစကားဖြင့် (Man) "မန" ဟုခေါ်သည်မှာ"မနောဝိညာဏ်"ဟုခေါ်သော စိတ်ဓါတ်တမျိုးထူးကဲစွာရှိသည်ကို အစွဲပြု၍ခေါ်ဝေါ်သည်ဟု ဆိုရာသည်။

ထို-မန-မနု-မနုဿ-ခေါ်သောသတ္တဝါမျိုးသည်လူသတ္တဝါပင်ဖြစ်ကြ၏၊ မနဟူသော စိတ်ဓါတ်ကိရိယာတခု အရင်းပြု၍ အထူးပါရှိလေသောကြောင့် အာရုံကိုသိတတ်သည်၊ကြံဆတတ်သည်၊ ကျက်စားတတ်သော အသိညာဏ်ရှိလာသည်။

ထို ကြံဆတတ်-သိတတ်မှုဖြင့် ပြုပြင်မှုကို လုပ်တတ်သည်။ အားထုတ်မှု လုလ္လပယောဂကို ဖြစ်စေသည်။ တိုး တက် လာသည်၊ အသိညာဏ်အလေ့အကျင့် အတွေ့အကြုံများရာမှတဆင့် ရင့်ကျက်မြင့်လာသည်။

ထို"မန" (Man) ခေါ် သတ္တဝါမျိုး၏ဘဝ၌ ထိုအသိညာဏ်တခု အစပြုလာခြင်းသည်ပင်လျှင် တိုးတက်စေကြောင်းအရင်းခံဖြစ်၏။

မျောက်ဘဝမှအဆင့်ဆင့် မျောက် တ ပိုင်း-လူတ ပိုင်းဘဝ "မမ်မာ"ခေါ်သော ရင်ခွင်ပိုက် နို့ရည်တိုက်ကျွေးတတ်သော သတ္တဝါအဆင့်သို့ ပြောင်းလဲခဲ့သည်ဖြစ်၍-

ထိုမမ်မာသတ္တဝါမျိုးဘဝမှာ လူဖြစ်ဘဝ၏ ဇာတိအစဖြစ်၏၊ ၎င်းတို့မှာ ရင်ခွင်ပိုက်၍ နို့ရည်တိုက်ကျွေး သားမွေးကောင်းမျိုးဖြစ်သည်။ အမိ၏ရင်ခွင်၌ ပျော်မွေ့လေ့ရှိသော သတ္တဝါမျိုးဖြစ်သောကြောင့် မိခင်ကိုမမေ့တတ် အားကိုးစိတ်ရှိသည်။

အမေမှန်း-သားသွီးမှန်းသိသည်၊ တိရစ္ဆာန်ဘဝမျိုးနှင့် ကွဲပြား လာသည်။

ထိုသတ္တဝါမျိုးသည် ကမ္ဘာ့အစကပင်"မမ်မာ၊မာမီ၊မာမာ-မာ၊ မေ-မေမေ" ဆိုသောအသံဖြင့် မွေးသမိခင်အား ခေါ် တတ်လာသည်၊ ထိုသတ္တဝါမျိုးသည် ကမ္ဘာ့အစမှ ယနေ့သို့တိုင် အောင် မပြောင်းလဲသော ဇာတိပါအသံဖြင့် လူမှန်သမျှ မွေး ကထည်းကအသံတူလာကြသည်။ "မန" (Man) မနု - မနုဿ လူတို့ဘဝဖြစ်စဉ်သည် မာမ်မာ-က စခဲ့သတည်း။

ဤသို့လျှင် သတ္တရှိသူ သတ္တဝါချင်းတူ ဘဝတူနေခဲ့ကြရာမှ လူသတ္တဝါနှင့်တိရစ္ဆာန်သတ္တဝါ၊ နှစ်မျိုးနှစ်စားခြားနား၍ လူတို့ က ဘဝပြောင်း၍ လမ်းကြောင်းခွဲထွက်လာပုံ ကောက်ချက် ထုတ်ပြရလျှင်....

မာမ်မာသတ္တဝါမျိုးမှာ လက်ဖြင့်လုပ်တတ်သည်၊ ၎င်းတို့ ဘဝသက်နေအတွက် လိုချင်သလို ကိုင်တွယ်လုပ်ဆောင်ရန် "လက်"ရှိသည်၊ လက်ဖြင့်ကိုင်တွယ်လုပ်ကိုင်သွားလာလေ့ရှိသ ဖြင့် မျိုးဆက်တဆက်ထက်တဆက် ခြေ၂-ချောင်းသွား ခါးရိုး စန့်၍ကိုယ်ကိုဖြောင့်ဖြောင့် မတ်တတ်ရပ်နိုင်သည်အထိ ပြောင်း လဲလာသည်။"လက်"သည်ထိုသတ္တဝါမျိုး၏ တိုးတက်စေကြောင်း ပဌမရပ်ပြောင်းမောင်းတန်ဖြစ်၏။

ထိုလက်ဖြင့်ဘဝတည်မြဲရေး၊ အန္တရာယ်လုံခြုံရေး၊ အစား အစာနှင့် ကုန်ထုတ်လုပ်ငန်း လုပ်ရေး၊ သိမ်းဆည်းရေးအစပြု လုပ်နိုင်ကြသည်။

လက်က အလုပ်လုပ်နိုင်လာသည်နှင့်အမျှ သတ္တဝါတဦးနှင့် တဦး ဆက်ဆံမှု ပူးပေါင်းမှုတို့အတွက် အသိပေးရန် အား ထုတ်လာသော် မသဲကွဲသောစကားဖြင့် အပြန်အလှန် အသံ ထွက်သင်္ကေတဖြစ်လာသည်၊ ထိုမှအဆင့်ဆင့် ဘာသာစကား ဖြစ်လာ၏။

ထို-မမ်မာ-မမ်မီ-မာ-မာမာ-မေ-မေမေ-ခေါ် ထတ် သော သတ္တဝါမျိုး၌ လက်ဖြင့်အလုပ်လုပ်ထတ်၍၊ ပါးစပ်ဖြင့် စကား ပြောတတ်လေသည်ကိုထောက်ဆလျှင် အတွင်းသဏ္ဍာန်၌ရှိသော မနစိတ်လှုပ်ရှားမှု သိမြင်တိုးတက်မှု အရှိန်အားသည် အဘယ် မျှ ကြီးမားလာလေမည်ကို သိနိုင်ရာ၏။

စိတ်၏လှုပ်ရှားမှု- ပြုပြင်မှု- ကြီးမားသလောက် စိတ္တဇရုပ် သည်လည်း ပွားစီးလာပေမည်၊ ရုပ်ခန္ဓာအိမ်တွင် ပြောင်းလဲ လာရမည်၊ သတ္တဗေဒအရ လူတို့၏ဦးနှောက်တွင် အသိဉာဏ် ကိုဖြစ်စေသော အာရုံအလုပ်စခမ်းဌာနကြီးတခု တည်ဆောက် မိလာသည်။

ထိုသတ္တဝါမျိုးသည် အလုပ်လုပ်တတ်သဖြင့် အလုပ် တွေ လုပ်လာသည်၊ ထိုအလုပ်လုပ်မှုသည်ပင် ထိုသတ္တဝါအား ကြီး ပွားလာစေခြင်း အကြောင်းဖြစ်သတည်း။

ဤလုပ်စွမ်းအားသည်ပင်လျှင် တိရစ္ဆာန်သတ္တဝါနှင့် မတူ ခြားနားသောလူသတ္တဝါမျိုး၏ ဂုဏ်အင်္ဂါကြီးဖြစ်သည်၊အခြား ဂုဏ်အင်္ဂါ လက္ခဏာများမှာ- မိမိတို့ဘဝရေးရာအတွက် ကြိုး ပမ်းတတ်ခြင်း၊ ကာမဆက်ဆံမှုအတွက် ကာမပိုင် သီးသန့်ရွေး ချယ်ထားတတ်ခြင်း၊ ထိုထက်အထူးမှာ ရှေးလူများအတွေ့အကြုံ ကို အမွေဆက်ခံတတ်ခြင်းတို့ဖြစ်သည်။

ကျွန်ုပ်တို့ဗုဒ္ဓဘာသာအသိဖြင့်ညှိလျှင် ဤဘုံသည် ဝိရိယဘုံ, အလုပ်သမားဘုံ, ညာဏ်ကျယ်ခွင့်ရဘုံဖြစ်သည်၊ နတ်ဘုံ,ဗြဟ္မာ ဘုံ,တိရစ္ဆာန်ဘုံတို့ကဲ့သို့ ကံဘုံမဟုတ်ဆိုသောအချက်။

ဤဘုံတွင် လူသားတို့၌ အစဉ်သဖြင့် သတိသမ္ပဇာဉ်ညာဏ် နှင့်ယှဉ်သောအားထုတ်မှု ပယောဂသမ္ပတ္တိ ပြည့်စုံစေမှသာလျှင် ဘဝမှန်သည်ဟုဆိုသော အဓိပ္ပါယ်အချက်များနှင့် ညီသည်ဟု ဆိုအပ်လေသည်၊အလုပ်သမားဝါဒဘုံဖြစ်နေ၏။

ဤစကားရပ်များသည် လူ ဖြ စ် အ စ ကို ပြလိုရင်းဖြစ်၏။ "သတ္တဝါ"ဆိုသည်မှာ သတ္တရှိသည်ဟုအဓိပ္ပါယ်ရသည်။ လူနှင့်

တိရစ္ဆာန်တို့တွင် သတ္တရှိသူချင်းအတူတူဖြစ်၍၊ သတ္တဝါမျိုးတွင် လူသည်လည်းအတူပါဖြစ်၏။ သတ္တအတူရှိလျှင် သတ္တဂိုဏ်းဖြစ်သော ဇီဝလည်းရှိသည်၊ အတ္တလည်းရှိသည်။ ထိုသတ္တ-ဇီဝ-အတ္တတို့သည် သက္ကာယ၏အမြစ်မှာများဖြစ်၏။

ထိုသက္ကာယသည် ငါ-နှင့်-ငါ့ဘို့ချည်းသာသိတတ်မြင်တတ်သော ဇာတိသွေးကို ပွားများစေသည်။

သတ္တရှိသူ သတ္တဝါအချင်းချင်း ဘဝတူဖြစ်ခဲ့ရာမှ ပဌမစတင်၍ ဝါဒလမ်းစဉ်ချင်းမတူသဖြင့် သတ္တဝါချင်းဂိုဏ်းကွဲထွက်လာသည်မှာ - ဤ " သက္ကာယလွန်ဝါဒ " နှင့် " သက္ကာယလျော့ဝါဒ"ပင်ဖြစ်သည်။

သက္ကာယ အထိန်းမရှိ လွန်အားကြီးသော ဝါဒဂိုဏ်းသည် ဗီလာကန့်လန့်သွား တိရစ္ဆာန်သတ္တဝါဂိုဏ်းဖြစ်၏။

"မန" ဝိညာဏ်အသိရှိသဖြင့် ရှက်တတ်ရမှန်း၊ ကြောက်တတ်ရမှန်းသိသောသတ္တဝါဂိုဏ်းကမူ သက္ကာယလျော့ရေးဝါဒ ကျင့်သုံးသည်။ သိတတ်မှုရှိသူ လူသတ္တဝါဂိုဏ်းကြီးဖြစ်လာ၏။

သက္ကာယ လွန်အားကြီးသော ထိုတိရစ္ဆာန် သတ္တဝါမျိုးတို့အဖြစ်မှာကား နို့ခွါသည်မှစ၍ သားမှန်း - သမီးမှန်းပင်မသိအောင် လုစား-ယက်စား၊ ငါ-ငါ့ဘို့ – ငါကောင်းဝါဒ ကျင့်တော့သည်။

ဤအဖြစ်ဆိုးကြီးမှာ အလွန်ကြမ်းကြုတ်လှ၏။ အရိုင်းဘဝကြီးသာဖြစ်၏။

အမေ- အဖေမှန်း သိတတ်သူ မာမ်မာ သတ္တဝါမျိုးတို့မှာမူ ရှက်တတ်သည်၊ ကြောက်တတ်သည်ဖြစ်၍ တိရစ္ဆာန်သတ္တဝါ ထိုအရိုင်းဘဝမှ စတင်၍ လမ်းခွဲကြလေသတည်း။

သို့ရာတွင် ဘဝ ချင်းသော်ကား မတူကြသည်မှန်၏၊ ဘုံလောကမှာကား တမြေ-တရေ-တအိုး-တအိမ်ထည်းတွင် အတူ နေချင်းများ ဖြစ်ကြပါသည်။ အတူစားများလည်း ဖြစ်ကြသည်။

သွေးသားစပ်သဖြင့် လူ့သတ္တဝါနှင့်တိရစ္ဆာန်သတ္တဝါများ ဆွေမျိုးအရင်းကြီးဖြစ်ကြသည်၊နေ့စဉ်သောက်နေသော နို့ရည်များနှင့် နေ့စဉ်စားနေကြရသောတိရစ္ဆာန်အသားများသည် လူတို့အား သွေးသားဖြစ်စေ၍ လူနှင့်တိရစ္ဆာန် အချစ်အခင်ကား မပျက်စေခဲ့ပါ။

ထို့ကြောင့်လည်း လူတို့၌ထခါတရန် ဇာတိသွေးရှိသဖြင့် ကုတ်ချင်ပွဲချင်စိတ်, ကိုက်ချင်ခဲချင်စိတ်, သတ်ချင်ပုတ် ချင် စိတ်များ ဖြစ်ပေါ်လာတတ်လေ့ရှိသည်။ ဆဲချင်ဆိုချင်စိတ်, အော်ချင်ဟစ်ချင်စိတ်များလည်းရှိသည်၊ တခါတရံဂဏာမငြိမ် ဇူနွေ့ရသော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာများ ပေါ်လာချင်းမှာလည်း ဘဝဟောင်း အစွဲအလမ်းကြောင့်ဖြစ်ကြ၏။

ကမ္ဘာဦးအစ တိရစ္ဆာန်သတ္တဝါမှ လမ်းခွဲထွက်လာခဲ့သော လူ့သမိုင်းအရသာဆိုလျှင် လူတို့သဘာဝတွင် အဘယ်ကြောင့် ရက်စက်ကြမ်းကြုတ်တတ်မှုနှင့် ကိုယ် ဘို့ ကောင်း ကျင့် ဝါဒ မပြင်းထန်ဘဲ ရှိနိုင်အံ့နည်း။

လူသမိုင်း-အရှိုင်းဘဝတလျှောက်တွင် ကမ္ဘာသက်နှင့်ချီ၍ အမှောင်မိခဲ့ကြသည်သာဖြစ်၏။

ဆိုအပ်ခဲ့ပြီးသော လူ့ သမိုင်းအကြောင်းမှာ ယခု အခါ ကမ္ဘာတဝှမ်းလုံးရှိ မူလတန်းကျောင်းများကအစ တက္ကသိုလ်ကြီးများတွင် လက်ခံသင်ယူနေသော ဒါဝင်ဝါဒ ကမ္ဘာသမိုင်းအဆိုဖြစ်သည်။

ဗုဒ္ဓဘာသာ မြန်မာနိုင်ငံအဘို့ဆိုလျှင် လူဖြစ်အစ ဗြဟ္မာကြီး ၄-ဦးကဖြစ်၏။

ကမ္ဘာ့အစ ဗြဟ္မာကဆိုသော ဟိန္ဒူဝါဒအတိုင်းပင် ဆက်ခံယူကြသည်၊ ဟိန္ဒူဝါဒ၌ အစမထင်သော အဒိတိဗြဟ္မာကြီး၏သား (အာဒိတျ) အာဒိစ္စနေနတ်မှ ဆင်းသက်သဖြင့် အဒိစ္စ ဝံသနေမျိုးနတ်နွယ်များ ဖြစ်သည်ဟု ယူဆကြသည်၊ ထိုနေမျိုး

နတ်နွယ်အယူအဆ ယုံကြည်ချက်မှာ အရှေ့ဘက်ရှိတရုပ်ဂျပန် ကုလားတို့သာလျှင်မဟုတ် အနောက်ဘက်ရှိ ဂရိတ်ပြည် အီဂျစ် ပြည်နှင့် ကမ္ဘာ့အလယ်ကျော တလျှောက်ရှိ လူမျိုးတိုင်းလိုပင် နေမှ ဆင်းသက်သည်ဟု ဥဒါန်းစကားရှိသည်။

မြန်မာတို့တွင် ကမ္ဘာအစ ဖြဟ္မာကဆိုရာ၌ ပလိပ်စားချေင်း ခေတ်ဝိသယချီ စာပိုဒ်တွင်–

"ငါးဆူပွင့်ရာ၊ မည်သာဘဒ္ဒ၊ သမိုက်ကြရှင့်၊ မဆွထို ခါ၊ မိုးရပ်ချာမှာ၊ ဖြဟ္မာသက်ကျွန်း၊ ကိုယ်ထင်ထွန်းက" ဟူ၍ငင်း။

လောကဝိဒူမော်ကွန်းတွင်–"ဘဒ္ဒကပ်ပြိုင်လွတ်၊ မိုးလုံး ညွတ်မျှ၊ ဝိဝဋ္ဋာယီ၊ ပေါ်လာပြီကား၊ ပြောင်းချီလျော ပြတ်၊ ဥပပါတ်ဖြင့်၊ အာဘဿရ၊ ဘုံကဖြဟ္မာ၊ လူ့ဖြစ် လာသော်"ဟူ၍ငင်းဆိုရာ၌ ကမ္ဘာဦးအစ ဖြဟ္မာကြီး များက စတင်ပေါ်ပေါက်လာပုံကိုပြလေသည်။

ကမ္ဘာတည်သည်နှင့်တပြိုင် ကမ္ဘာမြေဆီ အဖြိုက်ရသာကို၊ ဘပ်မက်စိတ်ရှိကြသဖြင့် သူ-ငါ-ယူစားမိကြသော် အကျင့် ဖေါက်ပြား၍ မိန်းမဘာဝ-ယောကျ်ားဘာဝဖြစ်လာပြီး အိမ် ယာထောင်မှု ပြုလာကြ၏။ အိမ်ယာထောင်မှုပြုသည်နှင့်တပြိုင် နက် အစာရေစာသိုမှီခြင်း၊ ခိုးယူခြင်း၊ မုသားပြောခြင်း၊ လု ယက်တိုက်ခိုက်ခြင်းစသည်ဖြင့် ဝိသမလောဘ များ ပွန့်လေ သော် ပဒေသာပင်များကွယ်ပျောက်သည်။

"မမှန်ခိုးစား၊ မုသားကွယ်ဖြုတ်၊ရိုက်ပုတ်ထောင်းထု၊ ဖြစ်လာမှုကြောင့်၊ တစုစည်းရုံး၊ နှလုံးမဖြူ၊ ကပ်ဦး သူတို့၊ စိတ်တူဝမ်းမျှ၊ ကြီကုန်ကြ၏၊ ကာလခုလျှင်၊ လူ သွမ်းဖြင်စွ၊ တို့တွင်စိုးရ။ မင်းရှိမှဟု" ။ ဆိုသည်။

ငင်းပြင် ကမ္ဘာဦးလူတို့တွင် လောဘ-ဒေါသ စိတ်တို့သည် လည်း ကမ္ဘာသက်နှင့်အမျှ ကြီးမားဆည်ထက်ကြီးမားလာလေ ရာ-လောကဝိဒူ မော်ကွန်းတွင်–

"ထိုဒ္ဓိဆင့်လောင်း၊ရှည်မြင့်ညောင်းသော်၊ဆိုးဟောင်
ပျက်ရွား၊ တယောက်သားကို၊ နိုးစားဖမ်းမိ၊ နှစ်ကြိမ်ရှိ
အောင်၊ သိသိရေရွတ်၊ ဆဲရေးလွှတ်ပြီး၊ ယွင်းချွတ်ထို့
နောက်၊ သုံးကြိမ်မြောက်၌၊ လက်ရောက်ကိုယ်နှုတ်၊
ခဲ- အုတ်- ကျောက်- သံ၊ ဒုတ်လှံတန်ဖြင့်၊ မွန်းပျံ့
ဆွေ့ဆွေ့၊ ဒါဏ်ဟုန်မွေ့၏။ "

ဆိုစကားအရ လူတို့တွင် တရားမဲ့သော သက်မွေးမှုများဖြင့် အကျင့်စာရိတ္တ ပျက်ပြားလာပုံနှင့် တရားမဲ့ပိုင်းအုံရိုက်နှက် သတ်ပုတ်နေကြပုံ အရိုင်းခေတ်ကို သိနိုင်သည်။

ယိုအခါမှစ၍ လူတို့တွင် အုပ်စိုးသူမင်းမြောက်ကြ၏။ ခတ္တိယ လယ်ယာလုပ်စားသူတို့က မြောက်သော မင်းဖြစ်သော ကြောင့်=ခတ္တိယမင်းဟုခေါ်၏။ လူအများကရွေးကောက်တင် မြောက်သောကြောင့်လည်း သမထ - မင်းဟုခေါ်သည်။ မန-မန-မနသလူသားတို့တွင် ပဌမမင်းဖြစ်၍လည်း ကမ္ဘာဦးအစ "မနုမင်း"ဟူ၍လည်း ခေါ်ရိုးပြုကြသည်။

အထက်အဆိုပါ ပလိပ်စာချောင်းနှင့် လောကဝိဒူ မော်ကွန်းလာ စကားတို့မှာ ဝိဋ္ဌကတ်တော်များနှင့်အတူ အိန္ဒိယမှ ပါလာသော ဝေဒကျမ်း – ပုရာဏ်ကျမ်းများအရ ယူဆရေး သားသိကုံးထားသည်ဖြစ်၍ ဗုဒ္ဓဘာသာ မြန်မာရှေးလူတို့ စဉ်ဆက် ယက်ကြီးစကား သက်ငယ်ကြားကမ္ဘာအစ ပြဟ္မာကြီး လေးဦးက အယူစွဲရှိခဲ့ကြသတည်း။

သို့ရာတွင် "ကမ္ဘာဦးအစ ပြဟ္မာကြီးလေးဦးက" ဆိုစကား မှန်သည်ဖြစ်စေ- မိုးပိုင်နေနတ်သားနှင့် မြေစိုးနဂါးမတို့ညား ၍ မွေးဖွားသည်က လူစသည်ဖြစ်စေ၊ ဘုရားသခင်ဖန်ဆင်း လိုက်သည်ဖြစ်စေ၊ လောကဓါတ်သိပ္ပံဆရာကြီးများ ယူဆချက် အရ မျောက်ဘဝကအစ မှန်သည်ဖြစ်စေ၊ ကမ္ဘာဦးလူပေါ်စ ကမူ လူတို့သဘာဝမှာ အရိုင်းဘဝ အရိုင်းသဘောများသာ ဖြစ်ကြောင်း ယူဆပုံခြင်း အတူအညီဖြစ်ကြသည်။ ကမ္ဘာဦး

လူတို့၌ ကြမ်းကြုတ်ရက်စက်မှုနှင့် ကိုယ်ကျိုးကောင်းကျင့်ဇာတိ ရှိနေပုံမှာ အတူအတူပင်ဖြစ်ကြ၏။

ဤသို့လျှင်-လူ့သမိုင်း အရှိန်းဘဝသံသရာသည် ကြောင်လိမ်လှေခါးပမာ လှည့်ကာပတ်ကာ မရပ်မနားသောရွေ့ရှားခြင်းဖြင့် တဆင့်မှတဆင့်သို့ တိုးတက်ပြောင်းလဲလာခဲ့လေရာ-

လူ့သမိုင်းဖြစ်စဉ်သည် ရင့်ကျက်လာခဲ့လေပြီ။

သုခ-နှင့်-ဒုက္ခ ဖြစ်သမျှပေါင်းလည်း စုံလှပြီ။

ဘဝစွန့်စားမှု ကြိုးပမ်းမှုတို့ဖြင့် နည်းလမ်းရှာခဲ့ရာ အသိညာဏ်ပညာနယ်ကြီး ကျယ်လာသည်။

အသိအာရုံနှင့် စိတ္တဇရုပ်ဓါတ်အား ဦးနှောက်အိမ်ကြီးမား လာသလောက် အသိဆာလာကြသည်။ သိချင်သည် အမှားနှင့် အမှန်ကို ရှာလာကြသည်။

အယဉ်ဘက်သို့ ကူးပြောင်းရန် ရင့်ကျက်လာသကဲ့သို့ အရှိန်းဘဝကလည်း ခွန်တွဲကြီးထွားလာခဲ့သည်။

ဒုက္ခပင်လယ်ဝေနေသော လူ့သမိုင်းအား ကယ်တင်ရန် ကြောင့်ကြပြုသူများ မျိုးဆက် တဆက်ထက်တဆက် အဆင့်ဆင့် ပေါ်ထွက်လာကြသည်။

ကမ္ဘာ့သက်တာသည် နှစ်ပေါင်း-ကုဋေကုဋာ ကြာညောင်းလာလေသော် လွန်ခဲ့သော နှစ်ပေါင်းတသောင်းမှ ခြောက်ထောင်ခန့်ကြာကာလ ဘီ-စီ-၃၀၀၀-လောက်ကမူ ကမ္ဘာမြေပြင်မိခင်ကြီး၏ ဝမ်းပြင်ကြောတွင် ယဉ်ကျေးမှု သန္ဓေသစ်သည် ကိန်းအောင်းခဲ့တော့၏။

အနောက်စွန်းတွင် ဂရိတ်ပြည်နယ်၃မ်းနှင့် အရှေ့ဘက်တွင် အိန္ဒိယနှင့်-တရုပ်ပြည်တို့သည် ကမ္ဘာ့ရင်ခွင်များသဖွယ် လူသမိုင်းသားသယ်များကို ပိုက်ထွေးမိလာကြသည်။

လူတွေဘေးဒုက္ခမှကင်းကြရန် ပျော်ရွှင်သာယာရှိရန် လူအချင်းချင်း မှိုင်မြမ်းပြုရမည်ကို သိလာကြပြီ။ ရန်ပြုမှု၊ကိုယ်ကျိုးသိမှု

အရိုင်းသဘာဝများကို ရွံမုန်းလာသည်။အရိုင်းသဘာဝမှ လွတ်မြောက်ရေးအတွက် ရုန်းကန်ခဲ့ကြပြီ။ တိုင်းကားပြည်ရွာ ကြီးကျယ်ခန်းနားစွာ တည်ဆောက်နေတတ်ကြပြီ။

အိန္ဒိယပြည် သိန္ဓုမြစ်ဝှမ်းရှိ မိုဟိန်ဂျိုဒေရိုး မြို့ဟောင်းကြီးမှာ ဘီ-စီ- ၂၉၀၀-ခန့်က လူတို့အလုပ်တီထွင်တတ်မှု၊ ယဉ်ကျေးမှုမှတ်တိုင်ကြီးအဖြစ် တွေ့ကြရသည်။

ဘီ - စီ - ၂၁၂၃-လောက်တွင် ဘေဘီလုံနီယာဘုရင်အဖြစ်ဆက်ခံသူ ဟမ္မူရာဘီမင်းသည် တရားဥပဒေအုပ်စိုးရေးယဉ်ကျေးမှုတခုကို စတင်တည်ထွင်သည်။ ၎င်းဘုရင်မင်းကြီးသည် တောင်သူလယ်သမားများ၏ဘခင်လူထုချစ်ဘုရင်အဖြစ်သမိုင်းဝင်ခဲ့၏။

ထိုနောက် ဘီ-စီ-၂၅၀၀လောက်ခေတ်မှာကား "ဝေဒခေတ်" ခေါ် "အသိညာဏ်ခေတ်" ကြီး စတင်ခဲ့သည်။ အသိညာဏ်လိုက်စားမှု၊ အကျင့်သီလကျင့်သုံးမှုစသော အမှန်တရားရှာမှု၊ လူဖြစ်စင်ကျယ်ရေး ကျင့်သုံးဆောက်တည်မှုသည် အရှိန်ပြင်းထန်စွာ တိုးတက်ပြန့်နှံ့လာသည်။ ဗေဒင်၄-ပုံခေတ်၊ ပုရာဏ်ခေတ်များ ခေတ်စားလာပြီ။

လူ့သမိုင်းအရိုင်းဘဝဘက်မှ အယဉ်ဘက်သို့ ခေါင်းဆောင်၍ရုန်းကန်နေသော ဂရိတ်ပြည်နယ်မြေမှ ဘီ- စီ- ၁၀၀၀ မှ ၉၀၀၊ နှင့်- ၈၀၀၊ တွင်မူ "ဟိုမား"အမည်ရှိသော ကဗျာပညာရှင်ကြီး ပေါ်ထွက်ထွန်းကားလာသည်။

လူ့ဥပဒေသအလို့ငှာ ကမ္ဘာ့စာပေယဉ်ကျေးမှု မဏ္ဍိုင်ကြီးများအဖြစ် ဂရိတ်တို့က အမြင့်ဆုံးစိုက်ထူ ရေးသားခဲ့သော အီလီယက်နှင့် အိုဒက်ဆီ အာဇာနည်ပျို့ကြီးများမှာ ထိုဟိုမားကဗျာရှင်ကြီး၏ လက်ရာဖြစ်၏။

ထိုခေတ်ပြိုင်တွင် ဟေဗရူး-ဂျူးလူမျိုးတို့တွင် ပဥ္စမအိဇာကတမန်တော်အဖြင့် တရားပြရန်ပေါ်လာသည်။

အရှေ့ဘက်အိန္ဒိယတွင် "ဝေဒအသိပညာခေတ်မှ တိုးတက်၍ အနုစိတ်ခဲ့ရာ "ဥပနိသျှာဒ်"ခေါ် ဥပနိသာဒခေတ်ကြီးအပြိုင်ထွန်းတောက်နေစဉ်ဖြစ်သည်။

(ဥပနိသာဒ)ဆရာထံပါး နီးကပ်စွာထိုင်တီးတိုးသင်အဆုမ္ဗခံဝါဒဟုဆိုလို၏။

ထိုနောက်တဖန် ဘီ- စီ- ၇၀၀၊ မှ ၆၀၀- ခေတ်တွင်မူကား လူသမိုင်းရာဇဝင်၏ တောင်းဆိုချက် ပြင်းထန်သော အရှိန်ကြီးမှုကြောင့် အမှောင်ခေတ်ဘက်မှ လူတို့၏အားထုတ်မှု တွန်းအားကြောင့် ယဉ်ကျေးမှုတံခါးကြီးသည် ဟင်းလင်းပွင့်လာခဲ့လေသတည်း။

လူတို့ကိုးကွယ်အားထားရာ ဆရာများ မီးရှူးတန်ဆောင်ပမာ အလင်းပေးမည့်သူများ အပြိုင်ပေါ်ထွက်လာကြသည်။

**၎င်းတို့ အမည်စာရင်း၊ ထင်ရှားရှိသမျှ ကြီးစဉ်ငယ်လိုက်ဖော်ပြထားပါသည်။**

၁။ ဇာရထွာဥတ္တရ (ဇိုးရိုးစတား) ဘီ- စီ- ၆၆၀ -၆၂၆။
ပါးရှားပြည်မှ တမန်တော်ကြီး။

၂။ သာလက်ဇ်(ဘီ-စီ-၆၄၀-၅၄၆)
ဂရိတ်ပြည်မှအဘိဓမ္မာဆရာကြီး။

၃။ လာအိုဇီ (ဘီ - စီ - ၆၀၄ - ၅၁၇)
တရုပ်ပြည်မှ နီတိပညာရှင်ကြီး။

၄။ မဟာဝီရဘုရား (ဘီ-စီ-၅၉၉-၅၂၇) ဗုဒ္ဓဘုရားရှင်နှင့် အပြိုင်ပွင့်နိဃဏ္ဍဘုရားကြီး ဂိုန်းဘာ်သာတည်ထောင်သူ။

၅။ ဗုဒ္ဓဘုရားရှင် (ဘီ-စီ-၅၆၀-၄၈၀)

၆။ ကွန်ဖြူးရှပ် (ဘီ-စီ-၅၅၁-၄၇၈)
ထရုပ်ပြည်မှနီတိဩဝါဒပညာရှင်ကြီး။

၇။ ဟေရာကလီတပ်စ် (ဘီ-စီ-၅၄၀-၄၇၅)
ဂရိတ်ပြည်မှ အဘိဓမ္မာဆရာကြီး

ထိုပုဂ္ဂိုလ်ကြီးများသည်ဘီ·စီ–၆–ရာစုခေတ်တွင်လူ့သမိုင်း မျက်နှာပြင်မှ ကောင်းကင်ယံသို့ တိုးထွက်တက်လာသော၊ လူသားလောကအား ကြောင့်ကြပြုသူ ပုဂ္ဂိုလ်ကြီးတို့ဖြစ်သည်။

လူလောကအတွက် အကွပ်အကဲပမာ တရားတည်းဟူသော အမိုးအကာကြီး ဖုံးအုပ်ပေးလိုက်သည်နှင့်လည်းတူ၏။

လူတို့အဘို့ အားကိုးရာဆရာများ ပေါ်ထွက်လာကြလေပြီ၊ ထိုထိုဆရာပညာရှင်၊ ကရုဏာရှင်တို့တွင်–

☆ အဘယ်ပုဂ္ဂိုလ်သည်–
☆ အဘယ်တရားမျိုးကို တီထွင်ဟောဖေါ်ကြလေသနည်း?
☆ အဘယ်တရားများသည် အမှန်တရားများဖြစ်လေသနည်း?
☆ အဘယ်တရားများသည်း အမိုက်ကင်းသော အလင်းတရား
☆ များဖြစ်သနည်း?

ထိုခေတ်လူလောကသည် အလင်းဘက်သို့ အလုအယက် တိုးထွက်နေသည်၊ အယဉ်ဘဝရရှိရေးအတွက် လူတွေတန်းစီ နေကြပုံကိုတွေ့မြင်ကြရပြီ။

ဤအဖြစ်သနစ်ကို သိမြင်ကြရသော်ကား လူ့သမိုင်း ဘီ-စီ ၆–ရာစု ဟိုမှာဘက်ခေတ်သည် အလင်းမရသော အမှောင် ခေတ်၊ အယဉ်အားမရှိသေးသောအရိုင်းခေတ်သာဖြစ်ကြောင်း မြင်ကွင်းသိသာထင်ရှားလှပါသတည်း။

ထိုအလင်းဘက်သို့ လူသမိုင်းတခါးဖွင့်သော ပုဂ္ဂိုလ်တို့တွင် မိမိကိုယ်ကို ဘုရားအဖြစ် ရဲရင့်စွာကျေညာဝန်ခံသူကား တဦး တည်းသော ဗုဒ္ဓသာဖြစ်သည်။

ဗုဒ္ဓဘုရားရှင်သည်–

"ဤလောကဌ ငါ့အတတ်ဆုံး၊ ငါ့အမြတ်ဆုံး၊ ငါမသိ သောတရားမည်သည်မရှိ" ဟု ရဲဝံ့စွာကျေညာသည်။

လူသမိုင်းထိုခေတ် အခြေအနေသည် လူလောကအဘို့ ကိုးကွယ်အားထားစရာ ဆရာအလိုဆုံးအချိန်ဖြစ်၍ ဗုဒ္ဓဘုရား ရှင် ပွင့်ထွန်းလာခဲ့သည်။ ကောင်းကင်ဘုံနတ်သဘင် အစည်း

အဝေးကလည်း "လူလောကတွင် တရားပြသွားရန်အချိန်သင့်ပြီ" ဟု ဆုံးဖြတ်၍ သေတကေတုနတ်သားအား တောင်းပန် ချက် အရ သိဒ္ဓတ္ထမင်းသားအဖြစ်ဆင်းသက်လာခဲ့သည်။ စင်စစ်မှုကား ရာဇဝင်ပေးဘုရားဖြစ်လေသည်၊ သိဒ္ဓတ္ထမင်းသားမှာ ဝိရိယဘုံသား အလုပ်သမားတယောက်ပြီပြီ လူ့လောကကယ်တင်ရေး စွန့်စားမှု ကြိုးပမ်းမှု အနည်းနည်းဖြင့် သူမတူအောင် ဘဝတိုက်ပွဲကြီးဆင်ခဲ့သည်။

ဗုဒ္ဓဘုရားရှင်အဖြစ် ရောက်လေသော်....လူလောက၏အဖြစ်ဆိုးကြီးကို အမြစ်ထိအောင် မြင်လာလေတော့သည်။

ချွတ်လွဲကယ်တင်၍မရနိုင်လောက်အောင် နက်ဝှမ်းလွန်းလှသော အမိုက်တွင်းကြီးကို မြင်လာသည်။

ဗုဒ္ဓဒဿန - ဘုရားရှင်၏ အမြင်ဖြင့်မြင်ကာမှ ဤလူသမိုင်း ရာဇဝင်၏အရိုင်းဘဝကို အမြစ်ကမြင်သောကြောင့်—

ဗုဒ္ဓဘုရားရှင်သည်—

"ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ။

ရာဂဒေါသပရေတေဟိ၊ နာယံဓမ္မော သုသမ္ဗုဓ္ဓော။"

"ရာဂ- ဒေါသတို့ဖြင့် နှိပ်စက်အပ်သော ဤလူ့လောကကြီးအား တရားပြ၍သင့်ပါမည်လော"ဟူ၍ ဗုဒ္ဓဘုရားရှင်၏စိတ်တွင် အကြံဖြစ်သည်ကို ဗြဟ္မာလောကကသိသဖြင့် သဟမ္ပတိဗြဟ္မာကြီးသည် စိုးရိမ်ကြီးစွာဖြင့်—

''**အိုအချင်းတို့**....

ဗုဒ္ဓဘုရားရှင် တရားမဟောဘူးတဲ့၊ လောကကြီးပျက်စီးတော့လတံ့၊ ဤလောကကြီးသည် အမိုက်တိုက်ဖြင့် ပြီးတော့အံ့ ဟု ကြွေး ကြော် လိုက်လေသည်။

ထို့နောက် သဟမ္ပတိဗြဟ္မာကြီးသည် ဗုဒ္ဓဘုရားရှင်ထံပါး ဝပ်တွား၍လျှောက်ထားတောင်းပန်ပါမှ သဟမ္ပတိနာမကေန

မဟာမြဖုဗ္ဗနယာဝိတော, ဓမ္မစကြာတရားကို စတင်၍ ဟော တော်မူသတည်း။

ဗုဒ္ဓဘုရားရှင်ပွင့်ထွန်းလာသည့်ခေတ်တွင်အလင်းတရားများ ထွန်းကားစ ပြုသည်မှန်သော်လည်း—

ဆရာအမျိုးမျိုးနှင့် ဝါဒအများအစား ပေါ်ပေါက်၍ ရော မ အညင်းအပွားကြီးများပြင်းထန်နေချိန်ဖြစ်၍"အစွန်းနှစ်ဘက် လွန်"ချည်းသာ ဖြစ်ကြ၏။

အစွန်းနှစ်ဘက် လက်ဝဲစွန်းနှင့်-လက်ျာစွန်း အစွန်းလွန်မှု သည် အမှန်တရားသို့ မရောက်စေခြင်း အကြောင်းပင်ဖြစ်၏။

ချိန်ခွင်ညှာကျသော "မဇ္ဈိမပဋိပဒါ အလယ်လမ်းစဉ်"မှသာ လျှင် အမှန်ကိုသိနိုင်မည်။

အမှန်တရားကိုရှာရန်အတွက် မဇ္ဈိမပဋိပဒါ ပဌမသော့ချက် ကိုဗုဒ္ဓဘုရားရှင်က စတင်ဟောဖေါ်သည်။

ဒုတိယတွင် "ယေဓမ္မာ ဟေတုပ္ပဘဝါ- တရား ဟူ သ မျှ အ ကြောင်းရင်းက အစပြုသည်"ဆိုသော သဘောနက်ကိုပြတော် မူလိုသဖြင့် သစ္စာလေးပါး မိုက်တွင်းနက် ကြောင်းရင်းမူလနှင့် လွတ်မြောက်နည်းကြောင်းရင်းအချက်များကို ရှေးဦးစွာမာတိ ကာပြုဟောထော်မူသည်။

ထိုလွတ်မြောက်ရေးနှင့် ငြိမ်းချမ်းရေး-ဝိမုတ္တိရသနှင့် သန္တိ သုခသို့ ဆိုက်ရောက်ရန် ဗုဒ္ဓဝါဒလမ်းစဉ်ကား ဂ-သွယ်-သာမျှ ရှိသတည်း။

ဤအကြောင်းမူလ ဗုဒ္ဓဝင်-ရာဇဝင်အရှိကို သက်ရှိလူသား လောက အများသိစေလိုသဖြင့်၊ တောင်တွင်းအကျော် ဆရာ တော်သျှင်ဥက္ကဋ္ဌသည် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော်က လူသားလောကကြီးတွင် ဝါဒစစ်- လွတ်မြောက်ရေး တိုက်ပွဲ များ ပြင်းထန်ချိန်၌ ဗုဒ္ဓဘုရားရှင်၏ မြွက်ဆိုစကား တရားဓမ္မ စက်-ကျေညာချက်ကို "ဗုဒ္ဓစာန်ချွတော်" ကဗျည်းအမည် ထိုး တပ်၍ ရေးသားထုတ်ဝေလိုက်သတည်း။

ကျမ်းပြုသူ အသျှင်ဥက္ကဌ မှာကား အဘယ်သို့သော ပုဂ္ဂိုလ်ဟူ၍ကျွန်ုပ်တို့ကမိတ်ဆက်ပေးရန်မလိုပါ၊ဤသက်ရှိပြည်ထောင်စုခေတ်တွင် သူ့အမည်နှင့်သူ ထင်ရှားသိများ ဖြစ်ပါလိမ့်မည်။ အထူးသဖြင့်သော်ကား ဤဗုဒ္ဓစာချွန်တော်-နောက်ဆက်တွဲပါ သျှင်ဥက္ကဌ၏"တေလေဥက္ကဌ၊ ခရခါးတောင်းကြိုက်ဖမ်းဥက္ကဌ" စသဖြင့် ဋီကာဖွင့်ထားသောအထုပ္ပတ္တိကို ဖတ်ကြည့်ခြင်းဖြင့် "လူမလွန်မမှမွေးသော လူလွန်သား"အဖြစ် အသိသစ်များ သိကြမည် ဖြစ်ကြပါသတည်း။

ဒဂုန်–ဦးလှဘော

၁၉၆၁-ခု၊အောက်တိုဘာလ(၁)ရက်။

၄၀၁၂

# မုဒ္ဒစာချုန့်တော်

''သူပြော-လူပြော တဆင့်စကားကို ကြားကာ မတ္တနှင့် မှန်လှပြီ - ဟုတ်လှပြီ - ဟု မယုံကြည်ပါလေနဲ့''

''အသင်တို့၏ အမိ, အဘ, ဆရာသမား, သက်ကြီးဝါရင့်များက ပြောကြားခဲ့တဲ့စကားဖြစ်လို့ မုချ ကေန် တကယ်မှန်ရမည်ဟု မမှတ်ယူကြကုန်ရာ။''

''အသင်တို့၏ ရှေးစာအုပ်ကြီးတွေ-ပေထုပ်ကြီးတွေ-ပရဗိုက်ကြီးတွေထဲမှာ ပါရှိထယ်ဆိုရုံမျှနှင့် မှန်လှပြီဟု မမှတ်ယူကြကုန်ရာ''

''အသင်တို့၏ကိုးကွယ်ဆီးကဝ်ရာ ဘုရားရဟန္တာတို့၏ မုက္ခပါတ်အစစ်ဖြစ်သည်ဟု ဆိုကာမတ္တဖြင့် မချွတ်ကေန် မှန်လှပြီဟု မယုံကြည်ပါနှင့်''

''သက်ကြီးစကား သက်ငယ်ကြား -'' ဟူသော ပရိဘာသာအရ အစဉ်အလာကို ရှိသေသမှု ဤထခုတည်းဖြင့် မည်သည့်အရာကိုမျှ မှန်လှပြီဟု တထစ်ချ မမှတ်ကြကုန်ရာ''

အချုပ်အားဖြင့်ဆိုရသော် အားလုံးသောအရာများကို အသင်တို့၏ ဝိဘဇ္ဇ (ဝါ) ဝေဖန်ဉာဏ်ဟူသော ချိန်ခွင်၌ တင်စက်၍ကြည့်လော့–

ဝိစာရဏ (ဝါ)နှိုင်းယှဉ်ဆင်ခြင်မှု မှတ်ကျောက်၌ တိုက်၍စမ်းကြလော့။

ဘုရား-ရဟန္တာနှင့် လူသာမန်၊ အဘိဓမ္မာဆရာ နှင့် လူအ, ဘုရားတကာနှင့်လူယုတ်မာ, မနုဂျင်နှင့် ကျော့မွဲ, လယ်ထဲကလူနှင့် နန်းတော်ပေါ်ကလူ, ဟူ၍ ခွဲခြားပြီး မျက်နှာလိုက်မနေပါနှင့်၊

အပြင်းအထန် ဝေဖန်ကြကုန်လော့-

ဆွေးနွေး၍ စစ်ဆေးကြကုန်လော့-

ဝိဘဇ္ဇနှင့် ဝိစာရဏာမှကင်းလျှင် အမှန်နားသို့ မချဉ်းကပ်နိုင်သောကြောင့်တည်း။

x x x x

ဍင်းကား လန်ဒန်မြို့ ဒေါင်းနင်း လမ်းမှဍင်း၊ သို့မဟုတ် နယူးယောက်မြို့တော်ရှိ အိမ်ဖြူတော်မှဍင်း၊ သို့မဟုတ် ဆိုဗီယက်ယူနီယံ၏ မြို့တော် မော်စ ကို ရှိ က ရင် မ လင်းမှ ဍင်း၊ ၁၉၆၁ - ခုနှစ်တွင် အသစ်စက်စက် ထုတ်ဝေ လိုက်သော ဗုးလက်တင် (Bulletin)များဖြစ်လေရော့ သလားဟုယုံမှားသံသယ ဖြစ်သွားရလောက်အောင် ခေတ်ဆန်လှချေ၏။

သို့ရာတွင်- တကယ်ဆိုတော့ မဟုတ်ပါ၊ အမှန်ကတော့ ဟို-အတိတ်ပဝေသဏီကာလလွန်ခဲ့သောနှစ်ပေါင်း-၂၅၀၀ ကျော်အချိန်အခါဆီက ကာလာမရွာသား ကာလာမပုဏ္ဏားတို့ကို အကြောင်းပြု၍ ထုတ်ဝေခဲ့တဲ့၊ ထို့ပြင် ဆီလျော်အောင် မြန်မာဘာသာ သို့ ပြန် ဆို ထား တဲ့ ဗုဒ္ဓ ၏ ဗုး လက် တင် (Bulletin)-ဝါ-စာချွန်တော်သာဖြစ်ချေသည်။

ဤမျှ ထင် ရှား ပေါ် လွင် သော ဗုဒ္ဓ၏ ဗုး လက် တင် (Bulletin)ကို အနက်ထင်၍ အဓိပ္ပါယ် ပေါ်လွင် စေရန် ကျွန်ုပ်တို့ချဲ့ထွင်ပြီး ဋီကာဆင့်လို့ ဖွင့်ဆိုနေရန်မလိုပါ၊ ဖတ်

ရှုသူတိုင်း ခဏာမဆိုင်း ဖြုံးဒိုင်းမကြာ ၎င်း၏အနက်သဘော ကို ကောင်းစွာနားလည်နိုင်ပေလိမ့်မည်။

ထို့ပြင်–၎င်းနှင့် တဆက်ထည်းပင်၊ သဒ္ဒါ – ပုဒ်– ပါဠိ– ရုပ်ဓါတ် ပစ္စည်း သိပ်သည်းမှန်ကန်စွာ အခါမလပ် အထပ် ထပ်ဟောပြောမိန့်မြွက်ခဲ့သော ဗုဒ္ဓ၏တရားတော်ဆိုင်ရာ ထူး ခြားသော ဓမ္မ၏ဂုဏ်အင်္ဂါနှင့်လက္ခဏာတို့ကို အာရုံပြု၍ကြည့် ရှုပါဦးလော့–

က) သန္ဒိဋ္ဌိကော။ ။ပစ္စုပ္ပန်ကာလ ယခုဘဝဟု ဆို အပ်သော ပခက်နှင့် ခေါင်းတို့၏ အကြား၌ လက်ငင်း ဒိဋ္ဌ အောင့်မနေရပဲ(ဝါ)စောင့်မနေရပဲ အကျိုးရတဲ့ လက္ခဏာ။

ခ) အ ကာ လိ ကော။ ။အချိန်မဖင့် ,, အခါမလင့်ရပဲ ခဏာမဆိုင်း ဖြုံးဒိုင်းမကြာ ထုံးအိုးလက်စွပ်၍ ချွတ်လိုက်တဲ့ အခါ ဖြူ၍လာသလို အကျိုးပေးခြင်းလက္ခဏာ။

ဂ) ဧဟိပဿိကော။ ။လာ လှည့်–ကြည့်လှည့် ၊(ဝါ) လောကတဝှမ်းလုံးရှိ လူသားအားလုံးကို အစည်းအရုံးနှင့် ဖြစ်စေ၊(သို့မဟုတ်)တဦးချင်းဖြစ်စေ စစ်ဆေးရန် ဝေဖန်ရန် ဘိတ်မန္တကပြုခြင်းလက္ခဏာ။

ဃ) ဩပနေယျိကော။ ။ညွှန်ပြထားတဲ့ လမ်းစဉ် ကို မသွေမဖီ ဦးလည်မသုံ အစွမ်းကုန် လိုက်နာကျင့်သုံးသူများ အား ရည်မှန်းချက်ပန်းတိုင်အရောက် ပို့ဆောင် တတ်သော လက္ခဏာ။

င) ပစ္စတ္တံဝေဒိတဗ္ဗော။ ။မနော၁ဒွါရ ဝိုက်ထုတ်မဟုတ်ပဲ

မျက်တွေ့ - လက်တွေ့ သဘာဝဖြစ်မြင်း ကိုယ်သိ-ကိုယ်မြင် လက္ခဏာ။

၎င်းသည်တို့ကား ဗုဒ္ဓကိုယ်တိုင် ဟောညွှန်ခဲ့သောအမှန်ဓမ္မ အတွက် အမှန်ပြလက္ခဏာ တို့ဖြစ်ပေသတည်း။

၎င်းလက္ခဏာနှင့် ပြည့်စုံသောအမှန်သည် နိစ္စ ဓုဝ ဖြစ်၏။ (ဝါ) အပျက်အကွဲမရှိပဲ အမြဲတည်၏။ ၎င်းမှတပါး အခြားသော ကပ္ပါ၏ သက်ရှိ သက်မဲ့ ပစ္စည်းဟူသမျှတို့သည် ပြုပြင် ပြောင်းလဲ၍ နေကြကုန်၏၊ ထိုသည့် သက်ရှိ(ဝါ)သက်မဲ့တို့ ကား မူလတည်ရှိပြီးဖြစ်တဲ့ ဓါတ်သဘာဝကြီးတို့၏ ပေါင်း စပ်ထားမှုများသာ ဖြစ်ကြကုန်၏။ သက်ရှိလို့ခေါ်တဲ့ သဝိ ညာဏကတို့၏ လက်ရှိအခြေအနေကား အတိတ်က ၎င်းတို့ပြု လုပ်ခဲ့သော ကံဆိုတဲ့ အကြောင်းတရားကို အမှီပြုချေသည်။

ဘာကြောင့်လဲဆိုလျှင် အကြောင်းနှင့် အကျိုးဆိုတဲ့နိယာ မသည် သက်ရှိ သက်မဲ့အားလုံးနှင့်ဆိုင်တဲ့အပြင်၊၎င်းမှာခြွင်း ချက်လည်း မရှိသောကြောင့်တည်း။

၅။ ၎င်းသို့ထုတ်ဖော်ခဲ့သော ဓမ္မဂုဏ်တို့ကို တခုစီ-တခုစီ ဖြစ်စေ၊ (သို့မဟုတ်)အားလုံးသိမ်းရုံး၍ဖြစ်စေ၊ သုံးသပ်ဝေ ဖန်ခဲ့သော် ဗုဒ္ဓ၏ပစ္စုပ္ပန်ဝါဒကို ထင်လျှားပြတ်သားစွာမြင် နိုင်သည်။ သေပြီးသည်၏ နောင်ကာလ(ဝါ)လုပ်တိုင်းကုန်း ၏ ဟိုမှာဖက်ကို လက်ညှိုးညွှန်သောအယူကား ဗုဒ္ဓပရိနိဗ္ဗာန် ခံယူပြီးနောက် နှစ်ပေါင်း - ၂၀၀ ကျော်မှ ဗုဒ္ဓဝါဒ နယ် ပယ် အတွင်း သို့ အ တင်း သော် ၎င်း၊ သို့မဟုတ် ဖြည်းညှင်း သက်သာစွာအခြားနည်းဖြင့်သော်၎င်း၊ ဝင်ရောက် လာသော ညှော်သည့်ဝါဒဖြစ်ခဲ့လေသည်။

၆။ အမှန်ဓမ္မသည် အနာဒိဖြစ်၍ အစလည်းမထင်၊ ထို့ပြင် အနန္တဖြစ်သောကြောင့် အဆုံးလည်းမမြင်၊ အမှန်ကား အစနှင့်အဆုံး ခွဲခြား၍မရစကောင်းသော တခုတည်းသော သဘောဖြစ်သည်။

ထို့ကြောင့်- ယနေ့ရင်ဆိုင် နေရသော ပစ္စုပ္ပန်သာဖြစ်သည်၊ အတိတ်ကား ကျော်လွန်၍ သွားပြီ ဖြစ်သောကြောင့်၊ ယနေ့လူသားအတွက် မည်သို့သော အကျိုး အပြစ်ကိုမျှ မပြုနိုင်တော့ပြီ။

သို့ဖြစ်ရင်-အနာဂတ်ကော ဘယ်လိုလဲ?

အဲဒီ အနာဂတ်ဆိုဒါကလဲ ရောက် ကိုမှ မရောက် သေးသော(ဝါ)ဖြစ်ကိုမှ မဖြစ်ရသေးသောကြောင့် လူသားနှင့်ဆိုင်ရာမည်သို့သောပြုဖွယ်ကိစ္စတစုံတခုမျှအသုံးချ၍မရသေးချေ။

ထို့ကြောင့်-အတိတ်ကို တွေးပြီးမဆွေးရာ-

အနာဂတ်ကို ကျော်ပြီးမမျှော်ရာ-

လွန်ပြီးနှင့်မဖြစ်သေးတာ၊ နှစ်ခုတို့သည်အတူတူပင် ဖြစ်၍ လူသား၏အကျိုးကို မပြု နိုင်သောကြောင့်တည်း။ သို့ဖြစ်ရာ ချက်ခြင်း-လက်ငင်း-ပက်ပင်း-ရင်ဆိုင်-နေ ရ သော ယနေ့ ပစ္စုပ္ပန်ကိုသာ လူသား၏အကျိုးပြုအနေဖြင့် မလွတ်စတမ်း ဇွတ်ဖမ်း၍ကျင့်သုံးရာသည်ဟူ၍ ဘဒ္ဒေကရတ္တသုတ်၌ ဟောတော်မူခဲ့သည်။ ၎င်းသည်သာလျှင် ဗုဒ္ဓ၏ဓမ္မဂုဏ်များကို အပြည့်အစုံ ထောက်ခံလျက်နေချေသည်၊ သို့ဖြစ်သောကြောင့်-

ဗုဒ္ဓ၏ ဓမ္မအစစ်တရားအမှန်ကို ဝေ ဖန် သုံး သပ် ရာ တွင် အထက်၌ ဖေါ်ထုတ်ခဲ့သောဓမ္မဂုဏ်ကို ရေချိန်မှတ်ကျောက် အဖြစ်ဖြင့် အသုံးပြုရန်ရှိသည်၊ သို့ဝေဖန်ခဲ့သော် သာလျှင်

ဖြစ်ဖြစ်မြီအောင် စစ်၍နေသော ဗုဒ္ဓ၏ဓမ္မအနှစ်တို တထစ်ကျ ေတွ့မြင်ရပေလိမ့်မည်။

၇။ ဗုဒ္ဓမမ္မ၏သက်တန်းကား နှစ်-၂၅၀၀ ကျော်ဆိုတော့ အတော်ရှည်လျားပြီဟုဆိုနိုင်သည် ထို့ပြင် ဗုဒ္ဓဓမ္မ၏ခရီးစဉ်ကိုဂဏန်းချ၍ကြည့်ခဲ့လျှင် ယူဇနာပေါင်း (၀၁) မိုင်ပေါင်း ထောင်သောင်းကျော်လွန်နေပြီဖြစ်သောကြောင့် ၎င်း၏လမ်းစဉ်လည်း မတိုတောင်းလှဟူ၍ ဆိုနိုင်သည်။

ထိုမျှရှည်လျားလှသော ခရီးစဉ်ကို မရပ်မနား တွင်တွင်ကြီးနှင်လာခဲ့သော၊ ထိုမျှကြာညောင်းတဲ့ အချိန် အတွင်း မှာ ဗုဒ္ဓဓမ္မသည် တိုင်းကြီးအသွယ်သွယ်-ပြည်နယ်အစို့စို့ မြို့ကြီးရွာကြီး-မြို့သိမ်-ရွာငယ် မဖယ်မကွင်းဘဲ အလင်းရောင်ကို ပေးခဲ့လေပြီ။

ထိုမျှမကဘဲ ဖြတ်သန်း၍လာရာ တိုင်းပြည်နိုင်ငံများကို ဗုဒ္ဓဝါဒဆိုင်ရာ ယဉ်ကျေးမှုများဖြင့် ကြွယ်ဝစေခဲ့လေပြီ၊ သို့ ကြွယ်ဝစေခဲ့သောကြောင့်၊ ထိုထိုဒေသနှင့် ဒေသန္တရတို့ကလဲ ဗုဒ္ဓဝါဒကို ကျေးဇူးတုံ့ တဖန်ပြန်၍ ပေးဆပ်သောအနေဖြင့်၊ ၎င်းတို့၏ဒေသဆိုင်ရာ ဥပါဒါန်အစွဲအလမ်းနှင့်တကွ ပူဇော်မှု - ကိုးကွယ်မှု-ပသမှုစသည်တို့ကို ရက်ရက်ရောရော မလွတ်မငြင်းသာအောင် ဇွတ်အတင်း ထိုးသွင်း၍ပေးလိုက် လေပြီ-

သို့ဖြစ်ရာ-ဗုဒ္ဓဓမ္မဟူသော သစ်ပင်ကြီးသည်အကိုင်းအခက်အလက်ဝေဆာပြီး ရောမရိပ်မြုံကြီးဖြစ်၍ နေလေပြီ။ ဗုဒ္ဓဓမ္မဆိုင်ရာ ဗုဒ္ဓ၏ဝါဒအစစ်အမှန်ကို လိုက်လံရှာဖွေရန်ပင်အလွန် မတန် ခက်ခဲတဲ့အခြေသို့ ဆိုက်ရောက်လျှက်နေချေပြီ။

၈။ သို့ရာတွင် အဖုးအငုံတွေ အဆင့်ဆင့်ရင့်ပြီး အပွင့်တွေဝေနေတဲ့အတွက် နှစ်မြောစရာကြီးဆိုကာ စေတနာပိုပြီး ချန်မထားပါလေနဲ့၊ သီးကင်းသီးပွင့် ကြီးရင့်ထွားကြိုင်းနေတဲ့အတွက် မက်မောဖွယ်ဆိုပြီးတော့လဲ ကာကွယ်၍မနေပါလေနဲ့၊ ဝိစာရဏာဉာဏ် ဓါးကိုသွေးပြီး မနေးလျှင်စွာငင်းတို့ကို ခုတ်ပိုင်း၍ချလိုက်ရာ၏၊ ပယ်ရှင်း၍ပစ်လိုက်ရာ၏။

ထိုအခါ တိကျမှန်ကန်သော စင်းလုံးချော ဗုဒ္ဓဝါဒကို ရင်ဆိုင်တွေ့မြင်ရပေလိမ့်မည်၊ ၎င်းကား ဥပါဒါန်အစွယ်အပွားနှင့် အစွဲအလမ်းများမှ လုံးဝကင်းစင်၏၊ လူသား၏ အမြောက်နှင့် အကြောက်ကို လုံးဝပျောက်အောင် ပယ်ဖျောက်နိုင်သော အစွမ်းသတ္တိအာနုဘော်နှင့် ပြည့်စုံ၏။

ဗုဒ္ဓဝါဒစစ် ဓမ္မမှန်ကို ရင်ခွင်ပိုက်မိသည်နှင့်တပြိုင်နက် ခေတ်ခုလပ်အချိန်က လူသားအဖို့ အကျိုးတရားတိုးပွားလိမ့်မည်ဟူသော ချုချာတဲ့ ရည်မှန်းခြက်ဖြင့် စွက်ဖက်၍အသုံးပြုခဲ့ကြသော မြောက်လုံးနှင့် ချောက်လုံးတို့သည် အဆံမပါပဲ သကြီးအခါပစ်ဖေါက်တဲ့ အမြောက်တို့သာ ဖြစ်၍ကုန်ကြပေလိမ့်မည်။

အကြောင်းမူကား-ဝိမံသနှင့် ဝိစာရဏာဆိုတဲ့ ဆင်ခြင်တုံတရား (ဝါ) ဝေဖန်ဉာဏ်တည်းဟူသော နေမင်း၏ ရောင်ခြည်သည် အကြိုအကြားမကျန် ဝင်းထရံအတားအဆီးမရှိပဲ ထွန်းတောက်၍လင်းပြောင်လာသောအခါ၊ အမှောင်တွင်ဖွားတဲ့ အမှောင်၏သားသမီးတို့အတွက် ခိုကပ်နေထိုင်စရာကွက်လပ် မရှိတော့ပြီ ဖြစ်သောကြောင့်တည်း။

၉။ ထို့ပြင် - လူသားက ဆောက်လုပ်ပေးထားတဲ့ နတ်

ကွန်း-နတ်စင်တွင် လူသားကိုယ်တိုင်က ထုလုပ်၍တင်ထားတဲ့ ကျွန်းသား (ဝါ) လက်ပန်သား (ဝါ) ယမနေသား ရုပ်တို့ရဲ့ရှေ့မှောက်တွင်၊ လူသားကိုယ်တိုင် ဒူးထောက်၍ တင်မြှောက်နေမှုကား အတော်ပင် ထူးဆန်းတဲ့ လုပ်ငန်းတရပ်ဖြစ်လျှက် နေချေပြီ၊ ထိုလုပ်ငန်းကား အပေးအယူဆိုတဲ့ အင်္ဂါပင် မပြည့်စုံသောကြောင့် လူသားအဖို့ အလှူဒါနပင်မမြောက်ချေ၊ ဒါနတခု ပြောင်မြောက်ရေးအတွက် အင်္ဂါသုံးရပ်ပြည့်စုံရန်လိုချေသည်။ ၎င်းတို့ကား—

၁) ပေးသူ။

၂) ပစ္စည်း။

၃) ခံယူသူတို့ဖြစ်သတည်း။ ,

ဤ၌ လူသားကထုလုပ်၍ နတ်ကွန်းတွင် တင်ထားအပ်သောထိုနတ်ရုပ်မှာ ခံယူနိုင်တဲ့အစွမ်းသတ္တိ ဂုဏ်နှင့်ပင် ပြည့်စုံပါ၏လော။

၁၀။ တနေ့သောနံနက်ခင်း ဖေလီဝေလင်း အချိန်တွင် ရာဇဂြိုဟ်မြို့သား သိင်္ဂါလမည်သော ပုဏ္ဏားတယောက်သည် ရေမိုးချိုးပြီး၍၊ စိုစွတ်သောအဝတ်တန်ဆာတို့ဖြင့် စိုရွှဲ၍ဖါးရယား ကျနေသောဆံပင်တို့ဖြင့် မြို့၏အပြင်သို့ ထွက်ပြီးလျှင် အရှေ့ - အနောက်-တောင် - မြောက်-အထက်-အောက်ဟူသောအရပ်ခြောက်မျက်နှာတို့ကို ရိုသေမြတ်နိုး ရှိခိုးပူဇော်လျှက်နေလေ၏။

ထိုခဏ၌ မုဒ္ဓဘုရားရှင်သည်. သက်နိုးကိုရုံ သပိတ်ကိုပိုက်လျှက် ရာဇဂြိုဟ်မြို့တွင်းသို့ ဆွမ်းခံဝင်ရန်ကြွလာလေ၏။

ဗုဒ္ဓသည် ထိုသူ၏ထူးခြားသော ပြုမူဆောင်ရွက်မှုကို ခေတ္တမျှရှုတော်မူပြီးလျှင် –

“အို–သိင်္ဂါလ၊ ဘယ်လိုအကျိုးကိုမျှော်ကိုး၍ ဤသို့အရပ်ခြောက်မျက်နှာကို လှည့်လည်ကာ ရှိခိုးသမှု ပြုလုပ်နေပါသနည်း”ဟူ၍ မေးမြန်းလေ၏။

“အရှင်မြတ်ဘုရား....တပည့်တော်ဘခင်သေခါနီးအချိန်၌ ချစ်သား–အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးလော့–ဟူ၍ နောက်ဆုံးစကားအနေဖြင့်–မှာထားခဲ့တဲ့အချက်ကို မပျက်မကွက်နား ရွက်ပန်ဆင်ပြီးလျှင် နေ့–ရက်မပျက် ဆက်လက်ဆောင်ရွက်၍ နေပါသည်–အရှင်ဘုရား”ဟု ပြန်ကြားလျှောက်ထားလေ၏။

အကောင်အထည် – ဒြပ်နှင့်တကွသော လူသားသည် အကောင်အထည် ဒြပ်ဘယ်လိုနည်းနှင့်မျှ စပ်ဟပ်လို့မရနိုင်တဲ့ အရပ် ဒိသာ ခြောက်မျက်နှာကို ရှိခိုးပူဇော်ခြင်းဖြင့် မိမိအတွက် ကောင်းကျိုးတကွက်မျှ ဖေါ်ထုတ်ခြင်းငှာ မစွမ်းနိုင်ချေ။ ကောင်းကင်လက်ဗွေသတ် အကျိုးအမြတ်မထွက်တဲ့ အလုပ်ပင်ဖြစ်ချေသည့်တကား။

၁၁၊ “အိုသိင်္ဂါလ–အရိယာတို့လမ်းစဉ်၌ အရပ်ဒိသာ ခြောက်မျက်နှာတို့ကား တမျိုးပင်ဖြစ်ကြကုန်၏။ အို–သိင်္ဂါလ အရိယာနွယ်ဝင် သူတော်စင်တို့သည် အဘယ်သို့လျှင် အရပ်ခြောက်မျက်နှာကို ကြုံဆိုကြကုန်သနည်း။

အကောင်အထည် ဒြပ်နှင့်တကွသော အမိနှင့်အဘတို့ကို အရှေ့မျက်နှာ အရပ်ယူ၍သတ်မှတ်ပြီးလျှင် ရိသေပြဝပ် ဆီးကပ်ပူဇော်ကြကုန်၏။

အမှန်ဆိုလိုရင်းကား မိခင်–ဘခင် ကျေးဇူးရှင်နှစ်–ဦးကို

၁) ကျွေးမွေးခြင်း။

၂) ၎င်းတို့၏ မှ ခင်း ကိ စ္စ တို့ ကို ပြည့်စုံအောင်ဆောင်ရွက်ခြင်း။

၃) မိဘနှစ်ဦးတို့၏-အမွေခံထိုက်ရန် ကျင့်သုံးခြင်း။

၄) မိဘနှစ်ပါး သေဆုံးသွားသည်၏ နောက်၌ပင်၊ ၎င်းတို့ရဲ့ကိုယ်စားကောင်းမှု ကောင်းတာများကို ဆောင်ရွက်ပြုလုပ်ခြင်း။

၅) အမျိုးမတိမ်ကောရန် စောင့်ရှောက်ခြင်း ဟူသောလုပ်ငန်းများသာ အထည်ဒြပ်ကိုဆောင်၍ အကောင်အထည်နှင့် တကွ လက်တွေ့ဖြစ်တဲ့ အရှေ့အရပ်ကို ပူဇော်ခြင်းမည်လေသည်။

တောင်မျက်နှာဖြစ်သော အရပ်ဒိသာကို သရုပ်ဆောင်၍ အကောင်အထည်ဖေါ်ရလျှင် ဆရာသမားပင်ဖြစ်သည်၊ ဤ၌လည်း တောင်အရပ်ဒိသာဟုဆိုအပ်သော တ-န-ပဲ့ပြင်ဆရာရှင်တို့ကို ရို သေ မြတ် နိုး ရှိ ခိုး ပူ ဇော် ခြင်း ကိစ္စသည်လည်း ဆရာသမားတို့၌ ပြုသင့်ပြုထိုက်သော ဝတ်ငါးပါးကို ကြေပွန်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည့်စုံခြင်းသို့ ရောက်မြဲဖြစ်ချေသည်။ ၎င်းတို့ကား—

၁) ပေါ့လျော့ပျင်းရိခြင်းမှကင်း၍ ညီ ညီ ညွတ် ညွတ်ရှိခြင်း။

၂) ဆရာ၏ဩဝါဒစကားအဆုံးအမများကို အသားကျကျ နာယူကျင့်သုံးခြင်း။

၃) ဆရာ၏ထံပါးတွင် အမြဲတမ်းစိတ်ရောကိုယ်ပါခစားလျှက် အမြဲတစေ လုပ်ကျွေးနေခြင်း။

၄) အနီးအဝေး တရပ်-တကျေးမှ ပြန်လာသောဆရာကို ပြုံး၍ ရိုသေစွာ ခရီးဦးကြိုဆိုခြင်း။

၅) ဆရာကသင်ပြ ပို့ချ၍ပေးသော စာပေနှင့် အတတ်ပညာတို့ကို မမေ့မပျောက်ရအောင် ကျက်မှတ် ရွတ်အံခြင်းဖြင့် တောင်အရပ် ဒိသာဆိုတဲ့ဆရာအား ပူဇော်မှုကိစ္စကို ပြည့်စုံစေရာ၏။

အနောက်မျက်နှာ၏ သရုပ်ဆောင်ဖြစ်တဲ့ ဒြပ်ကောင်တို့ကား ဆံတပင်တင်း ချစ်ခြင်းမယား သားနှင့်သမီး ရှုမငြီးတို့ ဖြစ်သတည်း။

၁) မိမိ၏ ကြင်ယာသက်ထား ချစ်မယားအပေါ်တွင် အမြဲထာဝစဉ် မထိမဲ့မြင် ကင်းစင်ခြင်း။

၂) မိမိကိုယ်တိုင်ချွေးနှင့်သွေးနှင့် ရင်းနှီးလုပ်ကိုင်၍ ရရှိလာသော ပစ္စည်းဥစ္စာတို့ကို အကြွင်းမဲ့ ယုံကြည်စွာ အပ်နှင်းခြင်း။

၃) မိဘ-ထိမ်းမြား ချစ်မယားမှ တပါးသောသူတို့နှင့် မှောက်မှားခြင်း-မိစ္ဆာစာရမှ ရှောင်ကြဉ်ခြင်း။

၄) လှ-ပ-သစ်-ဆန်းသော အဝတ်တန်ဆာတို့ကို ဝယ်ယူဆင်မြန်းစေခြင်း။

၅) နူ-ဝဲ-ကြိုး-ကန်းစသော ဒုက္ခိတစခမ်းသို့ ရောက်၍နေစေကာ စွန့်ပစ်မထင် အမြဲတန်းချစ်ခင်နိုင်ခြင်း ဆိုတဲ့ဝတ်ငါးပါးတွေကို ပြည့်စုံအောင်ဆောင်ရွက်လုပ်ကိုင်ခြင်းဖြင့် ပစ္ဆိမဒိသာ အနောက်မျက်နှာရှိခိုး ပူဇော်မှုကို ပြီးစေရာ၏။

ဥတ္တရဒိသာမြောက်မျက်နှာအရပ်ကို မိတ္တာမစ္စ-ဟုဆိုအပ်တဲ့ ချစ်ကျွမ်းဝင်ပေ မိတ်ဆွေခင်ပွန်းတို့ဖြင့် သရုပ်ဆောင်ခဲ့လေသည်။ ထိုသည့်မိတ်သင်္ဂဟများအတွက် မပျက်မကွက် ဆောင်ရွက်ခြင်းသည်ပင် မြောက်မျက်နှာအရပ်ကို အလေးပြုခြင်းဖြစ်သည်။ ၎င်းဝတ္တရားတို့ကား-

၁) ပေးကမ်းချီးမြှင့်ခြင်း။

၂) မိမိနှင့် တန်းတူထားခြင်း။

၃) ၎င်း၏အကျိုးစီးပွားကို အမြဲဆောင်ရွက်ခြင်း။

၄) ပိယဝါစာ ချိုသာချေင်စွာပြောဆိုလေ့ရှိခြင်း။

၅) ဂတိသစ္စာတည်ကြည်မှန်ကန်ခြင်းတို့ဖြစ်သတည်း။

အောက်အဖို့ဟုဆိုအပ်သော ကျွန်ပ်တို့၏ခြေချရာ မြေပြင်ဖက်သို့ ဦးနှိမ်ကြုံး၍ အကျိုးမဲ့ ရှိခိုးနေမဲ့အစား ကျွန်ုပ်တို့၏ ကျေးကျွန် အစေခံစတဲ့ အခြွေအရံတို့၏အပေါ်၌ ပြုသင့်လုပ်ကိုက်သော ဝတ်ငါးပါးကို မလစ်ဟင်းရအောင် ဆောင်ရွက်ခြင်းဖြင့်သာလျှင် အောက်မျက်နှာရှိခိုးမှုကိုပြီးမြောက်စေရာ၏ အရှင်သခင်များလိုက်နာကျင့်သုံးရမဲ့ ထုံးတမ်းစဉ်လာ ဝတ်ငါးဖြာတို့ကား-

၁) ဝတ်စားနေရေး မချို့ငဲ့ရအောင် ကျွေးမွေးပေးကမ်းခြင်း။

၂) လုပ်ခင်းဆောင်တာ ကိစ္စအဖြာဖြာကို နေရာဘကျစီစဉ်၍ပေးခြင်း။

၃) မကျန်းမမာ ရောဂါဝေဒနာရလာလျှင် ဆေးဝါးကုသပေးခြင်း။

၄) စားကောင်း သောက်ဖွယ်တို့ကို ဝေငှပေးခြင်း။

၅) စာချုပ်စည်းကမ်း ဆုံးခမ်းတိုင် ရောက်တဲ့အခါ ရှင်လန်းဝမ်းမြောက်စွာ လွတ်လပ်ရေးကို ပေးလိုက်ခြင်းဖြစ် သတည်း။

အတွယ်-အတာ အ ကွယ် အ ကာ မ ရှိ ပကတိသဘာဝ အတိုင်းတည်ရှိနေကြသော (ဝါ) လှည့်လည်ပြေးလွှား လိုက် တမ်းပြေးတမ်းကစားသလိုနေကြတဲ့ နေ-လ-နက္ခတ်-တာရာ တို့မှတပါး အခြားဘာမျှမရှိ ဟင်းလင်းအတိဖြစ်သော အာ ကာသကောင်းကင်ကို ရှိခိုးပူဇော်နေမည့်အစား၊ အိမ်ရာ တည်ထောင် လူ၏ဘောင်ကို ခွာရှောင်စွန့်ပစ်၍ ယောဂီအ ကျင့်ကို ချစ်ခင်ခြင်းကြောင့် အပြင်းအထန် အားထုတ်ကျိုး ပမ်းနေကြကုန်သော ယောဂီနယ်ဝင် သူတော်စင်တို့ကို ရိုသေ မြတ်နိုး ရှိခိုးပူဇော်ခြင်းဖြင့် ဥ ပ ရိ မ ဒိ သာ-ဆိုတဲ့အထက် အရပ်ရိုသေမှုကို ပြီးစေရာ၏။

ဤဒေသနာအရ ဗုဒ္ဓ၏အရင်းကျတဲ့ အာဘော ဂ တော် ကား - လူသားသည် မိမိ၏မျက်စေ့ဖြင့် မတွေ့မမြင်ရတဲ့ အရာတွေကို အကျိုးမဲ့ရိုသေရှိခိုး မြတ်နိုး ပူဇော်နေမည့် အစား၊ အကျိုးတကယ် များနိုင်ပွားနိုင်တဲ့ မျက်တွေ့ကိုသာ လက်တွေ့ပြုလုပ်ရန် ဖြစ်လေသည်။

ဥပမာ-ကိုယ်တွေ့မျက်မြင်မဟုတ်ပဲ၊စိတ်ကူးတွင်တံခိုးပြာ ဋိဟာတွေအမျိုးမျိုးတပ်ဆင်ပြီး ကပ္ပါဖန်ဆင်းရှင် အာဏာ ရှင် မြဟ္မာကြီး (ဝါ) ထာဝရဘုရားကြီးကို ပူဇော်နေမည့် အစား၊ လမ်းဘေးလက်တွေ့ဖြစ်တဲ့ ဆင်းရဲသားတွေကို ချီး

မြောက်မစခြင်းက ပိုမိုသာလွန်၍ ကောင်း မွန် ထွန်း မြတ် ပေလိမ့်မည်။

အမှန်ဆိုရလျှင်-ဗုဒ္ဓအလိုအားဖြင့် သက် တော် ထင် ရှား ဘုရားရှင်ကိုသော်ပင် အာမိသပူဇာဖြင့် ပူဇော်နည်းမျိုးကို ချီးကျူးဖွယ်ရာမဟုတ်ဖြစ်ချေသည်။ ဤအချက်နှင့်ပတ်သက်ရာ၌ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီးအချိန်၌ ရှင်အာနန္ဒာအား မိန့်ကြားခဲ့သောအမိန့်တော်ကို အထူးသတိပြုသင့်ကြပေသည်၊ အဘယ်သို့မိန့်တော်မူခဲ့လေသနည်း။

''ချစ်သားအာနန္ဒာ - ဤသို့အချိန်မဟုတ် အခါမသင့်၌ ပွင့်ကြသော အကာလအင်ကြင်းပန်း၊ အထက်အာကာသတခွင်နတ်ပြည်ရွာတွင်ဖြစ်သော မန္ဒာရဝနတ်ပန်းနှင့်တကွ စန္ဒကူးနံ့သာမှုန့် နံ့သာရေ-ဒ္ဒီချင်းသံတို့နှင့် ပူဇော်ကာမျှဖြင့် တထာဂတကို အရိုအသေပြုသည်မဖြစ်သေး၊ အလေးအမြတ်ပြုသည်လည်းမဖြစ်သေး မြတ် နိုး ပူ ဇော် သည်လည်းမမည်သေး၊ ရိုသေပြဝပ် ဆီးကပ်သည်လည်းမမည်သေး''

''အို-အာနန္ဒာ စင်စစ်သော်တမူကား-အကြင် ရ ဟန်းယောကျ်ား, ရဟန်းမိန်းမသည်ငှင်း၊ အကြင်-လူယောကျ်ား လူမိန်းမသည်ငှင်း၊လောကုတ္တရာ တရား-၉-ပါးနှင့်ဆီလျော်တဲ့ အကျင့်ဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါးတရားကို ရိုသေလေးစားစွာ ကျင့်ကြံအားထုတ် နောက်မဆုတ်သောလုလ္လဖြင့် တကယ်လုပ်၏၊ ထိုရဟန်းယောကျ်ား ရဟန်းမိန်းမနှင့် လူဒါယကာ-ဒါယိကာမသည် တထာဂတမည်သော ငါဘုရားကို အရို အသေအလေးအမြတ်ပြုသည်မည်၏၊ ဆည်းကပ်ကော်ရော်မြင့်မြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်သည်မည်၏''

"ထို့ကြောင့် အိုချစ်သားအာနန္ဒာ ဤသာသနာ့တော် အတွင်း၌ လောကုတ္တရာတရား ကိုး - ပါးနှင့်ဆီလျော်သော မဂ္ဂင်ရှစ်ပါးတရားတော်ကို ကျင့်ကြံအားထုတ်၍ နေပါကုန် အံ့ဟူ၍ သင်ချစ်သားတို့ အမြဲတစေ သတိချပ်၍နေကြကုန် ရာ၏။"

## မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်

### မြန်မာပြန်ဆိုချက်။

ဤကိစ္စနှင့်ပတ်သက်ရာတွင် အရှင်မဟာဗုဒ္ဓဃောသ ဆရာ တော်၏ စုဒ်စောဒက အာဘော်နှင့်တကွသော အဆုံးအဖြတ် ကို နာယူကြပါဦးစို့ (ပါဠိသွား ကို ချန် လှပ် ၍ မြန်မာပြန် အဓိပ္ပါယ်သက်သက်ကိုသာ ဖေါ်ပြပါအံ့။)

၁၇။ "အို-ညီဘွားအာနန္ဒာ၊ ငါဘုရားသည် ဒီပင်္ကရာ ဘုရားရှင်၏ ခြေတော်ရင်း၌ ရှစ်ပါးသော အဘိနီဟာရတို့ကို ပြုလုပ်စဉ်အခါက၊ ပန်းနံ့သာ-တူရိယာတို့ဖြင့် အပူဇော်ကို ခံခြင်းငှာ ဆုတောင်းမှုကို ပြုလုပ်ခဲ့သည်မဟုတ်ချေ၊ ထိုသို့ သော အကျိုးကိုပင်မျှော်ကိုး၍ ပါရမီဆယ်ပါး အပြားသုံး ဆယ်တို့ကို ဖြည့်ကျင့်ခဲ့သည်မဟုတ်ချေ၊ ထို့ကြောင့် ထိုအာ မိသပူဇာကို ပူဇော်ကာမျှဖြင့် ငါဘုရားအား ပူဇော်သည် မမည်သေး"ဟူ၍ ဆိုလိုကြောင်း။

၁၈။ သို့ရာတွင် စောဒနာချက် တက်ဘို့ရှိရာ-စောဒနာ တက်ရပေဦးမည်။

ဘုရားရှင်သည် တပါးသော သုတ္တန်တို့၌ အောင်မည်းညို ပန်းတပွင့်ကိုကိုင်လျက်၊ ဗုဒ္ဓ၏ဂုဏ်တော်များကို ဆင်ခြင်ပြီး

လျှင် ပူဇော်ခဲ့သော် ဘုရား၏ဥာဏ်ဖြင့်ပင် မပိုင်းခြားနိုင် လောက်အောင် အကျိုးကိုချီးကျူးတော်မူခဲ့ပါလျက်၊ ဤမဟာ ဟာပရိနိဗ္ဗာနသုတ်၌ ဤမျှကြီးကျယ်သော အာမိသပူဇာကို အဘယ်ကြောင့် ပယ်တော်မူခဲ့သနည်း။ ဤကား-စောဒနာ။

၎င်း၏အဖြေကား — ပရိသတ်အား ထောက်ပင့်ချီးမြှင့် တော်မူလိုတဲ့ နှစ်လုံးသွင်းအာဘောဂတော်ကြောင့်၎င်း၊ ထို့ ပြင် သီလ-သမာဓိ - ပညာဆိုတဲ့ သာသနာတော်သုံးရပ်ကို ကာလ ရှည် စွာ တည်ပါစေခြင်းအကျိုးငှါ၎င်း ပယ်တော်မူ ခဲ့သည်။

၁၉။ ပို မို၍ ရှင်း သွား စေရန် ထို အ ဖြေ အ ကျဉ်း ကို အမိပ္ပါယ်ရှင်းလင်းဝေဖန်၍ ပြဦးအံ့။

ဗုဒ္ဓဘုရားရှင်သည် ဤ သို့ တင်း တင်း၊ ငြင်းပယ်ခြင်းကို အကယ်၍ကား မပြုလုပ်ခဲ့ငြားအံ့။ လာလတံ့သော နောက် အနာဂါတ် ကာ လ ၌ သီ လ သာ သ နာ တော် ကြီး ဆိုင် ရာ သီလက္ခန္ဓ သီလဝိသုဒ္ဓိဟုဆိုအပ်သော သီလပါရမီကို မဖြည့် မကျင့်ပဲ ဥပေက္ခာပြု လစ်လျူရှုကြကုန်လတံ့။

သမာဓိသာသနာတော်ကြီးနှင် သက်ဆိုင်ရာ စိတ္တဝိသုဒ္ဓိဟု ဆိုအပ်သောဥပစာရနှင့် အပ္ပနာသမာဓိကို သတိပဋ္ဌာန် ပရိကံ ၌ ဖန် ဖန် အား ထုတ် ကိုယ့် အ လုပ် ဟု ကျိုး ကု တ် အား ခဲ မဆည်းပူးပဲ မကျင့်ကြံပဲ နေကြကုန်လတံ့၊ ထို့ပြင် ပညာသာ သနာတော်ကြီးနှင့် ဆက်စပ်ရာတွင် ဝိပဿနာတည်းဟူသော တိုက်ခန်းသို့ ကမ္မဋ္ဌာန်းဂူမဝင်ပဲ ဖြစ်-ပျက်-နှစ်ခုကို ဥပေက္ခာ ပြုကြကုန်လတံ့၊ ယင်းသို့သာသနာသုံးရပ်ကို ဥပေက္ခာပြုလစ် လျူရှုပြီးလျှင် အစေခံ အလုပ်အကျွေးတို့ကို နှိုးဆော်တိုက်

တွန်းစေခိုင်းခြင်းဖြင့် ဖြစ်မြောက်နိုင်သော အာမိသပူဇာများကိုသာလျှင် ပြုလုပ်ကြကုန်လျက် သာသနာသုံးပါးကို လက်လွှတ်ထား၍ အာမိသပူဇာများနှင့်သာ လ-ကုန်-နှစ်စား နေထိုင်၍သွားကြကုန်လတံ့။

၂၀။ တ ဏှာ အ စ ရှိ သောတရားတို့ဖြင့် သုံးသပ်အပ်သောကြောင့်၊ ဤဒါနအားလုံးသည် အာမိသဒါနမည်၏။

ဤအာမိသဒါနဖြင့် ပူဇော်ခြင်းမည်သည်ကား-သာသနာတော်သုံးရပ် တနေ့တရက်မျှရင်း၊ ယာဂု တ ခါသောက်ကာလမျှရင်း၊ တည်စိမ့်သောငှာ မစွမ်းနိုင်ချေ၊မှန်လှ၏။မဟာဝိဟာရကဲ့သို့သော ကျောင်းကြီးပေါင်း တထောင်ဆောက်၍လှူသော်ငြားလည်း၊ သို့မဟုတ် မဟာစေတီကဲ့သို့သော စေတီကြီးပေါင်း တထောင်ပင်တည်၍လှူသော်ငြားလည်း၊ သာသနာတော်သုံးရပ်ကို တာရှည်စွာတည်စိမ့်သောငှါ မစွမ်းနိုင်ချေ။

စင်စစ်မှာ မိမိပြုလုပ်သော ကံ၏အကျိုးကို မိမိသာခံစားခွင့်ရရှိလေရာ သာသနာတည်မှု၊ (ဝါ) မတည်မှုနှင့် မည်သို့မျှမသက်ဆိုင်ချေ။

ဓမ္မပူဇာဖြင့်သာ သာသနာတော်သုံးရပ်ကို အစွန့်ရှည်စွာတည်စေနိုင်ပါသည်၊ ဓမ္မာန ဓမ္မပဋိပန္န လောကုတ္တရာတရားကိုးပါးအားလျော်သော လော ကု တ္တ ရာ တ ရား ကိုးပါး၏ ရှေ့အဖို့၌ မဂ္ဂင်ရှစ်ပါးကို ကျင့်ကြံမှုကား ဓမ္မပူဇာမည်၏။

ဤဓမ္မပူဇာဖြင့် ပူဇော်ခြင်းသည်သာလျှင် ငါဘုရား၏ သာသနာတော်သုံးရပ်ကို အစွန့်ရှည်စွာ တည်စေခြင်းငှါ ပြုစွမ်းနိုင်ချေ၏။ ဤသို့စသည်ဖြင့် အဋ္ဌကထာ ဆရာကြီးကိုယ်တိုင်က ဖွင့်ဆို၍သွားခဲ့လေသည်။

# မဂ္ဂင်ရှစ်ပါး

## သမ္မာဒိဋ္ဌိ-အမြင်မှန်

မဂ္ဂက္ခာယာဟံ မြဟ္မာဏံ တထာဂတော။ ။အိုပုဏ္ဏားကြီး တထာဂတဘွဲ့ခံ - ငါဘုရားကား လမ်းညွှန်လမ်းပြသာဖြစ်၏-ဟူ၍လာသော ဗုဒ္ဓ၏စာချွန်တော်အရ၊ ဗုဒ္ဓကား မိမိသွားရမည့်လမ်းကို ကိုယ်တိုင်ထွင်းဖေါက် ကိုယ်တိုင်လျှောက်၍ ကိုယ်တိုင်ပြောင်မြောက်ခဲ့သော ဘုရားဖြစ်သည်။

သဒ္ဓါစေတနာနှင့် လုလ္လဝီရိယ မချို့တဲ့သော လူသားတိုင်း ထိုလမ်းကို လျှောက်သွားနိုင်သည်၊ ထိုလမ်း၏အဆုံးသို့ရောက်တဲ့အခါမှာ ဝိမုတ္တိ-ဆိုတဲ့ လွတ်လပ်မှုကို အပြည့်အဝရရှိပြီးလျှင် ယခုအခါ ဤကပ္ပါမှာ တစာစာအော်နေကြတဲ့ သန္တိသုခ ဟူ၍ဆို အပ်သော ငြိမ်းချမ်းမှု-ဧမြမှုကို ရရှိပေလိမ့်မည်။

ကိလေသာညွှတ်တို့ဖြင့် အပြည့်အကြပ်ကွက်မလပ်အောင်ထောင်၍ထားအပ်တဲ့ ဝဋ္ဋဘဝမှ လွတ်မြောက်ခြင်းကား.... အမြင့်ဆုံး (ဝါ) အမွန်မြတ်ဆုံး ဝိမုတ္တိရသဖြစ်သည်၊ ယင်းသည့် ဝိမုတ္တိရသကို (ဝါ) လွတ်လပ်မှုရဲ့အရသာကို ခံစားနိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသော ချမ်းသာကား ဤကပ္ပါလောကရှိ သုခချမ်းသာ မဂ်လာတို့နှင့် ယှဉ်စရာမရ တုမမျှတဲ့ အတုလ မည်ရှိ သန္တိသုခပင်ဖြစ်သတည်း။

ထိုသို့သော လွတ်လပ်ခြင်းဆိုတဲ့ ဝိမုတ္တိရသကို ရရှိရန်အားတိုက်ခွန်ပါ လုပ်စရာလမ်းစဉ်ကို ဗုဒ္ဓကိုယ်ပိုင်ထွင်၍ကိုယ်တိုင်မြင်ခဲ့ပြီဖြစ်ရာ တကဲ့လွတ်လပ်မှုအစစ် ဝိမုတ္တိရသ

အနှစ်ကိုချစ်မြတ်နိုးသူ လူသားတိုင်းဘေးမသီရန်မခပဲမြေ့စွာ လျှောက်သွား၍ ဝိမုတ္တိခိုင်ပန်းကို လက်လှမ်းဆွတ်ခူးနိုင်ပါပြီ။

လိုတာမရ ပူဗျာသောက ဒေါမနဿနှင့် ကြောင့်ကြည့်ဆိုးမှုန် စိုးရိမ်ခြင်းဟူသမျှ မြူမျှမကျန် ဇ´ကန် - ဇ´က ငြိမ်းချမ်းရတဲ့ သန္တိသုခကိုပါ ရင်ခွင်ပိုက်နိုင်ပါပြီ။

ထို့ကြောင့် ဗုဒ္ဓအချင်ကိုယ်တိုင်ထွင်းဖေါက် ကိုယ်တိုင် လျှောက်ခဲ့သဖြင့် ကိုယ်တိုင်ပြောင်မြောက်၍ ဘဝခရီး၏ အဆုံးသို့ ကိုယ်တိုင်ရောက်ခဲ့တဲ့လမ်းစဉ်ကို သဒ္ဓါစေတနာနှင့် လုလ္လရှိ၍ လျှောက်သွားလိုသူ မိုလိလူများစွာ သတ္တဝါတို့အတွက် အောက်တွင် ဖေါ်ပြထားပါသည်။

ထိုလမ်းကား ဖြူးနေ့ အောင် ဖြောင့် လှ ၏၊ အကွေ့အကောက် အတက်အဆင်းမှကင်းလှ၏၊ ခလုပ်, ကန်သင်း, တွင်း, ကျင်း, သစ်ငုတ်, ဆူးပုတ်, ခြုံတော-အကုန်ချောနေသဖြင့် ရှောကနဲ ရောက်နိုင် ပေါက်မိုင်တဲ့လမ်းပင်ဖြစ်သည်။

ဝိမုတ္တိရသနှင့် သန္တိသုခကို မုချလိုလား အို-လူသား၊ ထိုလမ်းကား သင့်အတွက်စင်စစ်ဧကန်ဖြစ်၏၊ ရှုံ့ပြောင်းညှိ´ဖွက် မှလျှင်မြန်စွာ ထိုလမ်းပေါ်သို့ ခုံတက်၍ ဘေးမသီရန်မခဘဲ ဧမြဲစွာလျှောက်သွားပါလော့။

အပြောကျယ်၍ ဒုဒယ်ကြီးမား သစ်ကြီးဝါးကြီးများ ပေါက်ရောက်၍ နေပြောက် နေရောင်ခြည်မျှ မထိုးမဖေါက် မဝင်ဆောက်နိုင်လောက်အောင် ထူပိန်း၍နေသော တောကြီး မျက်ခဲရဲ့အလယ်မှာ မျက်စေ့ လည် နေ သော လူသားတယောက် အဖေါ်မမှီး တယောက်သီးထီး လည်၍နေပေရာ၏

၎င်းကား ပြေးနိုင်-လွှားနိုင်-ခုံနိုင်-ပေါက်နိုင်-ဆင်းနိုင် တက်နိုင် - ထိုးနိုင်-ကြိတ်နိုင် -ခုနိုင်-ခံနိုင်-သတ်နိုင်-ဖြတ်နိုင် စားနိုင် -သောက်နိုင်-ကြံနိုင်-စည်နိုင်သောကိုယ်အား-ဉာဏ် အား စွမ်းပကားနှင့်ပြည့်စုံသူဖြစ်၏၊ သို့သော်-သူ၏ချို့ယွင်း ချက်မှာ မျက်စေ့လည်၍နေခြင်းဖြစ်သည်။

မျက်စေ့လယ်ဆိုသည်ကား အရှေ့ကိုအနောက် (ဝါ) အနောက်ကိုအရှေ့၊ တောင်ကိုမြောက် (ဝါ) မြောက်ကို တောင်ဟူ၍ အရပ်ဒိသာ အမှတ်လွဲမှားမှုပင်တည်း။ ထိုတော အုပ်ကြီးမှ ထွက်သွားဖို့ရန်အလို့ငှါ အရှေ့တလမ်း၊ တောင် တလမ်း၊ အနောက်တလမ်း၊ မြောက်တလမ်းဟူ၍ လမ်းကြီး လေးသွယ်ရှိ၏။

အရှေ့သို့သွားတဲ့လမ်းကား အဆီးအတား အန္တောက်အ ယှက်ကင်း၍ သန့်ရှင်းသောမင်းလမ်းမဖြစ်၏။ တောင်ဖက်သို့ သွားသောလမ်းမှာ ကျား-ခြသေ့်-ဒံပုလွေစသော လူကို ကိုက် ဖြတ်စားသောက်တတ်တဲ့ တောတိရစ္ဆာန်ရိုင်းတို့ဖြင့် ပြွမ်း လျက်ရှိသည်။ အနောက်ဖက်သို့သွားတဲ့လမ်း၌မူကား လူသား ကို ဖမ်းယူနှိပ်စက် ဖျက်ဆီးသတ်ဖြတ်တတ်သော တောဒိ လူဆိုးတွေအများကြီး ခိုအောင်းလျက်ရှိသည်။ မြောက်စူးစူး သို့သွားသောလမ်းမကြီးကား ငါး ဝဋ္ဋအာရုံ အကုန်စုံသော ကာမဂုဏ်တို့ဖြင့် သိမ်သွင်းဖျားယောင်းကာ သူတို့အလိုသို့ ပါအောင်ပြုလုပ်ပြီးမှ အရှင်လပ်လပ် မြိုဝါးကာ စားပစ်တတ် တဲ့ ဘီလူးမတို့၏ မြူးကြပျော်ကြရာဖြစ်၏။

နေဝင်-နေထွက်နှင့်နေမင်း၊အရောင်ကိုမျှလဲ မမြင်မတွေ့ရ သောကြောင့် ထိုယောကျ်ား၏ မျက်စေ့လယ်ရောဂါပျောက်

မှို အလွန်ခက်ခဲလျက်ရှိချေသည်။ သူ၏မျက်စေ့လယ်ပျောက်၍ အမြင်တဲ့လာလျှင် ချက်ခြင်းလွတ်မြောက်မည်ကား မမြဲလက်ခတ်မလွဲပင်။ ဤကား ပုထုဇဉ်လူသား၏ အခြေအနေအမှန်ကိုထင်လျားစေရန် ဖေါ်ပြလိုက်သော ဥပမာပုံတခုဖြစ်သည်။

ထိုလူသား၏ မျက်စေ့လယ်ပျောက်စေရန် အဓိကလုပ်ငန်းကား နေထွက်ရာအရပ်ကို တည့်တည့်လှည့်၍ ထားမှုဖြစ်၏။ အရှေ့အရပ်မှ နေထွက်သည်ဆိုတဲ့အချက်ကို ထိုသည့်လူသား သိပြီးပင်ဖြစ်သည်မဟုတ်တုံလော။ ယင်းသို့နေထွက်ရာအရပ်သို့ မျက်နှာမူကာ ရပ်ပြီးလျှင် ဆက်ခါဆက်ခါ ရက်အတန်ကြာအောင် တွေးတောစဉ်းစားမှုကို ပြုနေခဲ့လျှင် အရှေ့အရပ်ဆိုတဲ့သဘောတရား ဘွားကနဲ ပေါ်ပေါက်၍လာချိမ့်မည်။ ယင်းသို့ပေါ်ပေါက်လာသည်နှင့်တပြိုင်နက် သူ၏ကျောဖက်ကား-အနောက်၊ လက်ျာဖက်ကား-တောင်၊ လက်ဝဲဖက်ကား မြောက်ဖြစ်သည်ဟူသောအသိအမှန်တွေဆက်ကာဆက်ကာ ပေါ်ပေါက်၍ လာလေတော့သကဲ့သို့တည်း။ ထိုနည်းတူစွာပင်သမ္မာဒိဋ္ဌိမဂ္ဂင်ကိုပုံပမာကပ်ယှဉ်၍ဆင်ခြင်သုံးသတ်ရာ၏။

သမ္မာဒိဋ္ဌိကား မှန်သောအမြင်(ဝါ)အမြင်မှန်ကိုဆိုသည်၊ လိုရင်းမှာ မျက်စေ့လယ်ပျောက်မှုပင်ဖြစ်သည်။

သမ္မဒိဋ္ဌိ အခြေသို့မဆိုက်ရောက်သေးသမျှ ဤလောကရှိလူသားတိုင်း မျက်စေ့လယ်နေသူပင်ဖြစ်သည်။ မျက်စိလယ်မပျောက်သမျှ ချောက်ကျမြကျ၍နေချိမ့်မည်။ မျက်စေ့လယ်နေသူ၏ ပြောမှု-ဆိုမှု-သွားမှု-လာမှု-တွေးတောမှုစသည်တို့ကော မှန်နိုင်ပါမည်လော ?

ထို့ကြောင့် မျက်စေ့လယ်ပျောက်မှုသည် အရေးအကြီးဆုံးပဓာနလုပ်ငန်းဖြစ်သည်။ ထို့ကြောင့်ပင် ဗုဒ္ဓအရှင်သည် သူ၏လမ်းစဉ်၌ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ရှေးဦးဆုံးတင်ခဲ့သည်။မျက်စေ့လယ်ပျောက်လိုသူသည် ဤကမ္ဘာ့လောကတွင် အထင်အရှားဆုံးဖြစ်၍၊ ဘယ်အခါကာလမျှ မမှားနိုင်တဲ့ နေထွက်ရာအရပ်ကို ဦးတည်ရသကဲ့သို့ ထို့အတူပင် ကမ္ဘာ၏ မျက်တွေ့လက်တွေ့ ပေးထားချက်ဖြစ်၍ ဒုက္ခဆိုတဲ့ ပရိယေသနတရားကို ဦးတည်လိုက်ရာ၏။

အဲဒီ-ဒုက္ခဆိုတဲ့ဆင်းရဲကို သိရုံသာ သိလိုက်သည်နှင့်တပြိုင်နက် မျက်စေ့လယ်ပျောက်၍သွားပြီးလျှင် တဏှာဥပါဒါန်ဆိုတဲ့အစွဲကား အကြောင်းသမုဒယဖြစ်၏။ ၎င်းကိုပယ်ဖျက်ခုတ်ထွင်၍ သုတ်သင်ရှင်းလင်းလိုက်လျှင် အကျိုးဖြစ်တဲ့ ဒုက္ခတရားတွေ လွင့်ပါး၍သွားလိမ့်မည်။

ထို့နောက်-တဏှာဆိုတဲ့ အဆာမေါ်တ်၏ ကင်းပြတ်ချုပ်ငြိမ်းမှုဆိုတဲ့ နိရောဓကို အာရုံပြု၍ရှေးရှုနိုင်ရန် မဂ္ဂင်ဆိုတဲ့ အကြောင်းသစ္စာကို ပွားများအားထုတ်ရမည်ဟူ၍ ပိုင်းခြားဝေဖန်ကာ အမှန်ကိုသိမြင်လေတော့၏။

ဆိုလိုရင်းကား-လူသား၏ မျက်စိ, နား, နှာ, လျှာ ကိုယ်, ဟဒယ (၀၁) ဦးနှောက်တို့ဖြင့် သိရသောဖြစ်ရပ်မှန်သမျှတို့မှာ ပြည့်စုံလုံလောက်သော အကြောင်းရှိရမည်ဟု သိမြင်၍လာလေတော့၏ဟု ဆိုလိုပါသည်။

မှန်လှချေ၏။ ဤကမ္ဘာ့လောကတဝှမ်းလုံး၌ နေ့စဉ်မလပ်ညစဉ်မပြတ် နာရီတိုင်း-မိနစ်စက္ကန့်တိုင်းဒလစပ်ဖြစ်-ပျက်နေ

သောသနိဂါရဝမ္မဟူသမျှတို့အတွက် ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ၊ ခိုင်လုံသော အကြောင်းတခုသော်ငင်း၊ (ဝါ) တခုမကသော်ငင်း ရှိရမြဲဓမ္မတာဖင်။

အကြောင်းကင်းသော အကျိုးတရားဆိုတဲ့စကားလုံးကိုပင် ယနေ့ကပ္ပါသူကပ္ပါသားတို့က လက်ခံရန် ငြင်းဆန့်လျက်နေကြလေပြီ။ သို့ရာတွင် လူသား၏ယုံကြည်မှုဖြစ်တဲ့ ဘာသာရေးနယ်အတွင်းသို့ ရောက်သောအခါ အဲဒီကပ္ပါသူကပ္ပါသားလူအများစုကပင် အကြောင်းတမျိုး အကျိုးတခြားကိုးယိုးကားယား ဝါဒများကို စွဲစွဲမြဲမြဲ အသဲခိုက်အောင်ယုံကြည်၍ နေကြပြန်သည်၊ ထိုသို့သောဖြစ်ရပ်ကား အလွန်ထူးဆန်းတဲ့ကိစ္စဖြစ်လျက်နေချေပြီ၊ အ ကြောင်း မှန် ကြောင့် ဖြစ်၊ သော အကျိုးမှန်ကိုယုံကြည်မှုကား သမ္မာဒိဋ္ဌိမဂ္ဂင်ထိုက်၏။ အကြောင်းမဲ့ဖြစ်ပေါ်လာတဲ့ အကျိုးတရားကို ကိုးစားယုံကြည်မှုကား သမ္မာဒိဋ္ဌိမဂ္ဂင်ကို ချေမှုန်းတတ်သောကြောင့် ဗုဒ္ဓဘာသာဝင်တို့ အထူးသတိပြုဘွယ်။

လူသား၏ကိုယ်ကာယတွင် စက္ခု-မျက်စိ၊ သောတ-နား၊ ဃာန-နှာခေါင်း၊ ဇိဝှါ-လျှာ၊ ကာယ-ကိုယ်ဟူ၍ ယန္တရားစက်ငါးခုတပ်ဆင်၍ထားသည်။ ၎င်းစက်များသည် ဗဟိဒ္ဓကပ္ပါလောကနှင့် အဇ္ဈတ္တိကကပ္ပါလောကနှစ်ခုကို ဆက်သွယ်ရာ၌ ပဓါနလက်သယ်များဖြစ်ကြကုန်၏။

ဗဟိဒ္ဓကပ္ပါလောကဆိုသည်မှာ ရူပ-အဆင်း၊ သဒ္ဒ-အသံ၊ ဂန္ဓ-အနံ့၊ ရသ-အရသာ၊ ဖေါဋ္ဌဗ္ဗ-အတွေ့၊ ဆိုတဲ့အာရုံငါးပါးပင်ဖြစ်သည်။ (မနနှင့်ဓမ္မ၏ အကျယ်ဝေဖန်ချက်ကို ဗုဒ္ဓအဘိဓမ္မာ၌ဖေါ်ပြပြီးဖြစ်သည်။)

မျက်စိသည် ရူပါရုံကိုမြင်၏။ ၎င်းနှစ်မျိုးတို့တွင် မျက်စိဟူ၍ ကျွန်ုပ်တို့ခေါ်ဝေါ်သမုတ်၍ ထားအပ်သောအရာကား ကျွန်ုပ်တို့၏ မျက်နှာတွင် နှာတန်ရိုးတဖက်တချက်ရှိ ခွက်ထဲမှာတည်ရှိတဲ့အသားလုံး ရုပ်တုံးရုပ်ခဲဖြစ်သည်။ ၎င်းကိုကိုင်တွယ်စမ်းသပ်လို့ရ၏။ ထိုးဖေါက်ဖျက်ဆီးလို့ရ၏။ ၎င်းမျက်လုံးတို့ကို ကြည်လင်အောင် (ဝါ) မှုံဝေ၍သွားအောင်လုပ်လို့ရ၏။

ဆိုလိုရင်းကား၎င်းမျက်လုံးတို့သည် သင်္ချိုင်းကုန်းမှာ သာရှိကြကုန်၏ဟုဆိုလိုသည်။

ရူပါရုံသည်လည်း ထိုနည်းအတူပင် စမ်းသတ်ကိုင်တွယ်၍ရသော (ဝါ) မှန်းမန်ပြုပြင်လို့ရစကောင်းသော ရုပ်တုံးရုပ်ခဲ၏ ဝဏ္ဏဓါတ်ပင်ဖြစ်သည်။ မျက်စိမလည်သော လူသား၏ကြည်လင်သော မျက်စေ့နှလုံးသည် ရူပါရုံကို တိကျစွာမြင်ရေးအတွက် ဗဟိဒ္ဓမှအကူအညီလိုပါသေးသလော? မလိုပါ။

သို့ရာတွင် ကိုင်တွယ်၍ ပြစရာအကောင်အထည် ဒြပ်မပါတဲ့အရာတွေကို ဒီမျက်စေ့နှင့်ပဲ မြင်နေပါတယ်လို့ ဆိုနေသူတွေအနန္တ၊ အဲဒီလူတွေဟာ ထိုသို့အကောင်အထည်ဒြပ်မပါတဲ့ အရာတွေကို (ဝါ) ရူပါရုံတွေကြည့်လို-မြင်လို စကားစမည်ပြောလို ဆိုလိုတဲ့အတွက် နတ်ယဇ်ပွဲတွေ မနဲအောင် တင်မြှောက်ပြီး (ဝါ) ပူဇော်ပသပြီး ပင့်ခေါ်နေကြသည် မဟုတ်လော ?

အတော်ကြာတော့ ဟီး-ဟီး-ဟီး-ဟီးနှင့် တုံတုံရီရီဖြစ်လာပြီးလျှင် ဘာမင်းကြီးကြွလာပြီဟုဆို၏၊ သို့ရာတွင်မျက်စိဖြင့်မြင်ရတဲ့ရူပါရုံကား မပေါ်လာချေ။

ဒါပေမယ်လို့ ကာယကံရှင်ကျတော့ အဲဒီကြွလာတယ် ဆိုတဲ့ဘာမင်းကြီးနှင့် အချီအချအတိုင်အဖေါက် ကောက်ကရ စကားတွေ တယောက်ထည်း ပြောဆို၍ နေလေတော့၏။

အော်—အကောင်း ဆပ်ဆပ်လပ်လပ်က အချူးဇာဘ်ဝင် လိုက်သလိုရှိနေချေပြီတကား။

ထို့ပြင် စားကောင်း-သောက်ဖွယ် အသွယ်သွယ်တို့ကို အမယ်မယ်ပြုပြင်စီမံ၍ အထက်ဆရာကြီး, အောက်ဆရာကြီး အသီးသီးတို့ကိုဘိတ်မန္တကပြုလုပ်ပြီး ကျွေးမွေးကြသူတွေလဲ အတော်ပေါများလျှက်ရှိချေသည်။

သို့ရာတွင် ထိုသို့ဘိတ်ကြားတိုင်း ကြွလာတဲ့ရုပ်ပါရုံကိုကား မည်သူမျှမမြင်ရချေ။ စားပွဲ-သောက်ပွဲ ပြင်ထားတဲ့အခမ်း တွင်းမှ ဇွန်းသံ-ပုဂံသံ ကြားလိုက်သလိုလို ဆွမ်းဦးဖေါင်း ကလေးပင် နေရာပျက်သွားသလိုလို ထင်မှတ် - ယုံကြည်၍ နေကြကုန်၏။

သတိရလျှက်ရှိပါသေးသည် ကျွန်ုပ်တို့ငယ်စဉ်က (၀၁) လွန်ခဲ့သော - နှစ်ပေါင်း (၅၀) ကျော်လောက်က ဖြစ်ရပ် ကလေးတွေအနက်မှ ကျတ်ကျွေးတဲ့ကိစ္စကိုအနည်းငယ် ဖေါ် ပြလိုပါတယ်။

ကျွန်ုပ်တို့နေထိုင်ရာ ကျေးရွာကလေး၏ တောင်ဖက် တခေါ်လောက်အကွာမှာ ရိုးတန်းကလေးတခုရှိသည်၊ ထိုရိုး တန်းကလေး၏ တဖက်တချက်၌ ဝါးရုံပင်များ ဇီတန်း ပေါက်ရောက်လျှက်ရှိသည်။ ဟင်းငုတ်ပင် ကုက္ကိုပင်-ညောင် ပင်-တမာပင်စတဲ့ သစ်ကြီးတို့ကား ကြိုးကြားကြိုးကြား၊ ၎င်းရိုးကလေး၏ မြောက်ဖက်တွင်လယ်ကွင်း၊ တောင်ဖက်

တွင်ကြွက်တီးကုန်း ထိုရွာရှိကလေးတို့၏ နွားကြောင်းရာ နွားစာကျက်ဖြစ်သည်။

အဲဒီရိုးဘေး ကြွက်တီးကုန်းမှာ ကျတ်ရှိသည်ဟု ပြောစမှတ်ပြုကြသည်၊ ယုံလဲယုံကြည်ကြသည်။

တခါတရံ ညနေခင်း နွားသွင်းလာတဲ့အချိန်မှာ နွားတကောင်တလေ ခြေနာ၍ ထောက်ကြိုးထောက်ကြိုးဖြစ်လာလျှင် နွားရှင်သည် စိတ်မသက်မသာဖြစ်ခါ ဆရာဦးချက်ကြီးကို သွား၍မေးမြန်းလေ့ရှိ၏။

ဆရာကြီးသည် နွားကိုစမ်းသတ်ပြီးလျှင် "ဟာ-နွားကို ကျတ်ဖန်းလိုက်ပြီဟေ့ နံနက်စောစောတောင်ဖက်ကုန်းသွားပြီး ကျတ်ကျွေးလိုက်ကြ"ဟု အမိန့်ပေးလိုက်လေသည်။

နွားရှင်ကား အိမ်သို့ရောက်လျှင် ကြက်တကောင်ကိုသတ်၍ ကျတ်ကျွေးရန်-ကြက်သားဟင်းချက်ရတော့သည်။

တိုသတင်းကား မကြာမီပင် ကျနုပ်တို့ကလေးများရဲ့နား သို့ပေါက်ကြားလာတော့သည်၊ သို့ရာတွင် - ထိုခေတ်က ကျတ်ကျွေးဒါကို လိုက်၍စားရဲတဲ့ကလေးများရဲ့ အရေအတွက်ကို ဂဏန်းကြီးကြီးနှင့် မရေးနိုင်သေးချေ။ အပင်တပန်းလိုက်လံခါ စည်းရုံးသော်လဲ နှစ်ယောက်သုံးယောက်ထက်ပို၍မရခဲ့ချေ။

အမှန်ဆိုရလျှင် ထိုခေတ်က ကလေးတို့လဲ ကျတ်ဖန်းစားမှာကို မိရိုးဖလာ-အစဉ်အလာအတိုင်း အလွန်ကြောက်လန့်ကြရသည်။ နံက်မိုးလင်းပြီးနောက် နေ-ထန်းတဖျားလောက်အချိန်မှာဖြစ်စေ၊ သို့မဟုတ် ဆွမ်းခံဝင်ချိန်မှာဖြစ်စေ လူကြီးနှစ်ယောက် သို့မဟုတ် သုံးယောက်တို့သည် ကြက်သား

ဟင်းချိုနှင့် ထမင်းထုပ်တဲ့ ဆံဆေးတောင်းကို ကိုင်ခဲ့ကာ ကျောက်ကျွေးရန်ထွက်သွားလေပြီ။

လူကြီးတယောက်၏ လက်ထဲတွင် သံတူးရွင်းကလေးတချောင်းနှင့် ကြေးဖလားတခုကိုမြင်သည်၊ သံတူးရွင်းကား ထမင်းနှင့်ကြက်သားဟင်းထုပ်ဖို့အတွက် ကျင်းကလေး ငါးကျင်းတူးရန်၊ ကြေးဖလားကမူ ထမင်းဇရာဟင်းပါထုပ်၍ ပြီးတဲ့အခါ ကြေးဖလားကို အပြင်းအထန်ခေါက်၍ ခေါ်ယူရသောဟူ၏၊

ကျောက်ကျွေးသမားတို့သည် သူတို့ရဲ့ ထုံးစံအတိုင်း ပရိကံကို ပြုလုပ်ကြကုန်၏၊ တွင်းငယ်ငါးတွင်းတူး၍ ၎င်းတွင်းတို့၌ အင်ဖက်အစိုကိုခင်းရသည်၊ ထို့နောက် ဆံဆေးတောင်းတွင်ပါသမျှထမင်းအကုန် ဝေပုံညီမျှစွာ ကျင်းငါးကျင်းတွင် ခွေ၍ထုပ်ရသည်၊ နောက်ဆုံးမှ ကြက်တကောင်ချက်ကို ခြေထောက်ရိုးမျှမချန်ရပဲ အကုန်ဝေ၍ထုပ်ရသည်။ ပြီးလျှင်-ထွက်ထွက်နှင့် ရွတ်ခါမန်းခါ ကြေးဖလားခေါက်ခါ ကျောက်ကိုခေါ်ရသည်၊ ယင်တကောင်သော်၎င်း၊ နှစ်ကောင်သော်၎င်း လာ၍ ထမင်းနှင့်ကြက်သားဟင်းမှာနားလျှင် ကျောက်ကျွေးသူများထ၍ သွားရသည်၊ နောက်သို့လှည့်မကြည့်ရ ကြည့်မိလျှင်ကျောက်မကြေသဖြင့် ထပ်၍ကျွေးရတဲ့အစဉ်အလာရှိသည်။

ကျနုပ်တို့ကလေးသုံးယောက်ကား အနီးအနားရှိ တောတဲ့ချုံကွယ်မှာပုန်း၍နေကြသည်၊ ကျောက်ကျွေးသူလူကြီးတွေ ထသွားလျှင်သွားချင်း ထိုသည့် ကျောက် စားပွဲ တည် ခင်း ရာ သို့ ကျွန်ုပ်တို့ချက်ခြင်းပင် ချင်းကပ်ကြသည်၊ ကျကျနန တည်ခင်းထားသော ထမင်းနှင့်ကြက်သားကို ကျောက်ဖမ်းမှာရော ဆီး

မှာရော ဘာကိုမှမရွေးပဲ ပျော်ပျော်ပါးပါး ဗိုင်းဖွဲ့ကာ လွေး ကြလေတော့သည်။

ယခုအခါထိုအစဉ်အလာမရှိတော့ဘူးဟူ၍ပြောကြသည်။ ဘယ်မှာရှိတော့မလဲ ဟိုတုံးက သူတပါးကျတ်ကျွေးတာကို ဟေးလားဝါးလားနှင့် တ ပျော် တ ပါး ကြီး လိုက် ပြီး စား သောက်နေခဲ့ကြတဲ့ကောင်ကလေးတွေဟာ ယခုတော့ ရွာ့မိ ရွာ့ဘ လူကြီးတွေဖြစ်နေကြမှကိုး။

ထိုမှတပါးလဲ ရွာချခြင်း–ခေါစာပစ်ခြင်း–စတဲ့လုပ်ငန်း တွေ ဒေသအားလျော်စွာ ရှိကြကုန်သေး၏။ ထိုသို့ကျွေးကြ ရာ၌လည်းခွေး–ဝက်–ကြက်ငှက်-တို့သာလာ၍စားကြကုန်၏၊ သူတို့ကျွေးတဲ့ရွာသူတို့ ဘာတို့ကား တ ခါတ ခေါက် မှ လာ ရောက်၍ စားသည်ကိုမတွေ့ဖူးချေ။

စ–သ–ဃ–ဇ–က – ဟူသော မျက်စေ့ – နား – နှာ – လျှာ ကိုယ်တို့သည် လူသား၏ကိုယ်ခန္ဓာဆိုတဲ့ခုံရုံး၌ အမြဲတမ်း ရုံး ထိုင်တဲ့တရားသူကြီးတွေနှင့် တူကြကုန်၏၊ သူတို့အားလုံးစည်း ရုံးမကွဲ တသံထဲချမှတ်လိုက်သောဆုံးဖြတ်ချက်ကား စေဒက ဝင်စရာမရှိအောင်မှန်၏၊ လှုပ်ရှားလို့မယိုင်နိုင်အောင်ခိုင်မာ တောင့်တင်း၏။

ပဋ္ဌဒွါရဖြင့်သိရသောအရာသည်သာလျှင်လက်တွေ့ဖြစ်၏၊ အဆင်း–အသံ–အနံ့–အရသာနှင့် အတွေ့ဆိုတဲ့အာရုံငါးပါး တို့လဲ ရုပ်တရားတွေသာဖြစ်ခြင်းကြောင့် လက်တွေ့တို့သာ ဖြစ်ကြကုန်ရာ – သက်ဆိုင်ရာ ပဋ္ဌဒွါရစာရင်းဝင်အတွင်း အဇ္ဈတ္တိကရုပ်တို့၏ စားကျက်တို့သာဖြစ်ကြကုန်၏။

အထက်၌ဖေါ်ထုတ်ခဲ့သောဘုတ်–ကျတ်–တစ္ဆေ-စသည်တို့

ကဒ်းပဋ္ဌဒ္ဒါရဝိမုတ်တို့သာဖြစ်ကုန်၏၊ (ဝါ) မျက်စေ့နှင့်မမြင်ရ၊ နားနှင့်မကြားရ၊နှာခေါင်းနှင့်နမ်းလို့မရ၊ ကိုယ်နှင့်တွေ့ထိမရတဲ့ အရာတွေသာ ဖြစ်ကြကုန်၏။

ထို့ကြောင့် ပဋ္ဌဒ္ဒါရ ဝိမုတ်တွေကို ယုံကြည်မှုများသည် သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပျက်ပြား၍သွားစေတတ်ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ အများကြီးသတိပြုကြကုန်ရာသည်။

တဖန်မျက်စေ့လုံးဝမရှိသူ၏ ရှေ့သို့သွား၍ အကြည့်ခိုင်းတဲ့ကိစ္စဘခုကို သတိရပါသေးသည်၊ ၎င်းကား အခြားမဟုတ်။ ရှင်လောင်းနတ်ပြပွဲပင်ဖြစ်သည်၊ ဤ၌-ပြဆိုတဲ့မြန်မာဝေါဟာ ရသည် မျက်စေ့ရှိသူနှင့် ယှဉ်စပ်သော အသုံးဖြစ်သည်။

ဥပမာ-ရုပ်သေးပွဲပြသည်၊ ရုပ်ရှင်ပြသည်၊ ဤပြသည်ဟူသောစကားကို မျက်စေ့မရှိသူတို့အတွက် သုံးလေ့သုံးထမရှိခဲ့ချေ။

ကျွန်ုပ်ခတ်ငယ်ငယ် ကိုးနှစ်သားအရွယ်၌ မိဘနှစ်ပါးတို့က ကျွန်ုပ်ကိုရှင်ပြုရန် စီစဉ်ခဲ့ကြသည်၊ ကျွန်ုပ်သည် ထိုစဉ်ကကျွန်ုပ်တို့ရဲ့ ရွာတောင်ဖက်တမိုင်ကွာရှိ ရတနာပဍ္ဍ တောရကျောင်း၌ ကျောင်းသားဘဝနှင့် စာပေသင်ကြားလျက်နေခဲ့သည်၊ရှင်ပြုပွဲမတိုင်မှီ ၂-ရက်လောက်အလိုတွင် မိဘနှစ်ပါးကျောင်းသို့လာရောက်၍အလှူပွဲအစီအစဉ်ကိုကျွန်ုပ်တို့၏ဆရာတော်ကြီးအား လျှောက်ထားကြလေရာ ဆရာတော်ကြီးက—

“ဒို့ကျောင်းသားကို ရှင်လောင်းမလှည့်ရ - နတ်မပြရကျန်တာတော့ မင်းတို့လုပ်ချင်ဒါလုပ်ကြ”ဟုအမိန့်ပေးလိုက်လေပြီ။ ထို့ကြောင့်ကျွန်ုပ်သည် ရှင်လောင်းပြင်ဆင်မှုလဲမခံ

ခဲ့ရ-ရှင်လောင်းပြင်ပြီး မြင်းစီး၍လဲမလှဲ့ခဲ့ရ-နတ်လဲမပြခဲ့ရပဲ အလှူမတိုင်မှီတနေ့မှာ ခေါင်းတုံးရိပ်လို့း၍ သင်္ကန်းဆီးခြင်းဖြင့် ရှင်ပြုကိစ္စပြီးဆုံးခဲ့ရလေသည်။

သနပ်ခါးပန်းမာလ်လိမ်းကျံအချောတိုက်ပြီးလျှင် ခေါင်းပေါင်းဖြူဖေါ့လုံးနှင့် ထိုင်မသိမ်းအင်္ကျီနှင့် အချိပ်တောင်ရှည်ပုဆိုးနှင့် သူကြီးဦးပုန်းမောင်ရဲ့ မြင်းဖြူမကြီးစီးပြီး ရှင်လောင်းမလှဲ့လိုက်ရဒါနှင့် နတ်မပြလိုက်ဒါကြောင့် အသက်အရွယ်နုနယ်လှသေးတဲ့ ကျနုပ်၏စိတ်တွင် ထိုစဉ်ကအတော်ဟာတာတာကြီးဖြစ်ခဲ့ရသည်၊ ကြီးပြင်းရွယ်ရောက် အသိဥာဏ်ပေါက်သောအချိန်ရောက်မှ ကျနုပ်တို့ဆရာတော်ကြီးရဲ့အမြင်မှန်ပုံကို အပြည့်အစုံ သဘောပေါက်လေတော့သည်။

ဤသို့ပြုလုပ်ကြသော ကျတ်ကျွေးခြင်း၊ နတ်ပြခြင်း၊ နတ်ကွန်းတက်ခြင်း၊ ဗလိနတ်စာကျွေးခြင်း၊ ရွာချခြင်း၊ ခေါစာပစ်ခြင်း၊ ပုံးမကျည်တင်ခြင်းစသည့်လုပ်ငန်းတို့ကား အဝိဇ္ဇာမာနပညတ်စွဲ (ဝ၁) မရှိတာကို စွဲလမ်းတဲ့ဥပဒါန်၌ အခြေစိုက်ကြကုန်၏။

အဝိဇ္ဇာမာနပညတ်ဆိုသည်ကား စ-သ-ဃ-ဇ-က-ဟူသော လူသား၏ ပသဒ္ဒိရုပ်ကြည် ငါးခုတို့၏ကြွက်စားရာဖြစ်သော ရူပါရုံ-သဒ္ဒါရုံ-ဂန္ဓာရုံ-ရသာရုံ-ဖေါဋ္ဌဗ္ဗါရုံဟုဆိုအပ်တဲ့ အာရုံငါးတို့တွင် တပါး၌မျှ အကြုံးမဝင်တဲ့ (ဝ၁) စာရင်းမဝင်တဲ့ ယုံချိ-လိပ်မွေး-ပုဇွန်သွေးဟူသော အမည်နာမပညတ်မျိုးဖြစ်သည်။

စ — စက္ခု — — မျက်စေ့။
သ — သောတ— — နား။
ဃ — ဃာန — — နှာခေါင်း။
ဇ — ဇိဝှါ — — လျှာ။
က — ကာယ— — ကိုယ်။

} ပဉ္စဒွါရိကြည့်တို့၏ အတိုကောက်နှင့် အရှည်ဖွင့်

ထို့သည့်-အဝိဇ္ဇမာနပညတ်ဆိုတဲ့မရှိစွဲကို ပယ်ဖြုတ်နိုင်ရင် ပုထုဇဉ်နယ်ကို-မုချကျော်လွှန်နိုင်လေသည်၊ ဝိသာခါ-အနာထပိဏ်စတဲ့ ယရာဝါသ အိမ်ရာတည်ထောင် လူ၏ဘောင်အတွင်းမှာ နေထိုင်ခဲ့ကြကုန်သော လက်ထက်တော်အခါကအရိယာဂိုဏ်းဝင် သောတာပန်သူတော်စဉ်တို့သည် သားသမီး-ရွှေငွေ-လယ်ယာ-စတဲ့ ဝိဇ္ဇာမာနပညတ်စွဲ မကွာခဲ့စေကာ အဝိဇ္ဇမာနပညတ်စွဲကိုမူ အမျိုးပြုတ် ထုခွဲချေမှုန်း၍ လက်စတုံး ပယ်စွန့်ပြီးဖြစ်ခဲ့ကြလေပြီ။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များ အဓိက-သတိထားဖို့လိုတာကတော့ ယနေ့ကျိုးလဲမရ နက်ဖန်ကျိုးလဲ မမျှော် ကိုးနိုင်တဲ့ မရှိပညတ်စွဲကို ဖြုတ်ပယ်နိုင်မှသာလျှင် သမ္မာဒိဋ္ဌိမဂ္ဂင်တပ်ဆင်နိုင်မည်ဆိုတဲ့ အချက်ပင်ဖြစ်ပါသည်။

တောကြီးမြိုင်လယ်၌ မျက်စိလယ်လမ်းမှားပြီး ချောက်ကမ္ဘားကျနေသော အားကောင်းမောင်းသန် ယောကျ်ားကောင်းကြီးတယောက်အတွက် ထိုသည့်တောနက်မှ လွတ်ထွက်ဖို့အဓိကလိုအပ်ချက်မှာ မျက်စိလယ် ပျောက်မှုပင်ဖြစ်သည်ဟူ၍ အထက်၌ ကျွန်ုပ်တို့ဖေါ်ထုပ်ခဲ့ပြီ။

မှန်လှ၏၊သမ္မာဒိဋ္ဌိမဂ္ဂင် မှ တပါး အခြားသော (ဝါ) သမ္မာဆိုတဲ့ ရှေ့တွဲပုဒ်ကလေးဖြုတ်၍ထားသော သက်ပ

ဝါစာ-ကမ္မန္တ-အာဇီဝ- ဝါယာမ - သတိ - သမာဓိ - ဆိုတဲ့ လမ်းစဉ်တရား(၇)ပါးကို ကပ္ပါလူသားသည် နေ့မအား-ည မပြတ် ဒလစပ်အားထုတ်၍ ပြုလုပ်၍နေခဲ့လေပြီ။

ဥပမာ-သက်ပွ-ဆိုတဲ့ တွေးတောစဉ်းစားမှု တည်ထွင်ဖန် တီးမှုကို ကြည့်ရှုရာ၏။ သက်ပွ (ဝါ) ကြံစီ တွေး တော မှု ကြောင့် လူသားသည် ဒေါက်လှည်းမှ ဒုံးပျံဂြိုလ်တုခေတ် တိုင်ရောက်အောင် ပြောင်းမြောက်ခဲ့လေပြီ။

ယနေ့-မျက်တွေ့ကပ္ပါလောကဌ် အဖက်ဖက်မှ တိုးတက် နေသော အောင်မြင်မှုဟူသမျှသည် သက်ပွဌ် အခြေစိုက်လျက် ရှိကြကုန်၏။

လူသား၏အကျိုးပြုလုပ်ငန်း အကျိုးဖျက်လုပ်ငန်း နှစ်ရပ် လုံး၌ပင် ဂမန်းဂတန်း တိုးတက်လျက်နေချေသည်။

သို့ရာတွင်-ယနေ့လူသားပညာရှင် လုလ္လရှင်များ လက် ကိုင်ထား၍အသုံးပြုနေတဲ့ သက်ပွ (ဝါ) ကြံစီမှု ဆိုတဲ့ပုဒ်တွင် သမ္မာဆိုတဲ့စာလုံးကလေးကို အဘယ်ကြောင့် မတပ်ဆင်နိုင် ပါသနည်း ?

သမ္မာဒိဋ္ဌိမဂ္ဂင်ချို့တဲ့နေခြင်းကြောင့်ဖြစ်ပါသည်၊ မှန်၏။ အကြင်လူသားတယောက်သည် အကြင်အခါ၌ သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန်မဂ္ဂင်ကိုတပ်ဆင်နိုင်၏။ ထိုအခါ-ထိုလူသား၏ တွေး တောမှု-ပြောဟောမှု-လုပ်ဆောင်မှု-သက်ထိန်းမှု-ကြိုးကုတ် မှု-မှတ်သားမှုတို့နှင့်တကွ တည်ငြိမ်မှုအားလုံးတို့တွင် မှန် သောဆိုတဲ့အနက်ကို ဟောတဲ့သမ္မာပုဒ်ကလေးကို တပ်ဆင်နိုင် ပါလိမ့်မည်။

မျက်စေ့လယ်နေသူ-လူတယောက်၏ တွေးတောပြောဆိုမှု

စသည်တို့ကား ကိုးယိုးကားယား အမှားမှားအယွင်းယွင်း ဖြစ်၍နေစေကာ မျက်စေ့လယ်ပြောက်သည်နှင့် မရေးမနှောင်း ပင် အဆင်ပြေ အံကိုက်၍အမှန်သို့ ဆိုက်ရောက်နိုင်သကဲ့သို့ တည်း၊ ယင်းသို့ဖြစ်ရာ မှန်သောအမြင် (ဝါ) သမ္မာဒိဋ္ဌိသည် အရေးကြီးဆုံး မဂ္ဂင်တပါးဖြစ်ကြောင်း ထင်ရှားသည်။

ထို့ကြောင့်လည်း ဗုဒ္ဓသည် မိမိ၏ မဇ္ဈိမပဋိပဒါဟု ခေါ်ဆိုအပ်တဲ့ အလယ်လမ်းကျင့်စဉ်တွင် ၎င်းကို လက်ဦးအစ ပထမဖြစ်သော နံပါတ်(၁)ဖြစ်သော အခြေခံပန္နက်အဖြစ် ဖြင့် ရိုက်ခဲ့သည်မဟုတ်တုံလော။

# သမ္မာသင်္ကပ္ပ

## သမ္မာ—မှန်သော၊ သင်္ကပ္ပ—အကြံအစည်

ဗုဒ္ဓ၏အမြင်အားဖြင့် ဤကပ္ပါလောကကြီးတခုလုံးသည် မီး ဟုံးဟုံးတောက်လောင်၍နေသော အိမ်ကြီး နှင့် အတူတူ ပင်၊ ထိုအိမ်ကြီးအတွင်းမှာနေတဲ့ လူသားအတွက်ရက်ရက်စက်စက် အရေးကြီးတဲ့ လုပ်ငန်းကား ထိုအိမ်ကြီးအတွင်းမှ လွတ် မြောက်ရန် အကြံအစည်ပြုလုပ်ဖို့ပင်ဖြစ်သည်၊ ၎င်းကိုစာခေါ် အားဖြင့် နေက္ခမ္မသင်္ကပ္ပ-ဟုခေါ်သည်။

ထို့ပြင် မီးဟုံးဟုံးတောက်လောင်နေသော ဤကပ္ပါ- လောကကြီးအတွင်းမှာ ကျရောက်နေသူအချင်းချင်း မျက် တင်း-မုန်းသိုး-ရန်ညိုးမပွါး-ဒေါသဗျာပါဒမထားပဲ ချစ်ခင် ကြရန် ကြံစည်မှုကို အဗျာပါဒသင်္ကပ္ပခေါ်သည်၊ နောက် ဆုံးတွင် ယင်းသို့ မီးလောင်နေတဲ့အိမ်ကြီးအတွင်းမှာ အရှိန် ပြင်းလှသောအပူဒဏ်ကို အလူးအလိမ့်ခံနေရသူ အချင်းချင်း

ညှင်းပန်းရန်မူ ကလူနှိပ်စက်ခြင်းမှ ရှောင်ကြဉ်ရန် ကြံစည်မှုကို အဝိဟိံသာ သက်ပ္ပဟုခေါ်သည်။ ဤသုံးပါး သော သက်ပ္ပဆိုတဲ့ စာရင်းဝင် ဖြစ်နိုင်ကြကုန်သည်။

လောကလူသားကား-နေ့မအားညမလပ် မပြတ်ပင် ကြံစည်၍နေသည်၊ ဝိတက်ဆိုတဲ့သဘောတရားကား-လူသား၏ အဖေါ်ဖြစ်သည်၊ ဝိတက်နှင့်ကင်းကွာလျှင် လူသား၏စိတ်တွင် လင်းဟာဟာကြီးဖြစ်နေတတ်သည်၊ လောကအတွင်း၌ မပျင်းမရိ နေထိုင်လျက်ပင် ရှိသေးသော လောကီ လူသားသည် ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက် ဟူသော ဝိတက်သုံးမျိုးနှင့် ပျော်မြူးလျက်နေချေသည်၊ ယင်းသို့ အပျော်ကြူး၍ အမြူးလွန်နေသောကြောင့် မီးလောင်နေသော အိမ်ကြီးအတွင်းမှာ နေရာပြောင်းရွေ့ကာ အလောင်အမြိုက်ခံလျက်နေရှာသည်၊အဘယ်ကြောင့်နည်း ထိုလူသား၏ အတွင်း၌ရှိသော ကိလေသာအပူတို့သည် ကြိုက်ကြိုက်ဆူပူ၍နေရာ အပြင်အပဗဟိဒ္ဓ မီးပူပင် မဟတ်နိုင်သောကြောင့် ဖြစ်သည်။

ဤကမ္ဘာလောကအတွင်း၌ မှီတင်း နေထိုင်သူ လူသားအားလုံးတို့သည် ဝိတက်(၀ါ)အကြံအစည်တမျိုးစီ ရှိကြသူတို့သာဖြစ်ကြကုန်ရာ လောကနယ်အတွင်း၌ အများလူတို့ သွားရည်ယိုကြတဲ့ တိုးတက်ရေး, ကြီးပွားရေး, ချမ်းသာရှင်လမ်းရေးတို့အတွက် နေ့-ရော-ညပါ ဝိတက်အမျိုးမျိုးတို့ကို ကြံစည်၍နေကြကုန်၏၊ ၎င်းတို့ကား-

၁) ကာမဝိတက် (၀ါ) အဆင်း, အသံ, အနံ့, အရသာ, အတွေ့ဆိုတဲ့ ကာမအာရုံငါးမျိုးကို ရရှိရန်ကြံစည်မှု။

၂) ဗျာပါဒဝိတက် (ဝါ) အလိုဆိုးတို့ဖြင့် လွှမ်းမိုး၍ သူတပါးတို့၏ အကျိုးပျက်စီးမှုကို ရှေ့ရှုကြံစည်မှု(၃) ဝိဟိံသာ ဝိတက် (ဝါ)သတ္တဝါအပေါင်းတို့အား ညှင်းပန်းသတ်ဖြတ် ရန် ကြံစည်မှုဟုဆိုအပ်တဲ့ ကြံစည်မှု - ဝိတက်သုံးမျိုးကား ကပ္ပါလူသား၏ ဦးနှောက်မှ တဖွားဖွားတသက်သက် အမြဲ တန်းထွက်၍နေတဲ့ သဘာဝများဖြစ်ကြကုန်၏။ ၎င်းတို့ကား ဝိတက်အကြမ်းစားကြီးတွေဖြစ်ကြကုန်ရာ လောကုတ်-လောကီ နှစ်လီနှစ်ဝ နှစ်ဌာနတို့၌ ရောမ ကြီးပွါးတိုးတက်မှုကို လို လားသော လူသားသည် ထိုဝိတက်သုံးမျိုးတို့ကို ပယ်တဲ့ နည်းနှင့်ဖြစ်စေ၊ သို့မဟုတ် ဖလယ်တဲ့နည်းနှင့်ဖြစ်စေ လက် စတိုးချောက်ဖျက်၍ပစ်ရန် ကျိုးစားဖို့လိုသည်။

ပယ်တဲ့နည်းကား – ကြံစည်စဉ်းစားမှုကို လုံးဝမပြုလုပ် တော့ဘူးဟူ၍ဆိုကာ မိမိ၏စိတ်ကို လုံးလုံးပိတ်ဆို့၍ထား ရန်ဖြစ်သည်၊ ခေတ်သုံးစကားနှင့်ဆိုရင် ဦးနှောက်ကို လုံးဝ အနားပေးလိုက်ရန်ဖြစ်သည်၊ ဖလယ်တဲ့နည်းကား ကာမဝိ တက် ကြံစည်တွေးတောမှုဆိုင်ရာ၌ ကျင့်သားရပြီး လက် သေနေသော လူသားအား ကြိုးကြားကြိုးကြား တရံတခါ ထိုသည့်ငါးကာမတို့မှ လွတ်မြောက်ရေး (ဝါ) လွတ်ထွက် ရေးကို တွေးတောစေမှုပင်တည်း၊ ရှင်းရှင်းဆိုရသော် ဝိတက် ချင်းဖလယ်မှု (ဝါ)လဲမှုပင်ဖြစ်သည်။ ကာမဝိတက်ရေယဉ် ကြောမှာ တမြောထဲမြောနေရတဲ့ လူသားဟာ တရံတခါ၌ ဟောဟဲ ခိုက်အောင် အမောခိုက်တတ်သည်၊ ထို သို့ ရှိ စဉ် နေက္ခမ္မဝိတက်ကလေးများ ကြိုးကြားကြိုးကြား ဝင်လာခဲ့ ရင် အတော်ပင် သက်သာမှုကိုရနိုင်လေသည်၊ ထို့အတူ ဗျာ

ပါဒကိုအများပါဒ ဝိတက်ဖြင့်ရင်း၊ ဝိဟိံသာဝိတက်ကို အဝိဟိံသာဝိတက်ဖြင့်ရင်း လဲလှယ်ရာ၏။ဣန္ဒိယနိုင်ငံတော်ခေါင်းဆောင်ကြီးတဦးဖြစ်ခဲ့သော ဂန္ဒီသည် အဟိံသတရား (ဝါ) အဝိဟိံသာဝိတက်ကို တိကျစွာပွားများ၍ အကောင်အထည်ပေါ်အောင်ပြုလုပ်အားထုတ်မှုကြောင့်ဣန္ဒိယ၏လွတ်လပ်ရေးကြီးပြောင်မြောက်ခဲ့သည်ဟု အများမှတ်ယူကြကုန်၏၊ ထို့ကြောင့် အကြမ်းစားဝိတက်သုံးမျိုးလုံးကို လဲလှယ်၍ ကျင့်သုံးနိုင်ခဲ့လျှင် မည်မျှအကျိုး ကြီးထွားမည်ကို တွေးတော၍ကြည့်ရှုရာသည်။

ဤသို့အားဖြင့် ဝိတက်ကျမ်းကြီး သုံးကျိုးကို သမ္မာဝိတက်သုံးပါးတို့နှင့် အချိုးအစားကိုက်ညီစွာ ဖလှယ်လိုက်လျှင် သမ္မာသင်္ကပ္ပမဂ္ဂင်စာရင်းဝင်နိုင်လေတော့သည်၊ဝိတက်ကြမ်းကြီးတွေကို ဖယ်ဖျောက်နိုင်သလောက် လူသား၏ ချမ်းသာသုခလဲ တိုးတက်၍လာချိမ့်မည်၊ ထိုဝိတက် ကြမ်းကြီးတွေကြောင့် လူသားသည် ယခုပစ္စုပ္ပန်ဤဘဝ၌ ဒုက္ခတွေအမျိုးမျိုးကို တိုးခဲ့ရသည်မဟုတ်လော၊ ထို့ကြောင့် ဘဝ၏သာယာမှုနှင့် ရွှင်လမ်းချမ်းသာမှု အစစ်အမှန်လိုလားသူ အမျိုးကောင်းသားသမီးတို့သည် ဝိတက်ကြမ်းကြီးတွေကို ဖယ်ခွါ၍ သမ္မာဝိတက်ဆိုတဲ့ ဗုဒ္ဓ၏လမ်းစဉ်သို့ ခြေသွက်သွက်ဖြင့် လှမ်းတက်လျှောက်သွားရန် အချိန်တန်ပြီမဟုတ်တုံလော။

# သမ္မာဝါစာ

## သမ္မာ—မှန်သော၊ ဝါစာ—နှုတ်မှု

ဤနေရာတွင်“နှုတ်”ဟူသောပုဒ်ဖြင့် အထက်နှင့်အောက် နှုတ်ခမ်းများ၊ အထက်နှင့်အောက်သွားများ၊ လျှာ နှင့် ရှ ခင် (လျှာခင်)ဟူ၍ အင်္ဂါလေးခုနှင့် ပြည့်စုံတဲ့ ခံတွင်း (ဝါ) ပါးစပ်ကိုဆိုလိုသည်၊ ထိုခံတွင်းဟူသော ကိုယ်အင်္ဂါဖြင့် ဆောင်ရွက်ပြုလုပ်ရသောကိစ္စကို နှုတ်မှု (ဝါ)“စကား”ဟု ခေါ်ဆိုရသည်၊ ဆိုအပ်ခဲ့ပြီးသော အင်္ဂါလေးတန် စုံလင် ပြည့်ဝမှသာလျှင်-နှုတ်မှုလဲ ပြီသ—ပြောင် မြောက် နိုင် သည်၊ နှုတ်မှုကား သင်ကြား၍ တတ်မြောက်လာသော ပညာတရပ် ဖြစ်သည်၊ နှုတ်မှုပညာ,လက်မှုပညာစသော စ ကား တို့ကို ဥပမာပြုရာ၏။

သမ္မာဝါစာ-မဂ္ဂင် ပြည့်စုံရေးအတွက်—

၁) မုသာဝါဒဆိုတဲ့ မမှန် သော စ ကားကို ဆိုခြင်းမှ ရှောင်ကြဉ်ရမည်၊ အရိယောဝါတုဏှိဘာဝေါ - ဆိုတဲ့ ဗုဒ္ဓ ဘုရားရှင်ရဲ့ အာဘောဂတော်အတိုင်းဆိတ်ဆိတ်မှမနေနိုင်သ ဖြင့်၊ ပြောရဆိုရဦးမှပဲဆိုလျှင် မှန်သော,ဟုတ်သော,ယုံကြည် ထိုက်သော, ငြင်းချက်ငြင်းကွက်မပေါ်သော, ဓမ္မသဘာဝ အားဖြင့် ကြောင်းကျိုးယုတ္တိခိုင်လုံသော, သူကျိုး ကိုယ်ကျိုး ပွားတိုးစေနိုင်သော,လောကီကျိုး-လောကုတ္တရာ ကျိုး တို့ ကို ဖွံ့ဖြိုး စေနိုင်သော စကားကိုသာ ပြောဆိုရမည်။

၂) ပိသုဏာဝါစာ (ဝါ) ချောပစ် ကုန်း တိုက် သော (ဝါ) အချစ်ကို ပျက်စေတတ်သော စကားကို ပြောဆိုခြင်း

မှ ရှောင်ကြဉ်၍ ညီညွတ်ရေးကိုဖြစ်စေတတ်တဲ့ စေ့စပ်ရေး စကားကို ပြောဆိုရမည်။

၃) ဖရုသဝါစာ (ဝါ) ရုံ့ရင်းကြမ်းတမ်း သူ့နား မချမ်းတဲ့ ဗရမ်းဗတာ ဗလာစကားပြောကြားခြင်းမှ ရှောင် ကြဉ်၍ ယဉ်ကျေး ချေငံသော,ညင်သာချိုမြိန်သော,လူတိုင်း ပြုံးရွှင် နှစ်လုံးကို ကြည်စေနိုင်သော,ပြည့်ကြီး သူတို့ဥစ္စာ သာယာပြေပြစ် ထစ်ငေါ့ကင်းကွာ ချစ်သဒ္ဒါကို ပွားစေ တတ်သောစကားကို ပြောဆိုရမည်။

၄) သမ္ဖပလာပ (ဝါ) ပြိန်းဖြင်းသော (ဝါ) အကျိုး မရှိသောစကားကိုဆိုခြင်းမှ ရှောင်ကြဉ်ပြီးလျှင် အချိန်အခါ အားလျော်စွာ အကြောင်းသင့်-အကျိုးသင့် ခြင့်ခြင့်ချိန်ချိန် ဌာန်ခြေရရနှင့် အတ္ထမမ္မ,ဝိနယကိုက်ညီ နှစ်ဆီရွှဲရွှဲ၊ နှလုံးအသဲ ခိုက်စွဲသွားလောက်တဲ့စကားကို ဆိုရမည်၊ ဤသို့ဖေါ်ထုတ်ခဲ့ သောနှုတ်မှုနှင့်သက်ဆိုင်ရာ ရှောင်ကြဉ်စရာ လေးပါးကို သန့် သန့်ရှင်းရှင်း ရှောင်ကွင်းပြီးလျှင် ဖြည့်တင်းဖွယ်ရာ-

လေးခုကို ဂရုတစိုက် အာရုံနှိုက်ထား၍ နေ့မနား-ညမ လပ် အထပ်ထပ်ပွားများ၍ နောက်အားမဆုတ် တကယ် တန်း အလုပ်လုပ်ခဲ့သော် သမ္မာဝါစာမဂ္ဂင် စုံလင်ပြီးမြောက် ပြည့်စုံခြင်းသို့ ရောက်ပါလိမ့်မည်၊ ရှေးခေတ် ပေါက် ပွား လူကြီးသူမများရဲ့ ''နှုတ်ကောင်းပြည့်စုံ''ဆိုတဲ့ စကားသည် သမ္မာဝါစာမဂ္ဂင်၏ အရေးကြီးပုံကို ပိုမို၍ပေါ်လွင်စေခဲ့လေ သတည်း။

# သမ္မာကမ္မန္တ

## သမ္မာ—ကောင်းသော၊ ကမ္မန္တ—ကိုယ်မှု

ဤသမ္မာကမ္မန္တ-မဂ္ဂင်ဆိုင်ရာ၌ ကိုယ်မှုဆိုဒါ ဝစီကံနှင့် မနောကံတို့ကို ပြုလုပ်ဆောင်ရွက်တဲ့ ပါးစပ်နှင့်ဟဒယ(ဝါ) ဦးနှောက်မှတပါး အခြားသော ကျန်ကိုယ်အင်္ဂါအစိပ်အပိုင်းတို့ဖြင့် ဆောင်ရွက်လုပ်ကိုင်သော အမှုကိစ္စပင်ဖြစ်သည်၊ ပါဏာတိပါတ(ဝါ)သူ့သက်သတ်ခြင်းမှ ရှောင်ကြဉ်၍ ဒုတ်,ဒါး,လှံ,သေနတ်, အမြောက်စသော လူသတ်လက်နက်အားလုံးကို စွန့်ပစ်ထားရမည်၊ သို့မဟုတ် ၎င်းလက်နက်အားလုံးကို လက်စတုံး အစအနမျှ မကျန်ရအောင် ဖျက်ဆီးပစ်ရမည်၊ ယနေ့ကပ္ပါတွင် လက်နက်လျှော့ရေး,လက်နက်ဖျက်သိမ်းရေး-ဆိုတဲ့ အော်သံသည် တဖြည်းဖြည်း ပိုပြီးကျယ်၍ကျယ်၍လာလေပြီ၊ သို့ရာတွင် ဗုဒ္ဓကမူ-ဒုတ်,ဒါး, လက်နက်တွေကို ချထားကြလော့ဟူ၍ လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀) ကျော်က ကြွေးကြော်ခဲ့လေပြီ၊ ယင်းသို့ချထားရုံနှင့် ကိစ္စပြီးပြီလော၊ မပြီးသေးပါ၊ လဇ္ဇီ-ထိုထိုလက်နက်တွေကို ကိုင်တွယ်ရမှာကို၎င်း၊ ၎င်းလက်နက်တို့ဖြင့်သတ်ရ—ဖြတ်ရမှာကို၎င်း—ရှက်ရမည်၊ ဒယာပန္န (ဝါ) ထိုသည့်လက်နက်မျိုးစုံတို့ဖြင့် ဒဏ်ရာရသူ,ထိရှသူ,အသက်တိုင်အောင် ဆုံးရှုံးသူများကို သနားရမည်၊ သဗ္ဗ ပါဏ ဘူတဟိတာနုကမ္ပီ (ဝါ) သက်ရှိသတ္တဝါ-အားလုံး၏ အကျိုးကိုရှေးရှုငဲ့ညှာရမည်။ အဒိန္နာဒါနာ(ဝါ)ပိုင်ရှင်သည် ကိုယ်နှုတ်တို့ဖြင့် အပေးအယူမြောက်အောင် မပေးသောသူတပါးတို့၏

ပစ္စည်းဥစ္စာကို မရှိးသာသော,ခိုးယူလိုသောစိတ်ဖြင့် ခိုးယူခြင်းမှ ရှောင်ကြဉ်၍ပေးသည်ကိုသာ ယူတတ်သော, လက်ခံတတ်သော, နှစ်ခြိုက်သော,ရိုးဖြောင့် တည်ကြည်သော, စင်ကျယ် မွန်မြတ်သောခံလေ့ကို ကျင့်သုံးရမည်၊ ကာမေသု မိစ္ဆာစာရ (ဝါ) အဆင်းဆိုတဲ့ ရူပါရုံ၊ အသံဆိုတဲ့သဒ္ဒါရုံ၊ အနံ့ဆိုတဲ့-ဂန္ဓာရုံ၊ အရသာဆိုတဲ့-ရသာရုံ၊ အတွေ့ဆိုတဲ့-ဖေါဋ္ဌဗ္ဗာရုံတည်းဟူသော ကာမတို့၌ ဖေါက်လွဲဖေါက်ပြန် မမှန်သောကျင့်ကြံမှုမှ ရှောင်ကြဉ်ရမည်၊ ဤသို့အားဖြင့် ကာယကမ်ဟူသော ကိုယ်မှုဆိုင်ရာ ပယ်စရာသုံးမျိုးတို့ကို ပယ်၍ ကျင့်ကြံကျိုးကုတ် - ပြုလုပ်လိုက်နာရမည့် ကျင့်စဉ်ကိုအပြည့်အစုံ လိုက်နာခဲ့သော် သ မ္မာ က မ္မ န္တ မ ဂ္ဂင် နှင့် ပြည့် စုံ ပြီ ဟု ဆိုနိုင်သည်။

ငါးပါးသီလ စောင့်ထိန်းသူလူသားသည်လည်း ပါဏာတိပါတာ-ဆိုတဲ့သူ့သက်သတ်ခြင်းမှ အမြဲတစေရှောင်ကြဉ်၍ နေသည်၊ သမ္မာကမ္မန္တမဂ္ဂင်ပွားသူလဲ ၎င်းကိုရှောင်သည်၊ ယင်းသို့ ရှောင်ကြဉ်ကြရာ၌ ကွဲပြားခြားနားချက်များ ရှိပါသေးသလော၊ သို့မဟုတ် အတူတူပင်လော၊ မတူ ထူးခြား၍ အတော်ကွဲပြားပါသည်၊ ငါးပါးသီလ စောင့်ထိန်းသူသည် ထိုထို ကာယကမ်မှုများကို ကြုံးလွန်ခြင်းမှ ရှောင်ကြဉ်၏၊ ယင်းသို့ ရှောင်ကြဉ်ခြင်းကား ထိုအမှုများသည် အကုသိုလ်တရားဖြစ်၍ မည်းနက်သော အကျိုးကိုဖြစ်စေတတ်သော ကြောင့် (ဝါ) မကောင်းသောကြောင့် မကောင်းသောအကျိုးကို ဖြစ်စေတတ်ကြောင်း ဖြစ်သည်၊ သို့ရာတွင် သမ္မာကမ္မန္တ-မဂ္ဂင်ကို ပွားများ အားထုတ်သူမူကား ထိုထို ကာယ

ကမ်မှုများကို မမှန်သောကြောင့် ရှောင်ကြဉ်လေသည်၊ အမှန်မှာ သဘာဝအားဖြင့် မမှန်သောအရာသည် ကောင်းသည်ဟုပဲ ခေါ်ခေါ် (ဝါ) မကောင်းဘူးဟူ၍ပဲ ခေါ်ခေါ် မည်သည့်နည်းနှင့်မျှ အမှန် မဖြစ်နိုင်တော့ချေ၊ ကောင်း–မကောင်းကား လူသား၏ အကြိုက်ကိုလိုက်၍ ဖြစ်စေကာ၊ မှန်-မမှန်ကား လူသား၏အလိုသို့ ဘယ်အခါမှ လိုက်ပါ်းမရှိချေ။

# သမ္မာအာဇီဝ

## သမ္မာ–မှန်သော၊ အာဇီဝ–အသက်မွေးမှု

အသက်မွေးမှုဟူသည်မှာ သက်ထိန်း လုပ် ငန်းပင်ဖြစ်သည်၊ "အသက်မွေးမှု တခုပညာ ကိုယ်စီပါရမည်" ဆိုတဲ့ ရှေးစကားအရ သက်ထိန်းလုပ်ငန်းအရေးကြီးပုံ ထင်ရှားသည်၊ လူသားအတွက် မချလိုလားအပ်သော သက်ထိန်းပစ္စည်းတို့ကား–

၁) ပထမအရေးအကြီးဆုံး "လေ"

၂) ဒုတိယ "ရေ"

၃) တတိယ "အစာ" တို့ဖြစ်သည်၊ ထိုသုံးမျိုးတွင် လူသားသည် လေ–ရေ–ဟူသော အရေးအကြီးဆုံး သက်ထိန်းပစ္စည်းနှစ်မျိုးကို အလကားရနိုင်သည်၊ (ဝါ) မပင်မပန်းရနိုင်သည် အစာ–အဟာရရှိရေးကား လူသားအတွက်မသက်သာတဲ့လုပ်ငန်းဖြစ်သည်၊ လူသား၏မနဝင်ကို ပြန်လည်သုံးသတ်ခဲ့လျှင် နောက်ဆုံးဖြစ်တဲ့ သက်ထိန်းပစ္စည်းကို အနည်း

နည်းအဖုံဖုံ ဥပါယ်မျိုးစုံတို့ဖြင့်ရှာဖွေခြင်းနှင့်လူသား၏အချေ အနေ တဖြည်းဖြည်း မြင့်တက်၍လာခဲ့သည်၊ ဒေါက်လှည်း ခေတ်မှ ဒုံးပြန်ခေတ်သို့ ရောက်လာခဲ့ပြီဟု ဆိုလိုသည်၊သို့တိုး တက်၍လာခဲ့ရာ လူသားသည် တွေ့ကရရှစ်သောင်း -သောင်း ပြောင်းရောရာ မသမာသော မိစ္ဆာဇီဝ (ဝါ) မှားသော သက်ထိန်း လုပ်ငန်းတို့ဖြင့် မိမိ၏ဝမ်းဗိုက်ကို ဖြည့်တင်း နေရန်မလိုတော့ပြီ၊ ဒီဃနိကာယ် သုသီလက္ခန် ပါဠိတော် ဗြဟ္မဇာလသုတ်နှင့် သာမညဖလသုတ် မဟာသီလ အခန်း တွင် မှားသော သက်ထိန်း လုပ်ငန်း အမြောက် အများကို ဟောကြားခဲ့သည်၊ ထိုထိုသို့သော မှားယွင်းတဲ့ သက်ထိမ်း လုပ်ငန်းတို့ကို ရှောင်ကြဉ်၍ မှန်မြတ်သန့်ရှင်း အပြစ်ကင်း သောအလုပ်ဖြင့် အသက်မွေးမြူလျှင် သမ္မာအာဇီဝ မဂ္ဂင် စုံလင် ပြောင်မြောက်လေတော့သည်၊ မိစ္ဆာဇီဝစာရင်းဝင် သောလုပ်ငန်းတို့ကို အကုန်အစင် ရှောင်ကွင်း ပြီးလျှင် ဖြောင့်စင်းမှန်ကန်သော သက်ထိန်းလုပ်ငန်းဖြင့်သာ သက်ဆိုး ရှည်ကြကုန်ရာသတည်း။

# သမ္မာဝါယာမ

## **သမ္မာ—မှန်သော၊ ဝါယမ—အားထုတ်မှု**

သမ္မပ္ပဓာန်-တရားလေးပါး၌ အကြီးဝင်သော ဝီရိယကို သမ္မာဝါယာမ (ဝါ) မှန်သော အားထုတ်မှုဆိုသည်၊ သမ္မပ္ပဓာန်တရားလေးပါးတို့ကား--

၁) မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေ ရန်အားထုတ်ခြင်း--

၂) ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ဖျက်ခြင်းငှာ အားထုတ်ခြင်း။

၃) မဖြစ်သေးသော ကောင်းမြတ်တဲ့ ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် အားထုတ်ခြင်း—

၄) ဖြစ်ပြီးသော ကောင်းမြတ်တဲ့ကုသိုလ်တရားတို့ကို တိုးတက်ကြီးထွားလာစေရန် အားထုတ်ခြင်းတို့ပင်ဖြစ်သည်။

ဤသည်တို့ကား လောကမှလွတ်မြောက်ရေးဟု ဆိုအပ်တဲ့လောကုတ္တရာအတွက်ဖြစ်သည်။

လောကအတွင်း၌ ကျင်လည်ကျက်စားနေစဉ် လောကလူသား၏ တိုးတက် ကြီးထွားရေးအတွက် အထက်၌ဖော်ထုတ်ခဲ့သော သမ္မပဓါန်လေးပါးကို အမှီပြုကာ လောကီသမ္မပဓါန်လေးမျိုးကို ထွင်၍ယူနိုင်သည်။

၁) မဖြစ်သေးသော ကပ္ပါအပူဆင်းရဲတို့ကို မဖြစ်စေရန်အားထုတ်ခြင်း။

၂) ဖြစ် ပြီးသော ကပ္ပါအပူဆင်းရဲတို့ကို လက်စတုံးမီးငြိမ်း၍သွားစေရန် အားထုတ်ခြင်း။

၃) မရမရှိသေးသော စီးပွား ဥစ္စာ အတတ်ပညာနှင့် လိမ္မာယဉ်ကျေးမှုတို့ကို ရရှိရန်အားထုတ်ခြင်း။

၄) ရရှိပြီးသော စီး ပွား ဥစ္စာ အတတ်ပညာနှင့် လိမ္မာယဉ်ကျေးမှုတို့ကို အစွန့်ရှည်စွာ တည်ကာ ကြီးထွားတိုးတက်ပွားများစေရန် အားထုတ်ခြင်းတို့ကား လောကုတ္တရာသမ္မပဓါန်ကို မှီငြမ်းပြု၍ ယူထားအပ်သော လောကီသမ္မပဓါန်တို့ဖြစ်သည်၊ ဤသို့သော လောကီသမ္မပဓါန်တရားနှင့် ပြည့်စုံသော လူသားသည် မကြီးပွားမတိုးတက်ပဲမနေနိုင်တော့ချေ။

ဤသို့ဖေါ်ထုတ်ခဲ့သော လောကုတ္တရာ သမ္မပဓါန်လေးပါးနှင့်ပြည့်စုံသော ယောဂီပုဂ္ဂိုလ်အတွက် ခဲခက်သောလုပ်ငန်းမရှိတော့ပြီ၊ သူသည် ဧလေ့လူ အလွယ်တကူနှင့်ပင် လောကကိုလွန်မြောက်၍ တဖက်ကမ်းရောက် နိဗ္ဗာန်ပေါက်သွားနိုင်လေတော့သည်၊ ထိုအတူပင် လောကအတွင်း၌ တိုးတက်ကြီးထွားရှ် တံခိုးဩဇာ အာဏာကြီးမားခြင်းကို အလိုရှိသူ လောကီလူသားသည်လည်း လောကီသမ္မပဓါန်လေးပါးကို အတိအကျ အပြည့်အဝ အစုံအလင် လိုက်နာကျင့်သုံးခြင်းဖြင့် ဘဝ၏သရဖူကို အလွယ်တကူ သယ်ခြူး၍ ယူနိုင်ပေလိမ့်မည်၊ ဝိရိယဝတော ကိံနာမ ကမ္မံ နသိဇ္ဈတိ ဟူ၍ လာရှိသော ပရိဘာသာအရ လုလ္လဝိရိယရှိသူအတွက် မဖြစ်မြောက်နိုင်သော ကိစ္စမရှိ ဖြစ်ချေသည်၊ ထို့ကြောင့် လောကုတ်လောကီ နှစ်လီနှစ်ဝနှစ်ဌာနတို့၌ အတွင့်အထိပ်သို့ရောက်လိုသူ လူသားတိုင်း၏ တာဝန်ကား သမ္မပဓါန်လေးပါးကို လက်ကိုင်ထားပြီးအမြဲတန်ကျိုးကုတ်၍ မဖယ်တန်း အားထုတ်ရန်ဖြစ်သတည်း။

# သမ္မာသတိ

## သမ္မာ–မှန်သော၊ သတိ–အောင့်မေ့မှု

သတိအုပ်စိုး မသေမျိုးတွေ၊
သတိလွန်ကဲ အောင်ပွဲဆင်သလေ၊
သတိရှေ့ပြေး သေဘေးရှောင်သွေ၊
သတိကင်း သေမင်းမျိုဝါးမလေ။

“သတိ”ဟူသော-ဝေါဟာရသည် ပါဠိဘာသာပင်ဖြစ်စေကာ ၎င်း၏မြန်မာအနက် “အောင်းမေ့ခြင်း”ထက်ပို၍လူသိများသောပုဒ်တခု ဖြစ်၍နေလေပြီ၊ ထို့ပြင် ကမ္ဘာပေါ်ရှိလူအမျိုးမျိုးတို့သည် မိမိတို့၏ဘာသာစကားတို့ဖြင့်“သတိ”ကို နေရာဌာနဟူသမျှတို့၌ အသုံးပြုလျက် ရှိကြကုန်၏၊ ဗုဒ္ဓရှင်တော်ဘုရားကိုယ်တိုင်ပင် ထိုသတိတရားကို အမြဲလက်ကိုင်ထားတော်မူတဲ့အပြင် နေ့တိုင်းနေ့စဉ် ဆွမ်းခံရာမှအပြန်တွင်ခြေဆေးအင်ပြင်မှာရပ်တော်မူလျက်“ရဟန်းတို့သတိနှင့်ပြည့်စုံကြလော့”ဟုမိန့်တော်မူမြဲဖြစ်သည်၊ တဖန် ပရိနိဗ္ဗာန် စံယူခါနီးအချိန်တွင် ဗုဒ္ဓသည် နောက်ဆုံးအမှာစကားအဖြစ်ဖြင့်၎င်းသတိကိုပင်အလေးမူ၍မိန့်မြွက်တော်မူခဲ့လေပြီ၊ သို့ဖြစ်ရာ“သတိ”ကို နေရာတကျအသုံးပြုနိုင်သူသည် အောင်မြင်ခြင်းဆိုတဲ့ ရတနာပုံဆိုက်မြဲဖြစ်သည်၊“သတိ” ကိုလက်ကိုင်ထားသည် နေ့စေ့ကမ်းဂုန်မှတပါး အခြားနည်းအားဖြင့် မသေနိုင်တဲ့အမျိုးဖြစ်သည်၊ ကမ္ဘာလူသားအားလုံးတို့ အာသာငန်းငန်း မျှော်မှန်းရည်ရွယ်ကြဘဲ့ အောင်ဆုပန်းဟူသမျှကို သတိနှင့်ပြည့်စုံသူ · လူ သား သာ လျှင် ဆွတ်ခူးပန်ဆင်နိုင်ပေလိမ့်မည်၊ သေမင်းသည် သတိကင်းသူကို အတင်းဆွဲယူရန်အမြဲတစေ ချောင်းမြောင်းလျက်နေသည်။

မမေ့သူများ မေ့သူများလို၊
မသေနိုင်ပြေး ဘုရားအဆို။
ထ,ထိုင်,အိပ်,သွား,စား,သောက်, လှုပ်ရှားမို့၊
မမေ့တတ် ထွက်ရပ် ညွှန်းသကို။

သတိတရားနှင့် ပြည့်စုံသူများသည် သတိကင်းမဲ့သူများ ကဲ့သို့ မသေနိုင်ဟု ဓမ္မပဒဘုရားဟောခဲ့သည်၊ ထို့ပြင်ထမှု, ထိုင်မှု, အိပ်မှု, သွားမှု, စားမှု, သောက်မှု, ရှူထုတ်မှုတို့တွင် ''သတိ''ဆိုတဲ့ စာလုံးကလေး ကပ်ယှဉ်၍ထားနိုင်လျှင် ထွက်ရပ်-ပေါက်ပေါက်လိမ့်မည်ဟု ဆိုလိုသည်၊ ထို့ကြောင့် လောကီဖက်ဆိုင်ရာ လုပ်ငန်းဆောင်တာအဖြာဖြာတို့၌၎င်း၊ ထို့ပြင် လောကုတ္တရာနှင့်သက်ဆိုင်ရာကိစ္စအဝဝတို့၌၎င်း၊ သတိတရား ဦးစီးရှေ့သွားရှိသော်သာလျှင် တိုးတက်ကြီးပွားမှုများနှင့် ဧးငြိမ်းချမ်းသာမှုများကို ရင်ခွင်ပိုက်နိုင်ပေလိမ့်သတည်း။

# သမ္မာသမာဓိ

## သမ္မာ—မှန်သော၊ သမာဓိ—တည်ငြိမ်မှု

''သမာဓိကား'' စိတ်၏တည်ငြိမ်မှု (ဝါ) အာရုံတပါးသို့ လွင့်၍မသွားမှုပင်ဖြစ်၏၊ ကျောက်သား အတိ ပြီးသော ကျောက်တောင်၊ (သို့မဟုတ်)ကျောက်ဆောင်တို့၏ မလှုပ်မယိုင် ကြံ့ခိုင်မှုရှိသော စိတ္တေကဂ္ဂတာကိုပင် သမာဓိဟူ၍ခေါ် ဆိုကြကုန်၏၊ စိတ်၏တည်ကြည်မှုဟု ခေါ်ဆိုအပ်တဲ့ သမာဓိကို ရရှိရေးအတွက် လုပ်ငန်းတို့ကား ဘာသာအယူဝါဒအသီးသီးတို့၌ အမျိုးမျိုးအဖုံဖုံ စုံ၍နေအောင် ရှိကြကုန်၏၊ လုပ်နည်းကွဲစေကာ ရရှိအပ်သော အကျိုးတရားဖြစ်တဲ့ စိတ်၏တည်ငြိမ်မှုကား အတူတူပင်၊ သို့ရာတွင် ၎င်းသမာဓိကို အသုံးပြုရာ၌ သတိရှိရန်အများကြီးလိုသည်၊ ဗုဒ္ဓ၏မဂ္ဂင်ရှစ်ပါးတွင် လက်ဦးအစ ပထမအဆင့်မှာ တင်၍ထားတဲ့သမ္မာဒိဋ္ဌိဦးဆောင်သော သမာဓိ(ဝါ)တည်ငြိမ်မှုကို သမ္မာသမာဓိ

ဟူ၍ ခေါ်ဆိုအပ်သည်၊ လူသား၏ကိုယ်ခန္ဓာတည်ရှိသော မျက်စေ့,နား,နှာ,လျှာ,ကိုယ်,ဟူသော ပသာဒရုပ်ကြည်ငါးခုတို့သည် အပြင်ဗဟိဒ္ဓ ကမ္ဘာလောက၌ရှိသော အဆင်း, အသံ,အနံ့,အရသာ,အတွေ့,ဆိုတဲ့ အာရုံငါးပါးတို့ကို အမြဲတစေ ဟဒယသို့ (ဝါ) ဦးနှောက်သို့ သွင်းပို့လျက်နေကြကုန်သည်၊ လူသား၏ စိတ်တည်းဟူသော မျောက်ရိုင်းသည် ထိုသို့သွင်းပို့လိုက်သော အာရုံတို့တွင် တပါးပါး၌ ရပ်နားတည်ငြိမ်၍မနေတတ်ပဲ ငါးဝသောအာရုံတို့ကို ဟိုခုန်ဒီကူးပြုလုပ်၍နေတတ်ချေသည်၊ ယောဂီပုဂ္ဂိုလ်သည် ထိုသို့ အာရုံတွေကို တခုပြီးတခု ပြောင်းလဲခုန်ကူး ပျော်မြူး၍နေတတ်တဲ့ စိတ်ကို တခုတည်းသော အာရုံချိတ်တိုင်၌ ခိုင်မြဲစွာ တုပ်နှောင်၍ထားရာ၏၊ စိတ်သည် အဖြစ်သဘောတရားပင်ဖြစ်ရာ လူသား၏မျက်စေ့နှင့် ဗဟိဒ္ဓအပြင်ရူပတို့ တိုက်ဆိုင်မိသောအခါ စက္ခုဝိညာဏ်ဆိုတဲ့ မျက်စေ့စိတ်ဖြစ်ပေါ်လာသည်၊ ထိုစိတ်သည် မြင်ကရရူပါရုံ၏နောက်သို့ လိုက်တတ်သည်၊ ထို့အတူ စိတ်သည် ကြားသမျှသဒ္ဒါရုံ၊ နံသမျှဂန္ဓာရုံ၊ လျက်သမျှရသာရုံ၊ တွေ့ထိသမျှဖေါဋ္ဌဗ္ဗအာရုံတို့၏ နောက်သို့ လယ်ကာ လှည့်ကာ ကောက်ကောက်ပါအောင် လိုက်နေတတ်သည်၊ ဤသို့လိုက်နေလျှင် စိတ်၏တည်ငြိမ်မှုသမာဓိကို အဘယ်မှာလျှင်ရရှိနိုင်တော့မည်နည်း၊ သို့ဖြစ်ရာ သမထနည်း ဝိပဿနာနည်းတို့ဖြင့်ဖြစ်စေ၊ သို့မဟုတ် အခြားနည်းဖြင့်ဖြစ်စေ၊ စိတ္တေကဂ္ဂတာဆိုတဲ့စိတ်၏တည်ငြိမ်မှုရပ်လုံးပေါ်လာအောင် တည်ဆောက်ရာသည်၊ ဤသို့မနေမနား ပွားများအားထုတ်မှုကြောင့် ဖြစ်ပေါ်ရရှိလာသော သမာဓိကို သမ္မာဒိဋ္ဌိဆိုတဲ့

အမြင်မှန်မဂ္ဂင်နှင့် အမြဲထာဝစဉ်ယှဉ်တွဲ၍ထားရန် မုချလိုလားအပ်ချေသည်။

အဘယ်ကြောင့်နည်း တခုတည်းသောစိတ်အာရုံ၌ တည်မြဲ၍နေသော သမာဓိစိတ်သည် အလွန်အကြူး အထူးတံခိုးကြီးလှ၏၊ လိုသလိုပြီးမြောက်နိုင်သော သတ္တိနှင့် ပြည့်စုံ၏၊ အချို့သော မှော်ဆရာ-စိတ်ညှို့ဆရာနှင့် အထက်ဆရာအောက်ဆရာစသည်တို့မှာ အထိုက်အလျောက် ပွားများထားသဖြင့် တည်မြဲသော သမာဓိတရား နည်းများမဆိုရှိကြကုန်၏၊ ယင်းသို့ မိမိတို့၏ပရိစယမှုကြောင့် ရရှိလာသောသမာဓိတရားကို မိမိတို့အလိုရှိရာလမ်း၌ အရမ်းအသုံးပြုလေ့ရှိကြကုန်၏၊ ယင်းသို့အသုံးပြုကြရာ၌ သမာဓိစိတ်၏တံခိုးကြောင့် အထိုက်အလျောက် ပြောင်မြောက်၍ ထိုထိုပုဂ္ဂိုလ်များ မှန်းတိုင်းပေါက်ကြကုန်၏၊ ဤစိတ္တသမာဓိ လုပ်ငန်း ဆိုင်ရာ၌ အကြား အမြင် အတွေ့ အကြုံ နည်းပါးတဲ့ ဗမာလူသားအတွက် ထိုမျှသော တံခိုးပြာတိဟာ ကလေးသည် ဧရာမဇ္ဈဗ္ဗိဝိဓအဘိဉာဏ်းတွေလောက် အထင်ရောက်ကာ ထိုသို့သောပုဂ္ဂိုလ်ကို အတင်းဒလကြမ်း ဆီးကပ်ကိုးကွယ်မှုကိုပြုလေ့ရှိကြကုန်၏၊ ထိုသို့ဆီးကပ်မှုကြောင့် ထိုသမာဓိရှင်မှာ လိုဒ္ဒါမရှား ပစ္စည်းလာဘ်လာဘပေါများ ထင်ပေါ်ကျော်ကြား၍ လာလေတော့သည်၊ နှစ်ပေါင်း လပေါင်းအတန်ကြာ၍ လာဘ်လာဘ ရေယဉ်ကြောမှာ မျောရဖန်များလာသောအခါ ထိုရရှိပြီးသောသမာဓိတရားလဲ တဖြည်းဖြည်းလျော့၍သွားမြဲဖြစ်ချေသည်၊ ထို့ကြောင့် ကျနုပ်တို့၏ ဗမာ့ပဋိပတ္တိသာသနာတည်းဟူသော ကောင်းကင်၌ ကြယ် ပျံ

ကဲ့သို့သောဖြစ်ရပ်များကို မကြာခဏကြား-သိ-တွေ့-မြင်နေရချေသည်၊ အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း၊ ထိုသို့အပန်းတကြီးအားထုတ်ခြင်းဖြင့် ရရှိသော •မိမိတို့၏ သ မာ ဓိတွင် သမ္မာဒိဋ္ဌိ(ဝါ)အမြင်မှန်မဂ္ဂင်ကို မတပ်မဆင်နိုင်(ဝါ)မကပ်မယှဉ်နိုင်သောကြောင့်ဟူ၍ ဖြေဆိုလျှင် အများကြီးလွဲမှားလိမ့်မည်မဟုတ်ချေ။ မှန်လှ၏၊ ကမ္ဘာ၏လက်ရှိ ဘာသာအယူဝါဒအသီးသီးတို့မှာ ၎င်းတို့နှင့်သက်ဆိုင်ရာ ယောဂ-လုပ်ထုံးများ (ဝါ) သမာဓိလုပ်ငန်းများရှိကြခြင်းမှာ မငြင်းနိုင်တဲ့အချက်ဖြစ်ပါသည်။ ယင်းသို့ဖြစ်ခြင်းကြောင့် ဘာသာအယူဝါဒတိုင်းမှာတံခိုးရှင်တွေ, ပြာဋိဟာရင်တွေ,ပေါ်ပေါက်ခဲ့ကြခြင်းလဲ အထင်အရှားပင်။

လိုရင်းချုပ်ရသော်-ကမ္ဘာ့လက်သုံးဖြစ်တဲ့ယောဂနည်းမျိုးစုံတို့တွင်တစုံတရာ အမှတ်မထင်သောနည်းဖြင့် သမာဓိတရားကိုထူထောင်နိုင်သည်၊အနေးနှင့်အမြန်ကား ယောဂီပုဂ္ဂိုလ်၏ စေတနာသဒ္ဓါနှင့် လုလ္လကိုအမှီပြုသည်၊နောက်ဆုံး၌သမ္မာဒိဋ္ဌိ (ဝါ) အမြင်မှန်ရအောင်ကြိုးပမ်းရမည်၊အမြင်မှန်ရသည်နှင့် တပြိုင်နက် သမာဓိဟူသော စကားလုံးတွင် သမ္မာဆိုတဲ့ပုဒ်ကလေးယှဉ်တွဲနိုင်ခဲ့လျှင် ဗုဒ္ဓသုံးသမ္မာသမာဓိကို ရင်ခွင်ပိုက်ရရှိလေတော့သတည်း။

ဤသို့အားဖြင့် အမြင်မှန်ဆိုတဲ့ သမ္မာဒိဋ္ဌိမဂ္ဂင်လျှင်ရှေ့သွားရှိသော (ဝါ) သမ္မာဒိဋ္ဌိမဂ္ဂင် ဦးဆောင်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားတို့ကား 'ကာမသုခလ္လိကာနုယောဂဟူသော လူသား၏အကြိုက်လမ်းစဉ်နှင့် အတ္တကိလမထာနုယောဂဟူသော အကြွတ်လမ်းစဉ်ဆိုတဲ့ အ စွန်း နှစ် ဖက်မှ

ကင်းလွတ်တဲ့ အလယ်လမ်းကျင့်စဉ်ပင်ဖြစ်သည်၊ အကြိုက်နှင့် အကြွတ်ကို မချဉ်းမကပ်သော မဇ္ဈိမပဋိပဒါဆိုတဲ့ လမ်းစဉ်မှန်ကို အပြင်းအထန်ဖွဲ့သန်သန်ဖြင့် မှန်မှန်ကြိုးကုတ်တကယ်တမ်းအားထုတ်ခြင်းဖြင့် ဝဋ်ဒုက္ခတမြုံလုံးကို နိဂုံးသတ်ခြေမှုံးကြကုန်လော။

ဤကားလှုပ်လေမြုတ်လေဆိုတဲ့ ဝဋ်ဆင်းရဲသံသရာဒွန်ဇွက်မှ အတင်းရုံးထွက်၍ ကြည်းကုန်းထက်သို့ တက်ရောက်လိုသော လူသားအဘွက် ဗုဒ္ဓ၏စာချွန်တော်ဖြစ်သည်။

## မှန်သောကိုးကွယ်မှု

အထက်၌ ကျနုပ်တို့ဖေါ်ထုတ်ခဲ့သော ဗုဒ္ဓ လမ်း စဉ်ဟုဆိုအပ်သော မဂ္ဂင်ရှစ်ပါးတို့တွင် အစတင်၍ထားတဲ့ သမ္မာဒိဋ္ဌိ(ဝါ)မှန်သောအမြင်နှင့်စပ်ယှဉ်နိုင်မှသာလျှင် ကိုးကွယ်မှုပသမှုတို့ကိုလည်း မှန်သောကိုးကွယ်ပသမှုဟူ၍ ခေါ်ဆိုနိုင်မည်ဖြစ်သည်၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတဲ့ မှတ်ကျောက်မှာတင်လို့ အရည်မကိုက်ခဲ့လျှင် (ဝါ) မမှီခဲ့လျှင် ၎င်းတို့ကိုစွန့်ပစ်ရန်သာရှိသည်။

ယေကေစိ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ၊
အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

အချို့သော လူသားတို့သည် ဘေးကိုကြောက် ရွံ့ခြင်းကြောင့် တောင်များ,တောများ,နတ်ကွန်းများ,တောစိုးသစ်ပင်ကြီးများနှင့် စေတီတို့ကို ကိုးကွယ်ကြကုန်၏။

နေတံခေါသရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။
နေတံ သရဏမာဂမ္မ၊ သဗ္ဗ ဒုက္ခာ ပမုစ္စတိ။ ။

ဤကိုးကွယ်မှုသည် ဘေးကင်းသော ကိုးကွယ်မှုမဟုတ်၊ ၎င်းသည် မြင့်မြတ်သောကိုးကွယ်မှုမဟုတ်၊ ထိုသို့သောကိုး ကွယ်မှုကိုအခြေခံ၍ ဆင်းရဲအပေါင်းမှ မလွတ်ချေဟူ၍ ဓမ္မ ပဒပါဠိတော် အဂ္ဂိဒတ္တမြဟ္မဏဝတ္ထုမှာ ဘုရားရှင်က အတိ အလင်းဘွင်းဘွင်းကြီး ဟောပြတော်မူခဲ့သည်။

သို့ရာတွင်၊ အများသောမုံ့ဒွဘာသာဝင်အမည်ခံတဲ့လူသား သည် ဤသို့တိကျပြတ်သားသော ဗုဒ္ဓ၏ညွှန်ပြချက်ကိုဥပေက္ခာ ပြု၍လစ်လျူရှုခဲ့လေပြီ၊ အပြင်းအထန်ငြင်းဆံ၍ တော်လှန်ခဲ့ လေပြီ၊ လူသားသည် ဘေးအမျိုးမျိုးရန်ဆိုးအသွယ်သွယ်အန္တ ရာယ်အရာရာ ဥပါဒ်အလီလီ မသတီစရာကမ်ကြမ္မာတို့ကို ကြောက်ရွံ့၍၊ ထိတ်လန့်၍၊ ထို့ပြင်သူသည် နှစ်သက်ဖွယ်ရာ သုခချမ်းသာ မင်္ဂလာကိုမျှော်လင့်၍၊

လူသားသည် သဘာဝအားဖြင့် အချောင်သွား,အချောင် ရှာ၍, အချောင်စားလိုတဲ့ "အချောင်သမား" ဖြစ်သည်၊ ထို ကြောင့်သူ၏စိတ်တွင်နတ်အမျိုးမျိုးကို အားကိုးလိုတဲ့ဆန္ဒများ ပေါက်ဖွားလာခဲ့သည်၊ ထိုသို့ပေါ်ပေါက်လာသည်နှင့် တပြိုင် နက်သူသည်တောစောင့်နတ်တောင်စောင့်နတ်စသော ပဥ္စုဒ္ဒါရ ဝိမုတ်ဖြစ်တဲ့ နတ်များကိုကိုးကွယ်စပြုလာလေတော့၏၊ ယင်း မှတဆင့် ရှေ့သို့တလှမ်းတက်၍ ပသမှုများကို ပြုလုပ်လေ တော့သည်၊ ကာလအတန်ကြာသော်၊ လူသား၏စိတ်သည် မြင်,ကြား,နံ,လျက်,ထိတို့ဖြင့် မသိနိုင်သော ပဥ္စဒွါရဝိမုတ် နတ်များနှင့် ၊ကြေနပ်မှုမဖြစ်နိုင်တဲ့အခြေသို့ ရောက်လာလေ သည်။

ထိုအခါသူသည်တောတွင်းမှလက်ပန်သား (၀၇) ယမနေသားများကိုခုတ်ယူပြီးလျှင်ထိုထိုနတ်ရုပ်အမျိုးတို့ကိုခုတ်ထွင်းထုလုပ်ကာမိမိ၏နတ်စင်သို့ တင်ထားလိုက်လေပြီ၊

ထို့နောက် လူသားသည် သူကိုယ်တိုင် ခုတ် သူကိုယ်တိုင်ထုလုပ်ခဲ့တဲ့ ထိုထိုနတ်ရုပ်များ၏ ရှေ့တွင် သူကိုယ်တိုင် ဒူးတုတ်ရှိကြိုး၍ သူ ကိုယ်တိုင် ရှိခိုးရတဲ့ အခြေသို့ဆိုက်ရောက်သွားခဲ့လေပြီ။

ဩော်.... သနားဖွယ်ကောင်းစွာ့တကား။

ယခုအခါသော် မြင်းဖြူရှင်ကို ကိုးကွယ်ကြတဲ့ အထက်အညာသားတို့သည် ဤမျှဒုက္ခမခံ ကြတော့ချေ၊ နတ်ယုံကြည်သူတဦးတည်းက ဖြစ်စေ၊ ( သို့မဟုတ် ) ရပ်နှင့် ရွာနှင့် စုပေါင်း၍ဖြစ်စေ၊ ဘုရားပွဲတော်များမှာ ရောင်းချလေ့ရှိတဲ့ မြင်းရုပ်ခပ်ကြီးကြီးနှင့် နတ်ရုပ်ခပ်ထွားထွားကို ၀ယ်သူပြီးလျှင် ရွာဦးရွာထိပ်မှာဖြစ်စေ၊ မြို့၀င်ရွာထွက်မှာဖြစ်စေ၊ နတ်စင်တခုဆောက်လုပ်၍ ထိုအရုပ်များကို တင်ထားကိုးကွယ်ခြင်း ပူဇော်ပသခြင်းကို ပြုကြကုန်၏၊ ထိုနတ်ကားမိမိတို့ရဲ့၀တ်လဲတော်ကိုမှ ကိုယ်တိုင်ရှာကြ၍ မဆင်မြန်းနိုင်ကြချေ၊ ဒါပေမယ်လို့ အထက်အညာကလူသားသည် မိမိနေထိုင်ရာအညာဒေသ၌ အဘယ်ကြောင့် မိုးနည်းပါးရသည်ကို မတွက်မဆတော့ပဲ မိုးခေါင်လျှင် နတ်ကွန်းတက်လေတော့၏၊ သို့သော် မိုးကတော့ခေါင်မြဲ၊ ကိုယ်နေဖို့ရန်နတ်စင်ကိုမှ ကိုယ်တိုင်မဆောက်နိုင်၊ ကိုယ်၀တ်ဘို့၀တ်လဲတော်ကိုမှ ကိုယ်တိုင်မရှာနိုင်တဲ့ နတ်မင်းရဲ့ ထံမှောက်မှာ ဒူးထောက်ပြီး မိုးရွာဖို့ကစ၍ လူသားလိုတာတွေရဖို့ တောင်း

ဆိုနေကြခြင်းကား စပေါ်းအဖြင်းမှ ဆန်ထွက်အောင်ထောင်း သကဲ့သို့ပင်ဖြစ်ပေလိမ့်မည်၊ သို့ရာတွင် ထူးဆန်းတာတခုက တော့ လူသားသည် ပစ္စုပ္ပန်အကျိုးအတွက်သာ နတ်များကို အားကိုးအားထားပြု၍ အနာဂတ် နောင်တမလွန် အတွက် တော့ သက်သက်အားမကိုးခြင်းပင် ဖြစ်သတည်း။ .

လူသားသည် နေ့မအား ညမလပ်၊ ဒုလစပ်ရှုပ်ထွေတဲ့ အလုပ်တွေကို အမြဲတစေလုပ်ကိုင်၍နေရမှ ကျေနပ်နိုင်သော သတ္တဝါဖြစ်၏။

ဥပမာ၊အထက်အညာကတောင်သူလယ်သမားတယောက် ကိုကြည့်လော့၊ သူသည် မိုးဦးလေဦးမကျ မီကထဲက သစ်, ဝါး, သက်ငယ်, ကြိုးကြိမ်နွယ်တို့ကို ရှာဖွေရ၏၊ သိမ်းရ၏၊ မိမိနေထိုင်ရာအိုးအိမ်ကို ပြုပြင်ရ၏၊ မွန်းမံရ၏၊ ပျက်စီးယို ယွင်း၍ နေသော မိမိ၏ ဒေသဆိုင်ရာ နတ်ကွန်းနတ်စင်တို့ကို ပြင်ရ၏၊ ဆင်ရ၏၊ မိုးဦးလေဦးကျသည်နှင့်တပြိုင်နက် တောင် သူရဲ့ အလုပ်ခွင်သို့ ဝင်ရလေတော့၏။

ထိုအချိန်မှစ၍ တဒေါက်ဒက်ဒက်နှင့် သူ့မှာအလုပ်နှင့် လက် မပြတ်တော့ချေ၊ ယင်းသို့သွားရာ, လာရာ, ထွန်ရာ, ယက်ရာ,ခုတ်ရာ,ထစ်ရာ,တူးရာ,ဆွရာ,သယ်ရာ, ပို့ရာ, ထမ်း ရာ,ဆောင်ရာ,လုပ်ကိုင်ရာတို့၌ တစုံတရာ ထိခိုက်,ရှနရှိခဲ့လျှင် ''နတ်မကြေလို့''ဟု လွဲမှားစွာ ရိုးတဲ့အပြင် ''နတ်ဆိုတာ ကောင်းကျိုးကိုမပေးရင်သာရှိရမယ်၊ဆိုးကျိုးတော့ ချက်ခြင်း ပေးသမောင့်''ဆိုတဲ့ ဆိုရိုးစကားပင် ပေါ်ပေါက်ဖွားလာခဲ့ရ လေပြီ။

ဤမျှလှုပ်ရှားသွားလာ၍ လုပ်ကိုင်နေရသူမှာ သတိကင်းလိုက်သည်နှင့်တပြိုင်နက် စူးရှ ထိခိုက်မှုများ ဖြစ်တတ်လေသည်၊ သို့ရာတွင် မကောင်းကျိုးပေါ်သမျှ နတ်ကိုသာရိုးလေ့ပြုကြကုန်၏၊ လယ်ထွန်ရင်း မြွေပွေးကြီးများတွေ့ခဲ့လျှင် နတ်ကြီးသြောင်ပင်၊ သို့မဟုတ် နီးရာနတ်စင်သို့ အပြေးအလွှားဝင်၍ အရှင်ကြီးကိုကြေနပ်အောင်လုပ်ရမြဲဖြစ်သည်။

ထိုအတူ ထွန်ယင်းယက်ယင်းမှ ရွှေအိုးကြီးများ(ဝါ)ငွေအိုးကြီးများ တွေ့ခဲ့လျှင်တော့ နတ်မတယ်လို့ ဆိုရမှာပေါ့ သို့ရာတွင် အဲဒါကတော့ ဖြစ်ထောင့်ဖြစ်ခဲ၊ အမှန်မှာတော့တောင်သူလယ်သမားတို့သည်ရွှေအိုးငွေအိုးနှင့်မတိုးမိပဲ မြွေဆိုးနှင့်သာ တိုးရမြဲဖြစ်၍နေကြလေပြီ၊တရံတခါအလယ်ရိုးမတောင်တန်း၌ မိုးကြီးသီးထန်စွာ ရွာသွန်းလေရာ အလယ်ပိုင်းဒေသရှိ ချောင်းကြီး မြောင်းငယ် အသွယ်သွယ်တို့၌ အတင်းဒလဟော ဒိုက်သရောတွေပါ မြော၍ပါလာအောင် ရေကြီးမြဲဖြစ်သည်၊ ထိုအခါ၌ တောပေါ် - တောင်ပေါ်မှ မြွေငန်း မြွေပွေး အသေးအကြီးများစွာတို့သည် ရေယဉ်စီးကာ အောက်ချိုင်းသို့ ရောက်လာကြကုန်၏၊ ယင်းသို့မြွေပေါ်တဲ့အခါမှာ အရှင်ကြီးဖဲနိုင်လို့ မြွေတွေ ရ လာ ခဲ့ သည် ဟု တောင်သူတိုယ်သမားတို့ယုံကြည်နေကြကုန်၏၊ ယင်းသို့မှားယွင်းတဲ့ ယုံကြည်မှုများကြောင့် မမှန်သော ကိုးကွယ်မှု ပသမှုများ ထွန်းကားလာမြဲဖြစ်သည်။

ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာဝင်အမည်ခံယူနေတဲ့ လူသားသည်''ကိုယ့်အား-ကိုယ်ကိုးရမည်'' ဟူသောဗုဒ္ဓ၏ဩဝါဒကို ကျောခိုင်းလေတော့၏၊ မှန်လှ၏။ ဗုဒ္ဓသည်''ကိုယ့်အား

ကိုယ်ကိုး''ဆိုတဲ့တရားကို ဓမ္မပဒ ပါဠိတော်၌ ဟောတော်မူခဲ့သည်။

အတ္တာဟိ အတ္တနော နာထော၊ ကောဟိ နာထော ပရော သိယာ၊
အတ္တနာဟိ သု ဒန္တေန၊ နာထံ လဘတိ ဒုလ္လဘံ။

မိမိသာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏၊ သူတပါးသည် မိမိ၏ကိုးကွယ်ရာ အဘယ်မှာ ဖြစ်နိုင်မည်နည်း၊ မိမိကိုယ်တိုင်က ယဉ်ကျေးခဲ့လျှင်၊ အလွန်ရခဲတဲ့ ကိုးကွယ်ရာကိုရ၏။

မိမိမှတပါး အခြားသူကိုမှီခိုအားကိုးလိုတဲ့ လူသား၏ဝသီဆိုး မလေ့ဆိုးကြီးကို ရိုက်ချိုးလိုသော ဗုဒ္ဓဘုရားရှင်သည် ''ကိုယ့်အားကိုယ်ကိုး''တရားတော်ကို ဤသို့ပြတ်ပြတ်သားသား မိန့်ကြားတော်မူခဲ့သည်။

သို့ပေမယ်လို့ ဗုဒ္ဓဘာသာထွန်းကား၍ ဗုဒ္ဓ၏တရားတော်ကို ယုံကြည်လေးစားကြကုန်သော တိဗက်ပြည်, တရုပ်ပြည်, ဂျပန်ပြည်, မွန်ဂိုလီယပြည်,နီပေါပြည်,ဘူတန်ပြည်,ဆစ်ခင်းပြည်,ယိုးဒယားပြည်, ဗမာပြည်,သီဟိုကျွန်းစသော နိုင်ငံတို့မှာရှိတဲ့ အများသော ဗုဒ္ဓဘာသာဝင်လူတို့သည် ဒေသန္တရဆိုင်ရာ နတ်အသီးသီးတို့ကို ဖန်ဆင်း၍ အပြင်းအထန် ယုံကြည်လျက် ရှိကြကုန်၏။

ထိုထိုနိုင်ငံများမှာရှိတဲ့ ဗုဒ္ဓဘုရားကျောင်းများသို့ ဝင်ရောက်ဖူးမျှော်တဲ့အခါမှာဝင်း ဘုရားကျောင်းများအတွင်းသို့ ဒေသန္တရဆိုင်ရာ နတ်များနှင့်တကွ နိုင်ငံခြားမှ တင်သွင်းလာသောနတ်များပါ ဝင်ရောက်၍နေရာယူပြီး ဖြစ်နေကြဒါကို တွေ့ရှိရချေသည်။

"နတ်ကွန်းအစ ဟိန္ဒူက" ဟူသော ဆိုရိုးစကားအရ ဗုဒ္ဓနိုင်ငံတော်၌ ဟိန္ဒူ လူမျိုးတို့ တည်ထောင်ဖန်ဆင်းထားတဲ့ နတ်ကွန်း၊ နတ်နန်းကား ကြီးကျယ်လှ၏၊ မြင့်မားလှ၏၊ ကုဋေကုဋာ မြောက်များလှစွာသော နတ်အပေါင်းတို့၏ စံမြန်းရာလည်းဖြစ်ခဲ့၏၊ ထိုနတ်ကွန်းမှ အချို့သောနတ်တို့သည် မိမိတို့၏ အမည်ဟောင်းကို ပယ်ဖျက်၍ အမည်သစ်ကို တပ်ဆင်ကာ ဗုဒ္ဓသာသနာ သွားလေရာ တိုင်းသစ်ပြည်သစ်၊ နိုင်ငံသစ်များသို့ လိုက်ပါလာခဲ့ကြ ဟန်ရှိလေသည်။

အမှန်ဆိုရလျှင် လူသား၏ အလိုဆန္ဒအားလျော်စွာ နတ်တို့၏အရေအတွက်လဲ တိုးချီဆုတ်ချီ ဖြစ်နေဟန်ရှိလေသည်။

အထက်၌ဆိုခဲ့တဲ့အတိုင်း လူသားသည် သူတပါးအားကိုးလိုတဲ့စိတ်ကို ပို၍ မွေးမြူလေလေ နတ်အရေအတွက်လဲ တိုးလာလေဖြစ်သည်၊ ကျနုပ်တို့ မြန်မာနိုင်ငံ၌ အချို့သောနတ်တို့သည် အိမ်ဦးခန်းတိုင်းလိုလိုမှာရှိတဲ့ မွန်မြတ်သန့်ရှင်းသော ဘုရားကျောင်းဆောင်အနီးသို့ ရောက်အောင်ပင် တိုးဝင်၍လာကြလေပြီ၊ အချို့အိမ်များ၌ ဘုရားပွဲထက် နတ်ပွဲက အများကြီး ပို၍နေသည်ကို တွေ့ရလေပြီ။

ဤသို့ကော အဘယ်ကြောင့် ဖြစ်ရလေသနည်း။

လူသားသည် မိမိ၏အစစ်အမှန်ဖြစ်သော ဘဝကို မေ့ပျောက်၍အကြောက်နှင့်အမျှော်ကို လက်ခံမိသောကြောင့်ဟူ၍ ဖြေဆိုရပေလိမ့်မည်။

အေး–မှန်လှချေ၏၊လူသားသည်မြင့်လှ၏,မြတ်လှ၏၊မည်သည့်သတ္တဝါ၏အဖြစ်ကိုမျှ“ဒုလ္လဘောဟူ၍”မဟောခဲ့ပဲ လူ၏အဖြစ်တခုကိုသာရွေးထုတ်၍ဗုဒ္ဓက“ဒုလ္လဘော”ဟု ဟောခဲ့သည်မဟုတ်တုံလော၊ ဤကပ္ပါလောကမြေပြင်၌ ပွင့်ပေါ်၍သွားကြကုန်ပြီးသော ဘုရားရှင်တို့၏ စာရင်းကိုဖော်ပြရာဗုဒ္ဓဝင်ကျမ်းကြီးတို့ကို ကြည့်ပါဦး၊ လူသားမှတပါး အခြားမည်သည့် သတ္တဝါများ ဘုရားအဖြစ်သို့ ရောက်ခဲ့ဒါကို တွေ့ရပါသနည်း၊ လူသား ကိုယ်တိုင် ရောက်ရှိ နိုင်သော အဆင့်အတန်းတို့တွင် ဘုရား၏အဆင့်သည် အမြင့်ဆုံးပင်ဖြစ်သည်မဟုတ်တုံလော၊ လူသားမှာ အသိဉာဏ်နှင့် စင်းစားဉာဏ်ဝေဖန်ဉာဏ်များရှိသည်၊ အခြား သတ္တဝါတို့မှာ ၎င်းဉာဏ်များရှိပါသလော၊ ထိုသို့သော အသိဉာဏ်များ၏ ပိုင်ရှင်ဖြစ်သော လူသားသည် အကာအကွယ်ဖြစ်နေတဲ့ ကန့်လန့်ကာအမဲကြီးတွေကို တခုပြီးတခု ဆက်ခါ-ဆက်ခါ ဆွဲခွါရှုံချခဲ့ရသည်မဟုတ်တုံလော၊ လူသားသည် စူးစမ်းရှာဖွေနိုင်မှု တီထွင်ဖန်တီးမှုတို့ကို အမြဲတန်းရှေ့ရှု၍ ကြိုးပမ်းခဲ့ကြလေရာယခုအခါ သူသည် မိုးပျံ ရေလျှိုး နိုင်တဲ့အစွမ်းသတ္တိ၏ပိုင်ရှင်ဖြစ်နေပြီမဟုတ်တုံလော၊ ရှေးလူကြီးသူမတို့ ပြောပြောပြောထ သုံးလေ့ သုံးထရှိတဲ့'ရေကြောနှင့် မြေကြောကိုလည်းလူသားကိုယ်တိုင် ရှု့နိုင်ခဲ့ပြီမဟုတ်လော၊ ဤသို့အားဖြင့်လူသားသည် သူ၏နေရေး ထိုင်ရေးဖက်၌၎င်း၊ စားရေးသောက်ရေးဖက်၌၎င်း၊ သွားရေးလာရေးဖက်၌၎င်း၊ တည်ရေးဆောက်ရေးဖက်၌၎င်း၊ကြံရေး စီရေးဖက်၌၎င်း၊ လုပ်ရေးကိုင်ရေးဖက်၌၎င်း၊ ပြောရေးဆိုရေးဖက်၌၎င်း၊ တို့တို

ကျင်းကျင်းနှင့် လိုရင်းချုံ့ရလျှင် သေမင်း၏ စစ်သည်တော်များကို ခုခံတိုက်ဖျက်ရေးဆိုတဲ့ ဆေးဖက်-ဝါးဖက်နှင့် ခွဲစိပ်ကုသရေး ဆိုင်ရာဖက်တို့၌ဒင်း၊ ကြံစီတီထွင်၍ဖန်တီး၍ထားအပ်သော လူသုံးဇိမ်ခံပစ္စည်းများဖြင့် ရစ်မူး၍နေခြင်းကြောင့် မိမိ၏ဘဝအစစ်အမှန်ကို မသိမမြင်နိုင်တော့ချေ။

ထို့ကြောင့်လည်း သူသည် မိမိကိုယ်တိုင် ဖန်ဆင်းထုလုပ်၍ မုံသွင်းထားသော နတ်တို့ကို ဒူးထောက်ရှိကျိုးရှိခိုးပူဇော်ပသရတဲ့ အခြေသို့ပင်ဆိုက်ရောက်အောင် လျှောကျခဲ့ရလေပြီ။

ထို့ကြောင့်--

အို....လူသား....ထလော့

သင်၏ဉာဏ်မျက်လုံးကို ပိတ်ဖုံးကာဆီးနေတဲ့ အစွဲဥပါဒါန်မျက်ချေးတို့ကို ပြောင်စင်အောင် သုတ်သင်ပြီး လျှင်ကြည်လင်သောမျက်လုံးဖြင့် သေချာစေ့ငုကြည့်ရှု လိုက်စမ်းပါလော့။

ထိုအခါ-နတ်ဆိုဒါဟာ လူသား၏ ပဋ္ဌဒါရဝိမုတ်ဖြစ်တဲ့ မနောဒွါရတိုက်ထုတ် စိတ်ကူးအရုပ်တို့သာ ဖြစ်ပါတကားဟူ၍ သေချာထင်ထင် သိမြင်၍လာပါလိမ့်မည်။

အို-လူသား။

သင်၏နဖူးပြင်မှာ လက်ကလေးများ တင်ပြီးလျှင် အနည်းငယ် ဆင်ခြင်စဉ်းစားလိုက်စမ်းပါ၊ တွေးတောလိုက်စမ်းပါ၊ သင်ကိုယ်တိုင် ထုလုပ်တဲ့ နတ်ရုပ်တွေကို ပသ-ရှိကျိုး ရှိခိုးပူဇော်တဲ့အဆင့်မှ သင်ကိုယ်တိုင် စိုက်ပျိုးတဲ့ သစ်ပင်တွေကို

ရှိခိုးကော်ရော် ပူဇော်တဲ့ဘဝသို့ လျှောကျနေဒါကို သင်ကိုယ်တိုင် တွေ့ရပါလိမ့်မယ်၊ ဤသို့အားဖြင့် တဆင့်ပြီးတဆင့် အသင်လူသား လျှောကျ၍သွားခဲ့ရာ ယနေ့နောက်ဆုံးအခြေတွင် အသင်လူသားသည် ကိုယ့်အားကိုယ်မကိုးနိုင်တဲ့ အရိုးမပါသော သတ္တဝါအဖြစ်သို့ ဆိုရောက်နေချေပြီ။

အသင်လူသားသည် ခိုကိုးရာမဲ့ဘဝသို့ ကိုယ့်ကိုယ်တိုင်လမ်းဖေါက်၍ စေတနာ့ဝန်ထမ်း လျှောက်၍လာခဲ့ရာ ယနေ့အခါ အသင်လူသားကိုယ်ပိုင် ဖန်ဆင်း၍ အသက်သွင်းပေးခဲ့တဲ့နတ်ရုပ်များဖက်သို့ မျက်နှာမူလက်အုပ်ချီ၍ ဆုတောင်းရတဲ့ဘဝသို့ရောက်နေချေပြီ၊ နေ့တတိုးတိုး ညတတွတ်တွတ်ရွတ်ကာ-ဖတ်ကာ မန်းမှုတ်ကာ တစာစာ ထပ်လောင်း၍နတ်အပေါင်းတို့ထံ တောင်းခံတဲ့ဘဝသို့ အသင်လူသားကိုယ်တိုင် ရောက်မှန်းမသိ ရောက်လျှက်နေချေပြီဘကား။

အိုလူသား--ထလော့၊ မျက်လုံးကို စုံဖွင့်၍ ရဲရဲတင်းတင်းကြီး ကြည့်ပါလော့၊ ယင်းသို့နတ်တို့ကို-ပူဇော်ပသခြင်းဖြင့် အသင်လူသား၏ အလိုဆန္ဒ ဘယ်နှစ်ကြိမ်များ ပြည့်ခဲ့ဘူးပါသနည်း၊ နတ်တို့၏တံခိုးကြောင့် သင်အလိုရှိတဲ့အကျိုးများ ဘယ်နှစ်ခါပြီးမြောက်ဖူးပါသနည်း ?

အသင်လူသားကိုယ်တိုင် ကြောက်ရွံ့ထိပ်လန့်တဲ့ ဘေးအပေါင်းရန်အပေါင်း, အန္တရာယ်အပေါင်း, မကောင်းဟူသမျှတို့မှ လွတ်ကင်းအောင် အဘယ်မည်သော နတ်ဆိုး နတ်ကောင်းတို့က ဘယ်နှစ်ကြိမ်များ အသင်လူသားကို စောင်မခဲ့ဖူးပါသနည်း ?

အသင်သည် အိပ်ရာဝင်တဲ့အခါမှာလဲ နတ်များကို မမေ့လျော့ခဲ့ချေ၊ သင်၏ ခေါင်းရင်း ခြေရင်း လက်ဝဲ လက်ျာနံထောင့်တို့မှာ အမြဲတစေစောင့်ရှောက်၍နေရန် သင်ကိုယ်တိုင်နတ်ကိုတို့ပင့်ခေါ်၍ထားခဲ့သည်၊ဒါပေမယ်လို့ အပေါက်ကိုပိတ်ရန် မေ့သွားတဲ့တနေ့မှာ သင်၏အိမ်ကို သူခိုးဝင်၍ခိုးသွားမည် မဟုတ်တုံလော၊ လူသား၏ လုပ်ငန်းဆောင်တာအဖြာဖြာတို့၌ အောင်မြင်မှုအတွက် နတ်ကိုးမှုနှင့်နတ်ပသမှုများကို ပြုလုပ်ကြခြင်းကား သမရိုးကျ-လုပ်ငန်းဖြစ်လျက်နေချေပြီ။

သို့ရာတွင်၊ အကျိုးတရားကား ထူးမခြားနားပင်၊ ကျုနုပ်တို့ရဲ့ အထက်မြန်မာနိုင်ငံ မိုးခေါင်ရေရှားရပ်ဝန်းကတောင်သူ လယ်သမားများကိုကြည့်ပါဦး၊ သူတို့သည် ဒိမိတို့၏ အမှတ်အသားအတိုင်း မိုးဦးကျခဲ့သော် ဆိုင်းနဲ့ဗုံနဲ့နတ်ကွန်းတက်ရန် ပြင်ဆင်ကြကုန်၏၊ ကလေးလူကြီးမှစ၍ရွာရှိလူများ နတ်ဒိုးတီးခါ ညောင်ပင်ရှိရာ (သို့မဟုတ်)နတ်စင်ရှိရာသို့ ပျော်ပျော်ပါးပါး တီးမှုတ်ကခုံ၍ ထွက်သွားကြလေကုန်၏၊နတ်ယကာပွဲကားပါရမြဲ၊ နတ်စင်ရောက်လျှင်နတ်ဝင်များကိုရင်း (သို့မဟုတ်) အခြားအရပ်သား တယောက်ယောက်ကိုရင်း၊ နတ်ပူးလေတော့သည်။ တရံတခါ ဖိုးမင်းကျော်ဝင်၍လာတတ်သည်၊ အဲဒါလို ကိုကြီးကျော် ဝင်လာလျှင်အရက်ကိုပင် ကပ်၍ရှာကြရသေး၏၊ သို့ရာတွင် နတ်ယကာပွဲဖိုးနှင့် အရက်ဖိုးသာကုန်ခဲ့သည်၊ မိုးကားမရွာ၊ ၎င်းတို့၏ ဖြစ်ရပ်ကား ကြည့်ကွဲစရာပင်။

လူသား၏ လူ့ဇာတိမာန်ကား ဤမျှကျဆင်းခဲ့ချေပြီ၊ ထို့ကြောင့် လူသား၏ အခြေအနေလဲ ခယိုခရိုင်အဖြစ်သို့ ရောက်လျှက်နေချေပြီ၊ သို့ဖြစ်ရာ "လောကုတ်-လောကီဆိုင်ရာတို့၌ တိုးတက်ခြင်းကိုအလိုရှိသော လူသားသည် ကိုယ့်အား ကိုယ်ကိုးကြလော" ဟူသောဗုဒ္ဓ၏ စာချွန်တော်ဖက်သို့ မျက်နှာမူရန်သာရှိတော့သည်။

ဘုရားရှင်သည် သက်တော်ရှစ်ဆယ်သို့ ရောက်၍(၄၅) ကြိမ်မြောက်ဝါကို ဗေဠုဝရွာကလေး၌ ကပ်တော်မူခဲ့သည်။

ထိုနှစ် ဝါတွင်း၌ဘုရားရှင်၏ ရူပကာယတော်သည်ဇရာနှင့် ဗျာဓိလက်တွဲ၍ ဖိစီးခြင်းကိုခံရသည်။ သက်တော် ရွယ်တော်လဲ ကြီးရင့်ခဲ့ပြီ၊ ဒီအထဲမှာ ပြင်းထန်သော, ကြမ်းထမ်းသော,အခံရခက်သော,သေခြင်းသို့ရှေ့ရှုသော ရောဂါဝေဒနာ၏၊ ရက်စက်သောဒဏ်ကိုပါ ခံတော်မူရပြန်သည်။

ဤမျှပြင်းထန်သောသေခြင်းလျှင် အဆုံးရှိတဲ့မဏာရဏန္တိကဒုက္ခကိုခံစားတော်မူစဉ်မှာအလုပ် အကျွေးများကိုမတိုင်ပင်ပဲ ရဟန်းသံဃာတော်ကို မပန်ကြားပဲ "ငါဘုရား ပရိနိဗ္ဗာန်စံယူ၍သွားခဲ့လျှင် သင့်လျော်မည် မဟုတ်ချေ၊ ထို့ကြောင့် သတိဝိရိယနှင့် အာယုသင်္ခါရကို အုပ်ထိန်း၍ ထားရပေဦးမည်"ဟုနှစ်လုံးသွင်းကာ နေထိုင်တော်မူခဲ့ရာ ထိုရောဂါမှ ထမြောက်တော်မူခဲ့လေပြီ၊ ယင်းသို့ ထိုရောဂါမှ ထမြောက်ပြီးနောက် မကြာမီပင် ရှင်အာနန္ဒာသည် ဘုရားရှင်၏အနီးသို့ ချဉ်းကပ်ပြီးလျှင် ဘုရားရှင်၏ ဝေဒနာခံစားရမှုကို မရှုနိုင်ပုံနှင့်တကွ ဘုရားရှင်ဝေဒနာမှ လွှန်မြောက်လာပြန်တဲ့အတွက် စိတ်သက်သာရာ ရပုံများကို လျှောက်ထားပြီးလျှင် နောက်

ဆုံးတွင် ဘုရားရှင်သည် ဘိက္ခုသံဃာအတွက် တစုံတရာ သောစီမံချက်ကို မပြုမလုပ်တော့ပဲ ပရိနိဗ္ဗာန်စံယူ၍မသွားပေဘူး-ဟူသော အသိကလေးနှင့်ပင်"တပည့်တော်၏ စိတ်မှာ သက်သာရာရနေပါသည်ဘုရား" ဟူ၍ ရှင်အာနန္ဒာက လျှောက်ထားလေပြီ၊ ထိုအခါ ဘုရားရှင်သည် အောက်ပါအတိုင်း မိန့်ကြားတော်မူလေပြီ။

"ဘယ့်နှယ်လဲအာနန္ဒာ၊ ဘိက္ခုသံဃာသည် ငါ့ထံမှ ဘာကိုမျှော်လင့်ချက်ထားနေသနည်း။"

"ငါဘုရားသည် အတွင်းအပြင်မခြားပဲ တရားအမှန်ကိုတသားတည်းဟောခဲ့ပြီ၊အိုအာနန္ဒာ-ငါဘုရားတို့၌ဆရာစားချန်ရိုးမရှိချေ၊ ဘိက္ခုသံဃာသည် ငါ၏ နောက်လိုက်ဖြစ်သည်၊ ငါသည် ဘိက္ခုသံဃာကို ဦးဆောင်နေသည်ဟူ၍ ငါဘုရား၏စိတ်မှာမထားချေ၊ ငါဟောကြားပညတ်ခဲ့သော ဓမ္မနှင့် ဝိနယတို့သည် ဘိက္ခုသံဃာကို ဦးဆောင်မှုပေးပေလိမ့်မည်၊ ယခုသော်ကား အို-ရဟန်းများတို့ ငါဘုရား၏ရူပကာယသည် ရင့်ရော်ခဲ့လေပြီ၊ အိုမင်းခဲ့လေပြီ၊ ဘဝခရီးအပြီးတိုင် လျှောက်ခဲ့ချေပြီ၊ အနှစ်ရှစ်ဆယ်ပြည့်မြိုးကြွယ်ခဲ့လေပြီ၊ ခယိုခယိုင်ဖြစ်၍နေသောလှည်းအိုကြီးကို ကြိုးကြိမ်နွယ်တို့ဖြင့်တဲ၍မောင်းနေရသကဲ့သို့ပင်၊ ငါဘုရားခန္ဓာကိုယ်လည်း သမာဓိနှင့်တဲ၍ထားခြင်းကြောင့်သာ လှုပ်ရှားသွားလာနေခဲ့ပြီ၊ အိုအာနန္ဒာ အကြင်အခါ၌တထာဂတသည် အားလုံးသော နိမိတ်တရားတို့ကို နှလုံးမသွင်းသဖြင့် ခံစားမှုဝေဒနာများ၏ ချုပ်ငြိမ်း၍သွားခြင်းကြောင့်၊ အနိမိတ္တ သမာဓိကိုဝင်စား၍

နေ၏၊ ထိုအခါ၌သာလျှင် တထာဂတ၏ကိုယ်ကာယ၌ ချမ်းသာခွင့်(၀၊)သက်သာခွင့်ပေါ်ခဲ့လေပြီ။

ထို့ကြောင့် အို-အာနန္ဒာ အတ္တ ဒီပါ ဝိဟရထ၊ အတ္တ သရဏာ၊ အနည သရဏာ။ သူတပါးတည်းဟူသော အားကိုးရာကိုမရှာကြပဲ ကိုယ့်ကိုယ်ကိုသာမှီခိုအားထားရာပြု၍နေရစ်ကြကုန်လော။

ဓမ္မ ဒီပါ ဝိဟရထ၊ ဓမ္မသရဏာ အနည သရဏာ၊ အမှန်ဓမ္မမှတပါး အခြားအားကိုးရာမရှာကြကုန်ပဲ၊ အမှန်ဓမ္မကိုသာမှီခိုရာအားထားရာပြု၍နေရစ်ခဲ့ကြကုန်လော့''ဟူ၍ ကိုယ့်အားကိုယ်ကိုးဖို့ စာချွန်တော်ကို ထုတ်စေခဲ့လေပြီ။

ပုဂ္ဂိုလ်နှင့်ဓမ္မ-နှစ်ခုတို့ဘွင်ဓမ္မဒီပ, ဓမ္မသရဏာသာအရေးကြီးပုံကို ဝက္ကလိထေရာပဒါန်၌ တွေ့ရပေလိမ့်မည်၊ ဝက္ကလိကား အားထားရာမဲ့, ခိုကိုးရာမဲ့,ကလေးတယောက်ဖြစ်ခဲ့ပြီး ကလေးငယ်ကို ဘေးရန်ကင်းစေခြင်းငှာ ရပ်ရွာသူကြီးများက ဘုရားရှင်၏လက်သို့ လှူဒါန်းလိုက်ကြသည်၊ ထိုအချိန်အရွယ်မှစ၍ ဘုရားရှင်နှင့်သံဃာတော်များ၏ လက်ပေါ်တွင် ထိုဝက္ကလိကလေးကြီးပြင်းခဲ့ရလေသည်၊ သူသည် ဘုရားမြင်ကိုမမြင်ရမနေနိုင်ဖြစ်ခဲ့ပြီးဘုရားရှင်ကိုအားကိုးရာမှီခိုရာအနေဖြင့်အစွဲကြီးစွဲလျက်နေချေပြီ၊ (၇) နှစ်သားအရွယ်တွင် ရဟန်းအဖြစ်သို့ရောက်ပြီးလျှင် ဘုရားရှင်၏နောက်တော်ပါးက အရိပ်ပမာ အမြဲတန်းလိုက်ပါ၍နေခဲ့ပြီ၊ စက္ကဝက်ငှက်ကလေးများ လပြည့်ဝန်းကိုကြည့်ရှု၍ အရသာယူတဲ့နည်းမျိုးဖြင့် ဘုရားရှင်၏ရူပကာယတော်ကို အမြဲတစေကြည့်ရှုနေခြင်းဖြင့် အချိန်တွေကိုဖြုန်းခဲ့လေပြီ၊ အခြင်းအရာ

သိမြင်တော်မူရာ ဘုရားရှင်သည် ဝက္ကလိရဟန်းငယ်ကို အပါးသို့ခေါ်တော်မူ၍ ချစ်သားဝက္ကလိက - ပုထုဇဉ်လူအတို့သာ စွဲမက်ခုံမင်ရာဖြစ်တဲ့ ရုပ်ရုံကို အဘယ်ကြောင့်စွဲလန်း၍နေရသနည်း၊ ဤရုပကာယသည် အပြစ်အာဒီနဝ ဟူသမျှတို့၏တည်ရာမှီရာဖြစ်သည်၊ အဆိပ်ပင်ကြီးနှင့်တူသည်၊ ရောဂါဝေဒနာအဖြာဖြာတို့၏ ခိုအောင်းရာဖြစ်သည်၊ ဆင်းရဲတုံး ဒုက္ခခဲကြီးသာဖြစ်သည်၊ စသည်ဖြင့် အဆုံးအမသြဝါဒပေးတော်မူပြီးလျှင်။

ယောဟိ ပဿတိ သဒ္ဓမ္မံ၊ သော မံပဿကိလ္လိတော၊
အပဿ မာနော သဒ္ဓမ္မံ၊ မံပဿမ္ပိ န ပဿတိ၊
ဟူ၍ဟောတော်မူသည်။

"အကြင်သူသည်သူတော်ကောင်းတရားကိုမြင်၏၊ကျင့်၏၊ ထိုပညာရှိသည် ငါဘုရားကို အမြဲထာဝစဉ် မြင်နေသူမည်၏၊ သူတော်တရားကို မကျင့်သူသည် မျက်စေ့အောက်မှာ ရောက်နေတဲ့ ငါဘုရားကိုပင် မြင်သည်မမည်" ဟူ၍ ဆိုလိုပါသည်။

ဗုဒ္ဓဘုရားရှင်သည် ၄၅-ဝါတို့ကာလပါတ်လုံး နိဂုံးမမသတ်နိုင်တဲ့ မဟာကရုဏာဖြင့် နှိုးဆော်အပ်သည်ဖြစ်သောကြောင့် သဒ္ဓမ္မဆိုတဲ့ အမှန်တရားကို ဟောကြား ညွှန်ပြခဲ့သည်။ အမှန်မှာ-ဓမ္မနှင့်ဝိနယကို တိကျစွာ ဟောတော်မူခဲ့သည်၊ ပညတ်တော်မူခဲ့သည်။ ထိုသည့်ဓမ္မနှင့်ဝိနယကို လိုက်နာကျင့်သုံးသူသာလျှင် ဘုရားရှင်နှင့်အနီးဆုံး ကပ်၍နေသူ (ဝါ)ဘုရားရှင်ကိုနေ့တိုင်းထာဝစဉ် မြင်၍နေသူဖြစ်နိုင်သည်။

အခကြေးစားလူကိုငှား၍ တရားကိုကျင့်ကြံစေလျှင်ကော ဘုရားရှင်၏အလိုနှင့်တိုက်ညီပါမည်လော၊ ထိုသို့ကျင့်ကြံလျှင်လည်း ကျင့်ကြံသူအတွက်သာ အကျိုးသက်ရောက်နိုင်သည်။

အခကြေးငွေဖြင့် ငှားရမ်းသူအတွက် ဘာကျိုးမှမထွက်နိုင်ချေ၊ လူတယောက်ပြုလုပ်သောကုသိုလ်နှင့် အကုသိုလ်ကံတို့၏အကျိုးကို အခြားလူတယောက်က ဝင်၍ခံနိုင် စံနိုင်တဲ့ဓမ္မတာမရှိဖြစ်ချေသည်၊ အာဟာရပြတ်၍ ထမင်းငတ်နေသူသည် မိမိကိုယ်တိုင် တစုံတခုသောအာဟာရကို သုံးဆောင်မှီဝဲခြင်းနှင့်သာလျှင် မိမိ၏ဆာလောင်မွတ်သိပ်မှုကို ဖြေဖျောက်နိုင်သကဲ့သို့ ထို့အတူပင်- ဘဝဝဋ်ထောင်အတွင်းမှာ အကျဉ်းခံနေရတဲ့လူသားသည် ဘုရားရှင်ညွှန်ပြခဲ့တဲ့ အမှန်လမ်းစဉ်ကို တိကျစွာလိုက်နာကျင့်သုံးခြင်းဖြင့်သာလျှင် ထိုအကျဉ်းထောင်မှ လွတ်မြောက်နိုင်ပေလိမ့်မည်၊ သားဖြစ်သူသည် လူသတ်မှုကိုကျူးလွန်၍၊ ၎င်းကား "အသက် အရွယ် ငယ်ပါသေးသည်၊ ဘဝတက်လမ်း အများကြီးရှိပါသေးသည်၊ ၎င်းအား သေစားသေစေရန် ကြိုးမိန့်ပေးမည့်အစား သူရဲ့ဖခင်ဖြစ်တဲ့ ကျွန်တော်မျိုးကို ကြိုးမိန့်ပေးတော်မူပါ၊ကျွန်တော်မျိုးကြီး သူ့အစား ရာဇဝတ်ပြစ်ဒါဏ်ကို ကြည်သာစွာခံယူပါမည်"ဟူ၍ ဖခင်ကြီးကလျှောက်ထားရာ"လူသတ်တရားခံအစစ်ဖြစ်သော သားကိုလွှတ်၍ အဖဖြစ်သူကို ကြိုးပေးစေ" ဟု အမိန့် ချမှတ်ပါမည်လော၊ ကမ္ဘာ့လောကရှိ မည်သည့်တရားသူကြီးမျှ ဤသို့သော အမိန့်ကို ချမှတ်လိမ့်မည်မဟုတ်ချေ။

အကယ်၍များ ချမှတ်ပေးခဲ့သည်ဆိုယင် တရားခံအစစ် လွတ်မြောက်၍ အပြစ်ကင်းသူ နစ်ယောက် သေရခြင်းသာ အဖတ်တင်သဖြင့် ကပ္ပါ၏တရားမဏ္ဍိုင် ခယို ခ ယိုင် ဖြစ် ၍ သွားပေလိမ့်မည်။

ထိုကြောင့် ဗုဒ္ဓဘုရားရှင်သည် အတ္တဒီပ, အတ္တသရဏ ဆိုတဲ့ ''ကိုယ့်အားကိုယ်ကိုး'' တရားတော်ကို ညွှန်ကြားခဲ့ သည်၊ ''ဓမ္မဒီပ ဓမ္မသရဏဆိုတဲ့ အမှန်တရားကိုသာ အား ထားရာ''ဟူ၍ ဟောကြားတော်မူခဲ့သည်၊ ဤဟောညွှန်ချက် များအရ ကိုယ်စားလှယ်ဖြင့် အပြစ်ခံမှု အကျိုးခံမှု ဘဝ လွတ်မြောက်ရေးဆိုင်ရာ၌ ဟားကွက်များဖြစ်ကြောင်း ပေါ် လွင်ခဲ့လေသည်၊ ဗုဒ္ဓကား ''ကိုယ်အား ကိုယ်ကိုး၊ ကိုယ် တိုင်ကြိုးမှ ပဲခိုး-ပုဂံ စုံအဆန်တွင် ကိုယ် လိုရာ ရပ်ဌာန်သို့ ကိုယ်တိုင်ဇကန် ရောက်နိုင်ရန်တရား''ကို ဟောကြားညွှန်ပြ ခဲ့သော ဘုရားဖြစ်ခဲ့သည်၊ သို့ဖြစ်ရာ ဗုဒ္ဓဘုရားရှင်၏လမ်း စဉ်ကို ဖြောင့်တန်းတိမတ်စွာ လိုက်နာလို့သော လူသား သည် မိမိမှတပါး အခြားသော နတ်သိကြားတို့ကို ကိုးကွယ် အားထားရာဟူ၍ မှတ်ယူယုံကြည်မှုကို အပြီးတိုင် လက်စ တုံးချေမှုံးလိုက်ရာသည်၊အားကောင်း မောင်းသန်ခရီးသွား ယောကျ်ားတယောက်သည် မိမိ၏သွားရာလမ်းခရီးအကြား ၌ အဟုန်ပြင်းထန် ရေပြည့်လျှံသော မြစ် ချောင်း တ ခု ကို တွေ့ပေရာ၏၊ မြစ်ကမ်းတလျှောက်တွင် အ ခြား တ ဖက် သို့ ကူးခတ်ရန် လှေငယ်သမ္ဗာန်လည်းမရှိ သစ်ဖေါင်ဝါးဖေါင် လည်းမရှိ၊ ပေါင်းကူးတံတားနှင့်ကူးတို့ သင်္ဘောများလည်း နတ္ထိ၊ ဤမှာဖက်ကမ်းကား ဘေးဘျမ်းတို့ဖြင့် ပြည့်၍၊ ညွှ

အခါရောက်သည်နှင့်တပြိုင်နက် လူကိုသတ်၍ ပစ္စည်းကိုယူကြမည့် လူဆိုးလူကြမ်းများ ရောက်လာကြ၍ သတ်ဖြတ်လုယူကြလိမ့်မည်၊ လူကိုကိုက်ဖြတ် စားသောက်ကြမည့် ကျားနှင့်ခြင်္သေ့တို့လည်း အုပ်လိုက် ဖွဲ့ ကာ မကြာမီရောက်ရှိ၍လာကြလိမ့်မည်၊ထိုသည့်ယောကျ်ားမည်သို့ပြုလုပ်ရမည်နည်း။

ဘေးလွတ်ရာတဖက်ကမ်းသို့ ရောက်အောင် ''ကယ်မစောင့် ရှောက် တော် မူကြပါ''ဟူ၍ နတ် သိ ကြား တို့ အားလျှောက်ထားတောင်းပန်မည်လော-

အကယ်တစေ-ထိုအခြေသို့ ရောက်နေသောယောကျ်ားကိုဗုဒ္ဓ ဘု ရား ရှင် တွေ့မြင်ခဲ့သော် မည်သို့ အမိန့်တော်ချမှတ်မည်နည်း ?

အို....အချင်းယောကျ်ား—ထလော့၊ သင့် အား ကို သင်ကိုး၍ သင့်အကျိုးကို သင်ဆောင်လော၊ သင်၏ သန်မာသောခြေလက်တို့ကို အားကိုး ပါလော့၊ အချိန် မနှောင်းမီခြေလက်တို့ဖြင့် အပြင်းအထန် ရက်ကန်ကာ ပဋ္ဌမရေတံခါးသို့ရောက်အောင် ဆန်တက်ပါလော့'' ဟူ၍သာ ဗုဒ္ဓဘုရားရှင်က အမိန့်ပေးတော်မူချိမ့်မည်။

ဘဝရေစီးကား အဟုန်ဒီးဒီး အရှိန်ကြီးလှ၏၊ ၎င်းရေစီးအဘိုင်း စုံ၍လိုက်သွားခဲ့လျှင် မကြာမီ ''နိုင်ယာဂရ'' ရေတံခွန်ကဲ့သို့သော ရေကျသို့ ရောက်မည်၊ အသူတရာနက်လှစွာသော ဝဲဇာလုပ်ကြီးအတွင်းသို့ သက်ဆင်းရမည်၊ ယင်းသို့ကျရောက်သွားသူအတွက် ပြန်လမ်းထွက်လမ်းမရှိတော့ပြီ၊ အထက်အညာသို့ ဆန်၍ကူးနိုင်ခဲ့လျှင် ခရီးမိုင်တာ မကွာလှသောနေရာ၌ ပဋ္ဌမရေတံခါးကို ေ လိမ့်မည်၊ ထိုရေတံ

ခါးပေါ်မှ ကျော်၍ကျသော ရေ—အယဉ်သည် နိုင်ယာဂရ ရေတံခွန်မှ ကျတဲ့ရေလိုပင် အဟုန်ပြင်းထန်လှသည်၊ လူသား ကား ထိုရေစီးကို ဆန်တက်နေသော ရေကြောင်းခရီးသယ် ဖြစ်၍၊ ကျောက်ဆောင် ကျောက်တောင် ထူထပ်တဲ့ အပြင် ရေစီးကလဲသန်လှရာ အဘယ်မှာလျှင် လှေငယ်ဘောက်တူ အကူယူနိုင်ချိမ့်မည်နည်း။

လူသားသည် ထိုရေစီးကိုဆန်တက်ရာ၌ ဘေးမှ အကူ အညီ ယူနိုင်ပါဦးမည်လော။

မပစ်မခွါရက်အောင် ချစ်လှစွာသော သားသမီး နှင့် မယားဇနီးတို့ကိုကော လက်ဝဲလက်ျာ ဘယ်ညာဆွဲ၍ တွဲနိုင် ပါဦးမည်လော။

မစွန့်ရက်-မလွှတ်ရက်အောင် ဇွတ်မက်တွယ်တာနေခဲ့တဲ့ ရတနာ-ရွှေ-ငွေတို့ကိုကော ထမ်းပိုးသယ်ဆောင်နိုင်ပါ ဦးမည်လော။

ရေညာကို ဆန်ပြီးကူးနေရတဲ့ လူသားအတွက် ထိုထိုသို့ သော သက်ရှိသက်မဲ့ ပစ္စည်းတို့ကိုမဆိုထားဘိ သူ့ရဲ့ကိုယ် မှာကပ်နေတဲ့ အဝတ်တန်ဆာ ဒွါဒရာများပင် အသက် အန္တ ရာယ်အစစ် ကေန်ဖြစ်၍နေကြချေသည်၊ သို့ဖြစ်ရာ ရေညာကို ဆန်၍ကူးလိုသော ယောကျ်ားသည် ဗဟိဒ္ဓဖြစ်သော အတွယ် အတာညိစရာတို့ကို အကုန်လုံး စွန့်ပစ် ပယ်ခွါရမည်၊ မိမိ၏ ခြေနှင့်လက်ကိုသာ အားကိုးရမည်၊ ယင်းသို့ကိုယ့်အားကိုယ် ကိုးပြီး ကိုယ့်လွတ် လပ်ရေးဆိုတဲ့ ကိုယ် ကျိုးအ တွက် သာ အားကိုးမာန်တက် ဆောင်ရွက်ရချေမည်၊ ထို့ကြောင့်—ဓမ္မ ပဒပါဠိတော်၌-

"အတ္တာ ဒတ္တံ ပရတ္ထေန–ဗဟုနာပိ နဟာပယေ။"

"များလှစွာသော သူတပါး၏ အကျိုးရှိကာမျှဖြင့် ကိုယ်ကျိုးကို မဆုတ်ယုတ်စေရာ"ဟူ၍ ဗုဒ္ဓဘုရားကိုယ်တိုင်ဟောတော်မူခဲ့သည်မဟုတ်ပါလော့။

ထိုမျှအဟုန်ဒီးဒီး ရေစီးသန်လှသော ရေကြောင်းကို ဆန်တက်ကူးခတ်နေသော လူသားမှာ တချက်မျှ ရပ်နားခွင့်မရှိချေ၊ မိမိ၏ခြေလက်တို့ဖြင့် အမြဲတစေ ကူး၍ယက်၍နေရချေမည်၊ တချက်မေ့လျော့၍ တချက်ပြေ့လိုက်လျှင် ဝဲကတော့ဖက်သို့ နစ်ပြန်လောက် မျော၍သွားလိမ့်မည်။

ဒါကြောင့် ဗုဒ္ဓဘုရားရှင်က "အိုချစ်သား – မမေ့နှင့်– မမေ့နှင့်၊ သတိ–သတိ" ဟူ၍ အမြဲတစေ သတိပေး၍နေရသည်မဟုတ်တုံလော။

ထိုမျှကြံ့ခိုင် ကျောက်မဏ္ဍိုင်သို့ မယိုင်မလှုပ် အဟုတ်ကျိုးစား လုလ္လအားဖြင့် မနားမရပ် ကူးခတ်၍ သွားနိုင်သောလူသားသည် ဘေးမသီရန်မခပဲ ပဌမ ရေတံခါးသို့ ပေါက်ပေါက်မြောက်မြောက် ရောက်ရှိ၍သွားပေရာ၏၊ ထိုခရေတံခါး၏ဟိုဖက်၌ကား ပဓိဗိတ်သမုဒ္ဒရာ ရေပြင်အတွင်းမှာ စီး၍နေသော "ကုရိဆိပို" ခေါ်တဲ့ ရေစီးကြောင်းမျိုးရှိချေသည်။

အစွဲရော အလွဲပါ ပယ်ခွါပြီးသော ကျွန်ုပ်တို့၏ ရေကြောင်းခရီးသည်သည် ရေညာသို့ဆန်၍ စီးနေသောရေစီးကြောင်းအတွင်းသို့ သက်ဆင်းလိုက်ရုံသာ လိုတော့သည်၊ ယင်းသို့ဆင်းလိုက်လျှင် ဆင်းလိုက်ချင်းပင် ဟိုတဖက်ရေစီး

မှာတုံးကလိုအားထုတ်ကူးယက်နေစရာ မလိုတော့ပဲ ရေစီးသည် ၎င်းကိုယူဆောင်၍ သွားချေတော့မည်။

ထိုရေစီးကြောင်းအတွင်းသို့ ဝင်ရောက်မိသော လူသားသည် အနေးနှင့်အမြန် ဧကန်မုချ ဘေးကင်းရန်မြို့-ဆင်းရဲသုဉ်းတဲ့ဘုံနန်းရိပ်သာသို့ ရောက်ရတော့မည်ဟူ၍ စိတ်ချရသောအခြေသို့ ဆိုက်ရောက်နေချေပြီ၊ ယင်းသို့စိတ်ချရခြင်းကား တကဲ့ချမ်းသာစစ် တကဲ့ချမ်းသာမှန်ဖြစ်သည်။

ထိုရေစီးကား အကွေ့အကောက်ကင်း၍ ဖြောင့်စင်းလှ၏၊ ကျော်လွန်ခဲ့ပြီးသော ရေစုံလမ်းဖက်သို့ ပြန်၍လှည့်ခြင်းမရှိ ပကတိတည်ငြိမ်စွာ တဖက်တည်း သို့သာ ရှေးရှု၍စီးနေလေတော့၏။ ယင်းသို့ စီး သွားပြီးနောက် များမကြာမီဒုတိယရေတံခါးသို့ရောက်လာသည်၊ ၎င်းကို ကျော်လိုက်တဲ့အခါ ငြိမ်ငြိမ်သာသာ စီးသွားနေတဲ့ ရေအယဉ်သို့ ဝင်ရောက်လေတော့သည်။

ထိုအခါ ပဌမရေစီးတွင် ပယ်ခွါခဲ့ကဲ့အစွဲနှင့် အလွဲကိုကိုယ်မှာကပ်နေတဲ့ ဂျေးညှော်များလောက် မကျန်ရအောင်ထပ်မံ၍ ပယ်ခွါရလေတော့သည်။ မှန်လှ၏၊ ကိုယ်မှာကပ်ပါနေတဲ့ဂျေးညှော်တို့လဲ ရေနူးလာတဲ့အခါမှာ အစွဲအလွဲတို့လိုပင် တဖြည်းဖြည်း လေးလန်၍လာတတ်သည်၊ ထို့ပြင်လက်ချောင်းမှာ ဝတ်ထားတဲ့လက်စွပ်၊ (သို့မဟုတ်) လက်ကောက်,နားဒေါင်း,လက်ပတ်နာရီ,ဆံပင်, မုတ်ဆိတ်စသည်တို့ဟာလဲ အစွဲအလွဲတို့လိုပင်ရေကူးနေသူအားတဖြည်းဖြည်းဒုက္ခရောက်စေမည့် အရာများဖြစ်သည်။

ထို့ကြောင့် ဒုတိယရေစီးသို့ ရောက်တဲ့အခါ မိမိကိုယ်မှာကပ်နေတဲ့ ဈေးညှော်ကလေးများမှ မကျန်ရအောင် ရှင်းလင်း သုတ်သင်ပစ်ရပေမည်၊ ရေ ဓါတ် ရ နေပြီး ဖြစ် သောကြောင့် ထိုဈေးများ နူး၍နေပြီမဟုတ်တုံလော။

ယင်းသို့ငြိမ့်ညောင်းသာယာသော ရေ စီး ဖြင့်ရေဟုန်စီးလိုက်ပါ၍သွားသော လူသားသည် အ ချိန် မ နှောင်းမီပင် တတိယရေတံခါးသို့ဆိုက်ရောက်၍သွားပေလိမ့်မည်။တတိယရေတံခါးကို ကျော်လိုက်လျှင် ကြည်လင် ချိုမြိန်သောရေအယဉ်ဖြင့် တသွင်သွင် စီးနေသော ရေစီးကြောင်းကို မြင်ရတွေ့ရပေလိမ့်မည်၊ ထိုရေစီးအတွင်းသို့ သက်ဆင်းလိုက်သည်နှင့်တမြို့င်နက်ကျန်ရှိနေသေးသော အဆွဲနှင့်အတွဲတို့တွင် အဆွဲတွေကို အကုန်ဖြုတ်ချ၍ ပယ်စွန့်လိုက်လေသည်၊ အစွဲဆိုသည်ကား ကာမပဓါဒါန်ကိုဆိုသည်၊ အတွဲဆိုသည်ကား အတ္တဝါဒုပါဒါန်ဖြစ်သည်။

အစွဲနှင့်အလွဲတို့ကား သီလဗ္ဗတုပါဒါန်နှင့် ဒိဋ္ဌုပါဒါန်-တို့၏နာမ ပညတ်သစ်များဖြစ်ကြကုန်၏။ အဆင်း, အသံ, အနံ့,အရသာနှင့် အတွေ့ဆိုတဲ့ ဗဟိဒ္ဓပဉ္စာရုံတို့ကား ကာမဂုဏ်ဟူသောအမည်ဖြင့် ထင်လျှားကြကုန်၏။ ၎င်းတို့သည် အဆွဲဓါတ်တွေ ဖြစ်ကြကုန်၏။ စင်စစ်မှာ ၎င်းတို့သည် လူသား၏အကြိုက်တရားများသာ ဖြစ်ကြကုန်၏။

လူသားသည် ထိုငါးပါးသော ကာမဂုဏ်များ အနက်မှ မိမိ ကြိုက်နှစ်သက်သော အာရုံတခုခုကို ရရှိရေးအတွက် နေ့စဉ်နှင့်အမျှ အပြေးလိုက်၍နေသည်၊ လိုဒါမရလျှင် ထိုလူသားမှာ ဒုက္ခဖြစ်သည်ဟုဆိုရိုးပြုကြကုန်၏။

ဒါဖြစ်ရင် သူလိုဒါကို ရလျှင်ကော ချမ်းသာမည် လော-ဟူ၍ စောကြောဖွယ်ရှိလာသည်၊ "လိုဒါမရ ဒုက္ခမှန်သည်၊ လိုဒါရပြန်တော့ ဒုက္ခပိုသည်" ထို့ကြောင့်-ဗုဒ္ဓဘုရားက "အလိုကင်းကြစမ်းပါ"ဟူ၍ တိုက်တွန်းနှိုးဆော်တဲ့ စာချွန်တော်ကို ထုတ်ခဲ့သည် မဟုတ်တုံလော။

လူသားသည် မျက်စိဖြင့် ရူပါရုံဆိုတဲ့ အဆင်းကိုမြင်၏၊ သူသည် ထိုရူပါရုံကို လိုချင်၏၊ မျက်စိသည် ရပ်ဖြစ်၏၊ ချောသော လှသော နှစ်ချိုက်ဖွယ်သော ရူပါရုံလည်း ရပ်ပင်ဖြစ်၏၊ ရူပံ ဘိက္ခဝေ ဒုက္ခံ။ ရဟန်းတို့ ရပ်တရားသည် ဒုက္ခဖြစ်သည်ဟူ၍ ဗုဒ္ဓကဟောခဲ့သည်။ ထို့ကြောင့် ရပ်ကိုလိုချင်သူ လူသားသည် ဗုဒ္ဓအလိုတော်အားဖြင့် ဒုက္ခကိုလိုချင်သူဖြစ်၍ နေပြီမဟုတ်တုံလော။

ရုပ်ကို ဒုက္ခ ဗုဒ္ဓဟောရှာ၊
ရုပ်ကိုသာပဲ-ဒွိစွဲနေဒါ၊
ရုပ်ကိုစွဲတဲ့ ခပဲသူငါ၊
ဒုက္ခပဲ လည်မြဲမမွတာ၊

ထို့ကြောင့်-ဆင်းရဲဒုက္ခမှလုံးဝလွတ်ထွက်လိုသောအာရုံငါးပါးဟူသော ရုပ်တရားတို့၌စွဲခြင်း,ညိခြင်း,ကပ်ခြင်းတို့ကို အပြင်းအထန် ခြေမှုန်း၍ပစ်ရမည်၊ လက်စတုံး နိဂုံးသတ်ပယ်၍ပစ်ရမည်၊ ယင်းသို့ သန့်သန့် ရှင်းရှင်း အလိုမှ ကင်းသော်သာလျှင် ဗုဒ္ဓ၏သုခစစ်ချမ်းသာမှန်ကို ကေန်ရောက်နိုင်ရနိုင်ပေလိမ့်မည်။

မျက်စိဖြင့် မြင်ရသော ရူပါရုံ၊ နား ဖြင့် ကြားရသော သဒ္ဒါရုံ၊ နှာခေါင်းဖြင့် နံရသော ဂန္ဓာရုံ၊ လျှာဖြင့် လျက်ရ

သော ရသာရုံ၊ ကိုယ်ဖြင့် ထိတွေ့ရသော ဖေါဋ္ဌဗ္ဗာရုံတို့သည် အဘယ်ကြောင့် ကာမဂုဏ်အဖြစ်သို့ ရောက်ကြရကုန်သနည်း။

မျက်စိဖြင့် ရူပါရုံကိုမြင်၏၊ ထိုမြင်တဲ့အဆင်းတွင် ရပ်နားနေအောင် တားရှ်ထားနိုင်လျှင် (ဝါ) ဒိဋ္ဌေဒိဋ္ဌမတ္တအဖြစ်၌ ထားနိုင်လျှင် ၎င်းသည် ကာမဂုဏ်အဖြစ်သို့ မရောက်နိုင်ပါ။ မြင်လျှင်မြင်ကာမျှဟူသော နယ်နိမိတ်ကိုကျွန်ပြီးလျှင် စိတ်၏နယ်သဲသို့ရောက်၍သွားမှသာလျှင် ထိုသက်ပွဆိုတဲ့ စိတ်၏ဆေးချယ်မှုကြောင့် ထိုရူပါရုံသည် ကာမဂုဏ် အဖြစ်သို့ ရောက်၍သွားမြဲဖြစ်ပါသည်။ ထိုအဆင်းရူပါရုံကို ချောတယ်၊ လှတယ်၊ ယဉ်တယ်ဟူ၍၎င်း၊ ချစ်ဘွယ်၊ ခင်ဘွယ်၊ နှစ်သက်ဘွယ်ဟူ၍၎င်း၊ စဉ်းစားတွေးတောမှုကား စိတ်၏အလုပ်ပင်ဖြစ်သည်။

ယင်းသို့ စိတ်၏ကျေးဇူးကြောင့် ထိုရူပါရုံအပေါ်၌ ချစ်မှု၊ မုန်းမှု၊ ဤနှစ်ခုတွင် တခုခုပေါ်လာမြဲပင်။ စိတ်ကို ရုတ်သိမ်းလိုက်နိုင်လျှင် ချစ်ဖွယ်၊ မုန်းဖွယ်ဆိုတဲ့အထင်များမှု တွေ၊ ချောတယ်၊လှတယ်ဆိုတဲ့အမြင်လွဲမှုတွေ အကုန်လုံး ငြိမ်းချမ်း၍သွားနိုင်သည်။ မှန်လှ၏၊ အဆင်း၊ အသံ၊ အစရှိသော အာရုံငါးပါးကား လူသားကိုယ်တိုင်ထာဝစဉ် အသုံးပြုနေတဲ့ လူသုံးပစ္စည်းတွေပင်ဖြစ်သည်၊ လူသား၏ ကိုယ်ကာယတွင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဟူ၍ ရပ်ပစ္စည်းငါးခုရှိသည်။

၎င်းတို့ကို အဇ္ဈတ္တိက (ဝါ) အတွင်းရပ်ဟူ၍ခေါ်ဆိုကြကုန်ရာ၊ အဆင်းအသံစသောရပ်ငါးမျိုးတို့ကား ဗဟိဒ္ဓ(ဝါ) အပြင်ရပ်များဖြစ်ကြကုန်၏၊ ထိုသည့် အတွင်းရပ်ငါးခုနှင့်အ

ပြင်ရုပ်ငါးခုတို့သည် အမြဲတစေ ထိခိုက်၍နေသော်သာလျှင် ဘဝစက်ကြီးလည်နိုင်သည်၊

ဆိုလိုရင်းကား....မျက်စိသည် အပြင်ရူပါရုံကို မမြင်လျှင်၊ နားသည် အပြင်သဒ္ဒါရုံကိုမကြားလျှင်၊ နှာခေါင်းသည် အပြင်ဂန္ဓာရုံကိုမနံတော့လျှင်၊ လျှာသည် အပြင်ရသာရုံကို မခံစားတော့လျှင်၊ ကိုယ်သည် အပြင်မှ အတွေ့အထိကို မသိတော့လျှင်၊ ကျောက်ရုပ်နှင့်သစ်သားရုပ်နှစ်ခုကို မျက်နှာချင်းဆိုင်၍ ထားသလို ရုပ်တုံးရုပ်ခဲတွေသာ ဖြစ်ချေတော့သည်။ စိတ်ပေါ်လာသည်နှင့်တပြိုင်နက် ဘဝစက်ကြီးလည်ပေတော့မည်။

ထို့ကြောင့်စိတ်သည်အာရုံငါးပါးရုပ်တရားတို့ကိုကာမဂုဏ်ဖြစ်အောင် ဖန်ဆင်းလိုတဲ့အခါမှာ ကာမစိတ်ဟူသောဘွဲ့နာမံကို ခံယူလိုက်သည်။ လောကဓါတ်ကြီးတခုလုံးကို မီးဟုန်းဟုန်းတောက်စေလိုတဲ့အခါမှာ မျာပါဒနှင့် ဝိဟိံသာဟူသော ဘွဲ့ ထူး အ မည်ထူးကို ဆွတ်ခူးပန်ဆင်လိုက်လေသည်။

ယင်းသို့အားဖြင့် စိတ်၏လုပ်ငန်းတွေကို အကုန်ရုတ်သိမ်းနိုင်သူသည် အဆွဲဆိုတဲ့ကာမကို ပယ်ခွါပစ်ချ နိုင်လေတော့သည်။

အဒ္ဒသံ ကာမတေ မူလံ၊
သင်္ကပ္ပါ ကာမ ဇာယတိ၊
န တံ သင်္ကပ္ပယိဿာမိ၊
ဧဝံ ကာမ န ဟေဟိတိ။

''ဟယ်....ကာမ၊သင်၏အမြစ်ရင်းကိုထင်လင်းစွာငါမြင်ပြီ''

''ဟယ်....ကာမ-ကြံ စည် တွေးတောမှုဆိုတဲ့ စိတ်ကြောင့် သင်ဖြစ်လာရသည်၊ငါသည် သင့်ကိုကြံစည်တော့မည်မဟုတ်''

''ဟယ်....ကာမ-ဒါလိုမကြံစီလျှင်သင်ဖြစ်ခွင့်ရတော့မည်မဟုတ်ချေ''ဟူ၍ ကာမတိုက်ပွဲ၌ အောင်ပန်းဆွတ်ခူးပြီးသော ဗုဒ္ဓဘုရားရှင်၏ ဥဒါန်းကိုထောက်ရှုရာ၏။

ဤသို့သောနည်းလမ်းစဉ်အတိုင်း မဆိုင်းမတွ ခဏမဆုတ်အားအင်ထုတ်၍ အဟုတ်ဆန်တက်နေသော ရေကြောင်းခရီးသည်ကား မကြာမြင့်မီကာလအတွင်းမှာပင် လေးခုမြောက်သော စတုတ္ထရေတံခါးသို့ ချောချော မောမော ဆိုက်ရောက်သွားပေလိမ့်မည်။

ရေတံခါး၏တဖက်၌ အထက်သို့စီးသောရေကြောင်းကား ငြိမ့်ညောင်းလှ၏၊ ရေပြင်၌ လှိုင်းထခြင်း, ဝဲရစ်ခြင်း, အမြှုပ်ထခြင်း,ပွက်သေးထခြင်း,လှုပ်ရှားခြင်းစသည်တို့မှကင်းသဖြင့် စိန်သားကျောက်ပြားကြီးများကို ဖြန့်ခင်းထားသလို ပြန့်စင်းလှ၏၊ သန့်ရှင်းလှ၏။

ထိုရေစီးအတွင်းသို့ စီဆင်းလိုက်သည်နှင့်တပြိုင်နက် ကျနုပ်တို့၏ရေကြောင်းခရီးသည်၏ ကိုယ်ကာယမှာ ကျန်ရှိနေသေးသော အတွဲများလည်း အကုန်ကွာကျသွားလေပြီ။ ၎င်းကား အခြားမဟုတ် အတ္တဝါဒုပါဒါန်ဆိုတဲ့ ငါစွဲပင်ဖြစ်သည်။ ထိုသည့်အတ္တစွဲ (ဝါ)ငါစွဲကား အလွန်ခိုင်မြဲလှ၏။ အရဟတ္တမဂ်သို့ရောက်သည်တိုင်အောင် တတွဲတွဲနှင့် စွဲစွဲမြဲမြဲတွယ်ကပ်၍ လိုက်ပါနိုင်သောသတ္တိကို ကြည့်ရှုပါလော။

အတ္တဝါဒီပုဂ္ဂိုလ်၏ အတ္တစွဲပုံကို အနည်းငယ်ဖေါ်ပြရပေဦးမည်။ အဘယ်ကြောင့်နည်း ? အတ္တဆိုတဲ့ ငါစွဲမပြုတ်သမျှ ကျနုပ်တို့ရည်မှန်းတဲ့ ပန်းတိုင်သို့ ရောက်နိုင်တဲ့ အခွင့်အလမ်းမရှိသောကြောင့် ဖြစ်ပါသည်။

၁) ရူပံအတ္တတော သမနုပဿတိ။ ။ရုပ်ကိုအတ္တဟု ရှုမြင်၏။ ၎င်းကို အတ္တသဘောဟုခေါ်ဆိုရသည်။ ရုပ်သည်ပင် အတ္တ (ဝါ) အတ္တသည်ပင် ရုပ်ဟူ၍ ရုပ်နှင့် အတ္တခွဲမရအောင်တူသည်ဟု ရှုခြင်းပင်တည်း။

၂) ရူပဝန္တံ ဝါ အတ္တာနံ။ ။ဖလ်ပုလင်းကလေးထဲမှာ ကြွေဒိုးကလေးကိုထည့်ထားသလို ရုပ်အတွင်းမှာ အတ္တကလေးငုတ်၍နေသည်ဟူ၍ ယူဆသော အတွင်းငုတ်သဘောပင်ဖြစ်သည်။

၃) အတ္တနိ ဝါ ရူပံ။ ။နေရောင်ရှိတဲ့အခါမှာ သစ်ပင်မှထွက်သောအရိပ်ပမာ ရုပ်မှထွက်လာတဲ့ ရုပ်ရိပ်သည်ပင်အတ္တဟူ၍ရှုမှု။

၄) ရူပသ္မိံ ဝါ အတ္တာနံ။ နွားနို့နှင့်ရေရောသလို ရုပ်နှင့်အတ္တသည် ခွဲခြား၍မရနိုင်လောက်အောင် ရောစပ်နေသည်ဟု ရှုမြင်မှု။

ဤနည်းပရိယာယ်လေးမျိုးဖြင့် ရုပ်တရားတွင်အတ္တသမားအတ္တဝင်၍တွယ်ကပ်နေသည်၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ,ဆိုတဲ့ နာမ်ခန္ဓာလေးပါးတို့တွင်လဲ ဤနည်းအတိုင်းပင် ပူးဝင်ပြီး တွဲလျှက်(ဝါ)တွယ်ကပ်လျှက်နေသည်။ ဤခန္ဓာငါးပါးလုံး၌ ဤမျှခိုင်မြဲစွာကိုင်ဆွဲထားသော အတ္တသမားကို ခွါချလိုက်ရန်ကိစ္စကား တကဲ့တောင်တက်လုပ်ငန်းကြီးတရပ်ဖြစ်ချေသည်။

သို့သော်-ယနေ့ကား....တိုးတက်နေသော ခေတ်ဖြစ်သည်၊ ထို့ကြောင့် သက်ရှိသက်မဲ့ အကုန်လုံးအကြီးဝင်တဲ့ ဤကမ္ဘာလောကကြီးအတွင်းမှာ ရုပ်သဘာဝနှင့် နာမ်သဘာဝနှစ်ခုသာ

မျက်တွေ့၊ လက်တွေ့၊စိတ်တွေ့၊သုံးချက်ညီသဘောဖြင့်ရှိသည်။ ၎င်းတို့နှစ်မျိုးမှတပါး အခြားသဘာဝကား ရှာမရသောအခြေ ဋ္ဌရှိနေသည်။

ထို့ပြင်-ကမ္ဘာကြီး တိုးတက်သည်နှင့်အမျှ တိုးတက်၍နေသော ယနေ့ခေတ်သိပ္ပံပညာကလဲ အတ္တ ဆိတ်သုဉ်းမှုဆိုတဲ့ ဗုဒ္ဓ၏အနတ္တဝါဒကို လေးလေးနက်နက် ထောက်ခံလျက်ရှိသည်၊ သို့ဖြစ်ရာ အတွဲသမားဖြစ်တဲ့အတ္တကို ခွါချရန်နည်းမှာ ထိုအတ္တဆိုတာ သဘာဝအားဖြင့် လုံးဝမရှိဟူ၍ အမြင်မှန်ပေါက်မှုပင်ဖြစ်သည်။

အတ္တသဘော (ဝါ) ဝိညာဏ်သဘော (ဝါ) လိပ်ပြာသဘောဆိုဒါ အတွင်းအစ္ဈတ္တမှာရော အပြင်ဗဟိဒ္ဓမှာပါ ဘယ်နေရာမှာမှ မရှိဆိုဒါကို သိမြင်လိုက်သောခဏ၌ ထိုအတ္တရှာမရပဲ ကွာကျ၍သွားမြဲဖြစ်သည်။

ဤသို့အားဖြင့် အခိုင်မြဲဆုံးအစွဲသည် အတွဲသဘာဝ ကွာကျ၍သွားသောအခါ အစွဲ-အလှဲ-အဆွဲ-အတွဲတို့မှ လုံးဝကင်းလွတ်၍သွားပြီဖြစ်သော ကျနုပ်တို့၏ ရေလမ်းခရီးသယ်သည် ဗုဒ္ဓစာချွန်တော်၌ပါဝင်သော လမ်းစဉ်ကိုကျင့်သုံးသိုက်နာမှုကြောင့် ရရှိအပ်သော လွတ်လပ်မှု၏အရသာကို အပြည့်အဝခံစားရပြီဖြစ်၍၊ ''ကတံကရဏီယံ''လုပ်ဆောင်ဖွယ်ကိစ္စဟူသမျှကို လုပ်၍ပြီးပြီဟူသော ဥဒါန်းကို ရွှင်လန်းစွာရင့်ကျူးနိုင်လေတော့သတည်း။

## အာနန္ဒာ၏နောက်ဆုံးပြဿနာနှစ်ချက်

### နံပါတ် (၁)

ရှင်အာနန္ဒာ - "အရှင်မြတ်ဘုရား - တပည့်တော်တို့သည်၊ အမျိုးသမီးများနှင့်ဆက်ဆံရာ၌ မည်သို့ကျင့်ရပါမည်နည်း"

ဗုဒ္ဓ - 'အိုအာနန္ဒာ မတွေ့မမြင်အောင်ရှောင်ကြလေ'

ရှင်အာနန္ဒာ - "တွေ့မြင်ကြရသော် အဘယ်သို့ကျင့်ရပါမည်နည်း"

ဗုဒ္ဓ - "စကားမပြောဘဲ တုဏှိဘောနေကြလေ"

ရှင်အာနန္ဒာ - "မပြောမဖြစ်လို့ ပြောရတဲ့အခါမှာ အဘယ်ကျင့်ရပါမည်နည်း"

ဗုဒ္ဓ - "သတိတရားကို အမြဲလက်ကိုင်ထားကြလေ"

### နံပါတ် (၂)

ရှင်အာနန္ဒာ - "အရှင်မြတ်ဘုရား .... တပည့်တော်တို့သည် တထာဂတ၏သရီရဟုဆိုအပ်တဲ့ကိုယ်ကာယနှင့် ပတ်သက်ရာ၌ မည် သို့ကျင့်သုံးကြရပါမည်နည်း"

ဗုဒ္ဓ - "အို–အာနန္ဒာသင်တို့သည် ကိုယ်ကာယကို ပူဇော်မှုနှင့် ပတ်သက်ရာ၌ ကြောင့်ကျမဲ့ဖြစ်ကြကုန်လော့၊ အိုအာနန္ဒာ - သင်တို့သည် ကိုယ်ကျိုးစီးပွားကို အားထုတ်၍ မမေ့မလျော့ မပြော့သော လုလ္လဖြင့် အားထုတ်၍နေရစ်ကြကုန်လောဟူ၍ ငါတိုက်တွန်းခဲ့သည်"

## ''နောက်ဆုံး ဗုဒ္ဓစာချွန်တော်''

အရှေ့လောကဓါတ်မှပေါ်ထွန်းထွက်ပြူလာသောကဆုန်လပြည့်ဝန်းသည် ပြည့်ဝသော လမင်း၏အသရေကိုဆောင်လျက် တဖြည်းဖြည်း တက်၍တက်၍လာသည်၊ ယင်းသို့တက်လာသည်နှင့်အမျှ အနောက်ဘက်သို့ ထိုး၍ထွက်နေသော အင်ကြင်းပင်ပျိုတို့၏အရိပ်များသည်လည်း တဖြည်းဖြည်း တို၍တို၍ လာကြကုန်သည်။

ဝိသာခါနက္ခတ်နှင့်ယှဉ်လာသော ကဆုန်လပြည့်ဝန်းသည် အရှေ့မိုးကုတ်စက်ဝိုင်းမှ တဖြည်းဖြည်းမြင့်တက်လာလေလေ ၎င်း၏ အရောင်အဝါလည်း အစွမ်းကုန် ထွန်းလင်းတောက်ပြောင်၍လာလေလေ- ယင်းနှင့်အမျှပင် ဗုဒ္ဓရှင်တော်ဘုရား၏ သက်တော်ကမ္ဘာရှပ်ချုပ်ဖို့ဖက်သို့ ပိုပြီးနီးကပ်လာလေလေ ဖြစ်တော့သည်။

လပြည့်ဝန်းကြီးသည်ကောင်းကင်လယ်ဗဟိုမျဉ်းကြောင်းသို့ရောက်ခဲ့လေပြီ၊ ထိုအချိန်ကား- ကြယ်အပေါင်းခြံရံလျှက်ရှိသော လမင်း၏အသရေဒီဂရီအမြင့်ဆုံးအခါဖြစ်သည်၊ ထိုမျှမြင့်မြတ်သော ည၏အသရေဆောင်လမင်းသည်လည်း မိမိ၏ ကြယ်တာရာအခြွေအရံများနှင့်အတူ ပရိနိဗ္ဗာန်စံယူရန် အသင့်ရှိနေသော ဘုရားရှင်ကို အရိုအသေ ပြုနေသလို ထင်ရသည်။

လမင်းသည် မိရစ်ဒီယံမျဉ်းကြောင်း၏ အနောက်ဘက်သို့ရောက်တဲ့အခါမှာ အင်ကြင်းနှစ်ပင်တို့၏အကြား၌ ခင်းထားအပ်သောညောင်စောင်းတွင် မြောက်သို့ဦးကျောင်းမူ၍လျောင်းနေသောဘုရားရှင်၏ တကိုယ်လုံးကို မီးမောင်းကြီးများနှင့်ထိုးထားသလိုအားရပါးရမြေသော မိမိ၏ရောင်ခြည်ဖြင့် မအိ

နိုင်,မဝနိုင်ပူဇော်၍နေဟန်ရှိလေသည်၊ အင်ကြင်းပျိုနှစ်ပင်တို့သည်လည်း လေခတ်တိုင်း ဝါရွှေသော အင်ကြင်းပန်းတို့ဖြင့် အဆက်မပြတ် ဗုဒ္ဓ၏ကိုယ်တော်မြတ်ကို ထပ်ခါထပ်ခါ ပူဇော်၍နေလေပြီ။ အချိန်ကား—လင့်၍လင့်၍သွားခဲ့ပြီ၊ သက်တော်ကမ္ဘာရပ်ချုပ်ငြိမ်းမည့်ဘက်သို့ နီး၍နီး၍လာခဲ့ပြီ၊ ထိုအခါ နောက်ဆုံးအချိန်ထိ ကပ္ပါလူသားထု၏အကျိုးကို အမြဲတစေ ရှုလေ့ရှိသော ဘုရားရှင်သည် ရဟန်းအများကို အပါးသို့ ခေါ်တော်မူ၍-

"ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ"

"သင်္ခါရတရားတို့သည် ပျက်တတ်သောသဘော ရှိကြကုန်၏"

သတိတရားနှင့် ပြည့်စုံကြလော့—

ဟူသော နောက်ဆုံးစာချွန်တော်ကို မိန့်မြွက်တော်မူခဲ့လေသတည်း။

ယင်းသို့အားဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော် အချိန်က "အပ္ပမာဒေန သမ္ပာဒေထ"(ဝါ) "သတိ" ဆိုတဲ့ ဗုဒ္ဓ၏နောက်ဆုံးစာချွန်ကား ယခုအခါ ကပ္ပါသုံးဝေါဟာရ ဖြစ်လျက်နေချေပြီ။ မှန်လှ၏၊ သတိတရားသည် ဆားနှင့်တူ၏။ ဆားမပါတဲ့အစားအစာသည် ပေါ့ဟာဟာကြီးဖြစ်သလို 'သတိ' မပါသော လုပ်ငန်းဟူသမျှလဲ ဗရမ်းဗတာဖြစ်တတ်သည်၊ သတိတရားသည် အရာအားလုံး ကိစ္စအားလုံးတို့၌ ပြဋ္ဌာန်းသည်၊ လောကီလုပ်ငန်းမှာဖြစ်စေ၊ သို့မဟုတ် လောကုတ္တရာလုပ်ငန်းမှာဖြစ်စေ 'သတိ'အုပ်စိုးမှသာလျှင် မွန်မြတ်သောအကျိုးထွက်မြဲဖြစ်သည်။

## သတိရှိသူသည် မသေသူမည်၏၊
## သတိကင်းသူသည် သေသူမည်၏၊ ဟူ၍—

ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်က ဟောပြခဲ့သည် မဟုတ်လော-

လောကီရေးဟူ၍ ဆိုအပ်တဲ့ စီးပွားရေး,ကုန်သွယ်ရေး ရောင်းဝယ်ရေး, လယ်ယာလုပ်ကိုင်ရေး စသည်တို့၏ တိုးတက်ကြီးထွားမှုအားလုံးသည် သတိကိုအမှီပြုကြရမြဲဖြစ်သည်။

ထို့နည်းအတူပင် လောကုတ္တရာရေးဆိုင်ရာကိစ္စအားလုံးတို့၌လည်း မိန်ယှက်ဖွယ် ကောင်း လှသော လောကုတ္တရာချမ်းသာကို ခံစားလိုသူတိုင်း "သတိ" တရားကို လက်ကသုံးတောင်ဝှေးကဲ့သို့ အမြဲကိုင်ဆောင်ရမည်။

သို့မှသာလျှင် မရသေးသောစည်းစိမ်,ဥစ္စာ,အသိဉာဏ်, ပညာနှင့် ရတနာ-ရွှေ,ငွေ, ချွေရွှေသင်းပင်းတို့ကို ရရှိနိုင်ခြင်း၊ ထို့ပြင် ထိုသို့ရရှိသော ပစ္စည်းဥစ္စာနှင့် ဂုဏ်သိက္ခာတို့ကိုလဲ မပြိုမကွဲ မယိုင်လဲရအောင်ထို "သတိ"တရားဖြင့်သာ ထိန်းသိမ်းနိုင်ခြင်းတို့ကြောင့်-

ကမ္ဘာ၏အမြင့်ဆုံးထိပ်တန်းသို့ ရောက် လို သူ တိုင်း နှင့် ထိုသို့ရောက်ရှိပြီးသော—ကမ္ဘာ့! ထိပ်တန်းတွင် ခိုင်မြဲစွာ ရပ်တည်နေလိုသူတိုင်းသည်-

ဗုဒ္ဓ၏နောက်ဆုံးစာချွန်တော်ဖြစ်သော "သတိ" ဆိုတဲ့တရားကို အမြဲတန်းလက်ကိုင် ထားသင့်ကြပေသတည်း။

## သတိ — သတိ — သတိ

## အမှားပြင်ရန်

စာမျက်နှာ–၂၇၊ ကြောင်းရေ ၅–ကြောင်းတွင် (ငါးကျင်းတူးရန်) ကို (ခုနှစ်ကျင်းတူးရန်)။ ၎င်းစာမျက်နှာ ကြောင်းရေ-၁၀-ကြောင်းတွင် ( တွင်းငယ်ငါးတွင်း ) ကို (တွင်းငယ် ခုနှစ်တွင်း) ဟု ပြင်ဘတ်ပါ။

နေ၊လနှစ်ပါး-ထက်ဖျားကောင်းကင်
ရွှေရောင်ငွေရောင်-အမှောင်ပယ်နှင်
မိုးတိမ်အုပ်လို့ - ငပုတ်သူဝင်
အအင်းဓါတ် - ကင်းပြတ်လူ့တိုင်းခွင်။

တောင်တွင်းကြီးမြို့ နတ်မှီတောရဆရာတော်

# အသျှင်ဥက္ကဋ္ဌ

၏

## ဘဝဖြစ်စဉ် — အကျဉ်း။

ဆဋ္ဌသံဂါယနာတင်အပြီး ရန်ကုန်ဆေးရုံကြီးတက်စဉ်က
(ရေးမှတ်ခဲ့သည်။)

ဤစာတမ်းကို ဆရာတော်၏ (၆၄) နှစ်မြောက်မွေးနေ့
အထိမ်းအမှတ်အဖြစ် ဖြန့်ချီသည်။
၁၃၂၃-ခု၊ တော်သလင်းလပြည့်ကျော် (၉) ရက်၊
(၃-၁၀-၆၁)

ကောဇာသက္ကရာဇ်၁၂၅၉-ခု
တော်သလင်းလဆုပ် ၉-ရက်
တနင်္ဂနွေနေ့၊ နံနက် ၄-နာရီ
အချိန်၌၊ သားထွေးရတနာကို
မာ-တာ - မိခင် ဖွားသန့်စင်
သည် မည်တွင်သာယာ ခေါ်
စရာကား — အောင်ဇံ ထွန်း
ဇာတာ အသက် — ၁၂၀၊
ရှည်စေသောဝ်၊

## သျှင်ဥက္ကန္ဓ

အချိန်ကား အထက်မြန်မာနိုင်ငံတော်ကို ဗိတိရိယဘုရင်မကြီး၏ စစ်သည်တော်များ သိမ်းပိုက်ပြီးနောက် နှစ်ပေါင်းတဒါဇင်သာသာ အခါကာလဖြစ်သည်။ မြို့နယ်တောရွာကျေးလက်များ၌ အေးချမ်းသာယာမှု တည်ဆောက်ခဲ့ပြီး၊ အသွားအလာ လမ်းပမ်းအဆက်အသွယ်ချောမွေ့လျက်ရှိလေပြီ၊ အဘအမိဖြစ်လတံ့သော မွန်းရွှေထပ်နှင့် - မယ်လှဝါတို့ကား မင်းပြောင်းမင်းလွဲ၊ ခေတ်ပြောင်းခေတ်လွဲအချိန်မှစ၍ အခြေမကျ၊ အနေမကျ၊ ဟိုပြောင်းရ၊ သည်ရွှေ့ရ၊ ဖမ်းဆီးချုပ်နှောင်ခံရနှင့် ပြေးလွှား-သွားလာနေထိုင်ကြရာမှ ထောင်တွင်းကြီးမြို့မြောက်ဖက် နှစ်မိုင်ခန့်ကွာ ဆီမီးထွန်းရွာသို့ ရောက်ရှိအခြေစိုက်ခါ၊ အသားကျ လေးပင်သုံးပင် ဝါးကြမ်းပြင်နှင့် ဝါးခင်းထရံကာ သက်ကယ်မိုးအိမ်တလုံး ဆောက်၍ နေထိုင်ကြလေသည်။

၎င်းတို့ဇနီးမောင်နှံမှာ သားသမီး (၅) ယောက်ရှိကြသည့်အနက် အကြီးဆုံး(၃)ယောက်တို့ကား ယောကျ်ားတွေချည်းဖြစ်၍ တောင်တွင်းကြီးမြို့ မြောက်လက်မြို့သစ်၌ ချက်ကြွေခဲ့ကြကုန်၏။ မိန်းခလေးတယောက်နှင့် အငယ်ဆုံးသားယောကျ်ားတို့ကား အထက်ပါအိမ်၌ မီးရှူးသန့်စင်နေကိုမြင်ခဲ့ကြကုန်၏။ အငယ်ဆုံးသားယောကျ်ားကား အခြားမဟုတ် "ဥက္ကဋ္ဌ"ဘွဲ့နာမံကိုခံယူလတံ့ သူပင်တည်း။အမိမယ်လှဝါသည် သူ့ကိုမွေးဖွားသောအခါ၌ အသက်အရွယ်(၄၁)နှစ်ရှိခဲ့ပြီ။ ထို့ကြောင့် သူ့ကို "လူအိုနောက်ကျသား"ဟူ၍ ခေါ်ဆိုကြကုန်၏။

မယ်လှဝါသည် မြင့်မြတ်ထူးခြားသောအိမ်မက်-ရာမက်ကြီးများကို မမြင်မမက်ပဲ (ဝါ) အံ့သြခမန်းကြက်သီးဖြန်းလောက်သော တိတ်ကြီး၊ နိမိတ်ကြီးတို့ကိုမတွေ့မမြင်ပဲ၊ ရိုးရိုးသားသားဆင်းရဲသားဘဝပင်သူ့ကိုမွေးထုတ်လိုက်ဟန်ရှိ၏။ အညာဒေသမြို့နှင့်ဝေးကွာသော တောရွာအုံ့ရွာဖြစ်၍ ဝမ်းဆွဲစသည်တို့ကားမကြားစဘူးသော စကားထူးများဖြစ်နေခဲ့လေပြီ။ကျိုးနက်ထည်၊ ဒေါ်အိမ်ကြွယ်တို့နှင့်ပင် ကိစ္စအားလုံး နိဂုံးသတ်ခဲ့ဟန်ရှိသည်။ အိမ်ရှေ့ဇီးပင်ကြီးပေါ်မှ ညောင်ကန်ကြက်ဖတို့သည်ကြည်လင်ပြတ်သားသော လွင်းအားကြီးတွန်သံဖြင့်၎င်း၊ မောင်းစင်နွေးနွေးနှင့်ကွေးကြသော အောင်နက်နှင့် ဂုတ်ကြားကြီးတို့သည်ရှည်လျားသော အူသံဖြင့်၎င်း၊ ကပ္ပါအလင်းရောင်အတွင်းသို့သက်ဆင်းလာသောသူကို ဆီးကြိုနှုတ်ဆက်ကြကုန်၏။ အူဝဲဟူသောအသံကိုကြားသည်နှင့်တပြိုင်နက် အဖမွန်းရွှေထပ်သည်ရွာဦးရွာထိပ်မှာနေသော ဆရာမွဲထံသို့ပြေးသွား၍ အထက်ပါရက်ချုပ်ကို အရေးတကြီးရေးခိုင်းခဲ့ဟန်ရှိလေသတည်း။

ဤသို့အားဖြင့် ထဖြည်းဖြည်းချင်း ကြီးပြင်းလာခဲ့ရာ အသက်(၇)နှစ်သားမတိုင်မီ သူ၏ရပ်ကာယ၌ သေရာပါအမှတ်အသား၂ -ခုဖြစ်ခဲ့ရလေပြီ။ ပထမ မိခင်မယ်လှဝါသည် တခုသောရှင်ပြုအလှူမှ လှည်းနှင့်ပြန်လာရာ အိမ်သို့ရောက်၍ လှည်းရပ်

လျှင် သူ၏လက်ဝဲလက်ကိုဆွဲ၍ အောက်သို့ချလိုက်ရာတွင် လက်လယ်သွားခဲ့၏။ ထိုလက်ကို တောရွာဓလေ့အတိုင်း ဆီမန်းလက်နှိပ်တို့ဖြင့် ပြုလုပ်ပါသော်လည်းမူလအတိုင်းပြန်မကောင်းတော့ဖဲ့ သေရာပါအောင် သိမ်လျှော့နေထော့၏။ ဒုတိယ-အိမ်နီးချင်းသူငယ်တယောက်နှင့် ကလေးဘာဝစကားများပြီးရန်ဖြစ်၊ ဒါးလုကြရာမှ ဒါးဦးနှင့်ခုတ်မိသောဒါဏ်ရာ လက်ျာဘက်နဖူးဆံစပ်၌ ဒုတလက်မသာသာရှိသော အမာရွတ်တို့ဖြစ်သတည်း။ ထိုသို့သောဒါဏ်ရာများကိုရရှိပြီး နောက်(၇)နှစ်သို့ရောက်သောအခါ မွန်းရွှေထပ်နှင့်-မယ်လှဝါတို့သည် သူ့ကိုရွာ၏တောင်ဘက်ထမိုင်ကွာ၌ရှိသော ရတနာပင်စည်တောရကျောင်းသို့ပို့၍ ၎င်းဆရာတော်ထံ၌ အပ်နှံထားလေသတည်း။

## ကျောင်းသားဥတ္တမ

လိမ်ကောက်ကောက်၊ နီထွေးထွေးနှင့် ရှုပ်ထွေးနေသော ဆံပင်ကို မယ်လှဝါက ဆီနှင့်ပွတ်သတ်ဖြေရှင်း၍ ရောင်ပေစူးကလေးကိုထုံးပေးသည်။ ဖျင်အင်္ကျီရင်စေ့ တောင်ရှည်ပုဆိုးကလေးနှင့် ကျောင်းတွင် ကျောင်းအိပ်ကျောင်းစား ထားခဲ့သည်။ သူသည်အခြားကျောင်းသားနှစ်ယောက်၊ ကိုရင်နှစ်ပါးတို့နှင့် မျက်မှန်းတန်းမိ၍ အကျွမ်းတဝင်ဖြစ်လာသောအခါ ဆော့လိုက်သည့်ဖြစ်ခြင်း နှစ်ယောက်မရှိ အော့ကြောလန်ပင်၊ ထို့ကြောင့်တောရကျောင်းဆရာတော်ကြီးသည်သူ့ကို"မျောက်လောင်း"ဟူသော နာမည်သစ်၊ဘွဲ့ထူးသစ်ဖြင့် ချီးမြှင့်လိုက်၏။ သူသည် ထိုနာမဖြင့်ပင်ထင်ရှားခဲ့၏။ ကျောင်းသား၊ ကိုရင်၊ ဦးပဉ္ဇင်းနှင့် ကျောင်းသို့ဥပုဒ်စောင့်လာသူ ဥပါသက - ဥပါသကာတို့သည်လည်း သူ့ကိုမျောက်လောင်းဟူ၍ခေါ်ဝေါ်အသိအမှတ်ပြုကြကုန်၏။ ကျောင်းသားဘဝ၌ သူသည် သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း ပါဠိအနက်၊ပရိတ်ကြီးနှင့်ကစ္စည်းသဒ္ဒါကျမ်းကိုအာဂုံဆောင်ခဲ့၏။

# ကိုရင်ဥက္ကာ

သူ့အသက် (၉) နှစ်ကျော် (၁၀) နှစ်သို့ဝင်စတွင် ရှင်သာမဏေအဖြစ်သို့ရောက်ခဲ့သည်။ ရှင်လောင်းလှည့်ခြင်း၊ ရွှေထီးဆောင်းခြင်း၊ နတ်ပြခြင်းစသော ဗမာ့ရိုးရာပရိကမ်မပါဘဲနှင့် နှမြောစရာကောင်းလှသော ပြောင်းဖူးမွှေးတမိုက်တထွာခန့်ကို ရိပ်ပါယ်၍ သက်န်းဆီးပေးလိုက်ခြင်းဖြင့် ရှင်သာမဏေဥက္ကာဘဝသို့ကူးပြောင်းခဲ့သည်။ သို့ရာတွင် မျောက်လောင်းဘွဲ့ကား ဖယ်ခွါ၍မရဘဲ ကိုရင်မျောက်လောင်းဟူ၍ အများကခေါ်ဝေါ်ကြလေသည်။

သူသည် ကျက်စာ၊ အံစာမှထပါး အခြားအလုပ်များကို လုပ်ကိုင်ရန်အလွန်အပြင်းထူလှ၏။ လက်ပန်သားသင်ပုန်းရှည်ကြီးများနှင့် လက်ရေးကျင့်ချိန်တွင် အခြားသူ၏ မိတ်ဆွေကျောင်းသားတယောက်ကို အရေးခိုင်းထားလေ့ရှိသည်။သူမှုကား ကျောင်းဝိုင်းအတွင်းရှိ မကျီးပင်များတွင် တပင်ထက်တပင်ကူး၍ မပျော်မြူးနေတတ်သည်။ သို့မဟုတ် ငှက်ပြစ်တောင်တောရကျောင်းသို့ ရေကူးခြင်း၊ ကျေးသားရိုက်ခြင်းဖြင့်အချိန်ဖြုန်းလိုတတ်သည်။ ညနေချမ်းအချိန်တွင် ငှက်ပြစ်တောင်ဆရာတော်ကြီးထံမှ ဟံသာဝတီသတင်းစာကို ငှါး၍ ပြန်ခဲ့သည်။ ကျောင်းပြန်ရောက်လျှင် ထိုသတင်းစာကိုဖတ်၍ ရတနာပင်စည်ဆရာတော်ကြီးအား လျှောက်ထားရသည်။ ထိုအလေ့အလာကြောင့် သူသည်ငယ်စဉ်ကပင် မြန်မာစာပေ၏အရသာကိုခံစားတတ်ခဲ့သည်။ ထိုမျှမက ဂျပန် - ရုရှတို့၏ပို့အာသာစစ်ပွဲ၊ ဘော်လကန်စစ်ပွဲ၊ နပိုသီယန်စစ်ပွဲ၊ စသည်တို့ကိုလည်း အမြဲတတ်ကြားလျှောက်ထားရသဖြင့် နိုင်ငံရပ်ဝေးသတင်းများကိုလည်း အတော်နားရည်ဝလျက်ရှိခဲ့၏။ သူသည် ရှင်သာမဏေဘဝငယ်၌ပင် အဘိဓမ္မတ္ထသင်္ဂဟခေါ် သဂြိုဟ်ကျမ်း၊ အဘိဓါန်ကျမ်း၊ ဘေဒစိန္တာကျမ်းတို့ကို အာဂုံဆောင်ခဲ့သည်။

## စာသင်သားဥက္ကဋ္ဌ

ရှင်သာမဏေအဖြစ်သို့ ရောက်ပြီးနောက် မကြာမှီပင် မန္တလေးမြို့အရှေ့ပြင် မဟာဝိသုဒ္ဓါ-ရာမတိုက်ဟောင်း အလည်ကျောင်းကြီးသို့ရောက်၍ ပါဠိစာပေကို ဆက်လက်သင်ကြားခဲ့သည်။ ထိုတိုက်၌နှစ်ခါလည်နေပြီးနောက်၊ အနောက်ပြင်ရှိ-ဝိသုဒ္ဓါရုံ–ရွှေဘုံသမိုက် ရေပိုင်းကျောင်းတိုက်သို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းတိုက်သို့ရောက်သောအခါ ရွှေကျင်ဂိုဏ်းကြီး၏ဦးစီးခေါင်ကိုင် ရွှေကျင်သာသနာပိုင်ဖြစ်သော မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ခြေရင်းသို့ ဝပ်စင်းချဉ်းကပ်ခါ ပညာရင်နို့သောက်စို့ခဲ့သည်။ ဆရာတော်ကြီး၏ ဆွမ်းကပ်၊ ကွမ်းကပ်နီးစပ်သောအလုပ်အကျွေးလည်းဖြစ်ခဲ့သည်။ ဤသို့နေစဉ်တွင် သရိုင်ဆရာတော်ကြီး၊ ဒိပဲရင်းဆရာတော်၊ အလုံဆရာတော်၊ ကလေးဝဆရာတော်စသော ရွှေကျင်ဂိုဏ်း၊ တောဂိုဏ်း ဆိုင်ရာဆရာတော်ကြီးတို့ကိုလည်း ရင်းနှီးစွာ ဖူးတွေ့ခဲ့ရသည့် အပြင်၎င်းတို့၏ အဆုံးအမကို နာခံခဲ့ရလေပြီ။

ဤသို့တိုက်အတွင်း၌ ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူသည့်တိုင်အောင် ပါဠိမြန်မာစာပေကိုသင်ယူခဲ့သည်။ ဆရာတော်ကြီးပျံလွန်တော်မူသောအခါမန္တလေးမြို့အနောက်ပြင် ချမ်းသာကြီးတိုက်သို့ ပြောင်းရွှေ့နေထိုင်၍ ဆင်တဲဆရာတော်ကြီး၊ ခင်မကန်တိုက်စာချဆရာတော် ဦးသီလစာရ၊ ဦးရေဝတနှင့်တကွ ခေမာသီဝံ ဆရာတော်တို့၏ထံ၌ စာလိုက်ခဲ့ပြီး၊ ထို့နောက် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်သို့ ပြောင်းရွှေ့နေထိုင်ခါ ၎င်းတိုက်တွင် ဆရာတော်ဦးပညာ၊ ဆရာတော်ဦးဇဝန၊ ဆရာတော်ဦးနန္ဒဝံသတို့၏ထံ၌ စာလိုက် ခဲ့သည်။ ထို့နောက်ရွှေဘိုမြို့၌ တဝါဆိုပြီးလျှင် ရဟန်းအဖြစ်သို့တက်ရောက်ရန် ထောင်တွင်းကြီးမြို့သို့ ပြန်လည်ရောက်ရှိခဲ့လေပြီ။

## ဦးပဉ္ဇင်းဥက္ကဋ္ဌ

၎င်း တောင်တွင်းကြီးမြို့ရတနာပင်စည်တောရကျောင်းအနီးရှိရှေးအခါ ရှင်မဟာသီလဝံသတို့၏ လက်ထက်လောက်က သိမ်မှတ်ခဲ့သည်ဟု ပြောစမှတ်ပြုကြသောသိမ်၌ ၎င်း မြို့ တောင်ဗိမာန်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ဥပသမ္ပဒ ရဟန်း ဘ ဝ သို့ရောက်ခဲ့ပြီ။ ထို့နောက်တောင်တွင်းကြီးမြို့မြောက်(၁၆)မိုင်ခန့်ကွာဝေးသော မြို့သစ်မြို့သို့သွား၍ ပထမရဟန်းဝါကပ်ခဲ့၏။ သီတင်းဝါလကျွတ်ပြီးနောက်၊ မန္တလေးသို့ တက် ရောက် ၍ တောင်ပြင်ရွှေရေးဆောင်တိုက်မှာ နေထိုင်လျက် ဆရာတော်ဦးကြည်၏ ထံတွင်စာလိုက်ခဲ့သည်။ ထိုသို့နေစဉ်တွင် ပဲခူးမြို့ကြခတ်ပိုင်း ကျောင်းတိုက် ဆရာတော် သူ၏မိတ်ဆွေရင်းဖြစ်သော ဦးဝိစိတ္တကပင့်သဖြင့် ပဲခူးမြို့သို့ရောက်လာခဲ့လေပြီ။

## စာချဖုန်းကြီးဥက္ကဋ္ဌ

ပဲခူးမြို့ ညောင်ဒိုင်းရပ်ကြခတ်ပိုင်း ကျောင်းတိုက်သို့ ရောက်လျှင်အစိပ်သုံးဆယ်မျှသောစာသင်သားတို့ကိုနေ့ဝါ၊ညဝါဝို့ချရင်းဖြင့် ဝါကျွတ်ခဲ့သည်။ ထို့နောက် ၎င်းကျောင်းတိုက်၌ပင်ဒုတိယဝါဆက်လက်ကပ်ပြန်ရာ သီဟိုဠ်ကျွန်းမှ ပြန်လာသောဖုန်းကြီးဦးပါမောက္ခနှင့် တွေ့ဆုံမိသဖြင့် ၎င်းသည်ပဌမဦးစွာအင်္ဂလိပ်စာခံတွင်းဖေါက်ပေးခဲ့လေသည်။ ၎င်းထံမှာ သုံးလနီးပါး အင်္ဂလိပ်စာသင်ခဲ့ရာ ဦးပါမောက္ခ လူထွက်သွားသဖြင့်အာသာမပြောက် တင့်ငံ့နှင့် ကျန်ရစ်ရှာလေပြီ။ ထို့နောက်သူသည် အင်္ဂလိပ်စာလွတ်လပ်စွာသင်နိုင်သည့်နေရာကို ရှာကြံရလေပြီ။ အကြောင်းမူကား ထိုခေတ်သမယ၌ဖုန်းကြီးအင်္ဂလိပ်စာသင်ခြင်းကို ဗုဒ္ဓဘာသာမြန်မာအပေါင်းတို့က အခွင့်မလွှတ်နိုင်ခဲ့ချေ။ ဖုန်းကြီးပါရာဇိကကျဒါနှင့်အတူတူလောက်ပင် မှတ်သင်ယူဆကြကုန်၏။

## ထေလေဥတ္တမ

ယင်းသို့အားဖြင့် သူသည်အားလုံးသောသက်ဆိုင်ရာတကာ တကာမတို့အား အင်္ဂလိပ်စာသင်ရန် ရန်ကုန်မြို့သို့ သွားမည်ဟု ပြောဆိုရာ အားလုံးတို့သည် ဝမ်းနည်းပက်လက်နှင့် ဤအကြံကို ဖျက်ရန် လာရောက်တောင်းပန်ကြသည်။ " အော်ဦးပဥ္စင်းကလေးစာလေးပေလေးအတော်သားနှင့် ပျက်စီးရှာတော့မည် ထေလေဖြစ်ရှာတော့မည်ဟု "ဟု ညီးတွား ပြောဆိုကြကုန်၏။ အေး-ညီးလောက်ပေသည်။ အကြောင်းမူကား–ထိုခေတ်သမယ၌ အင်္ဂလိပ်စာသင်ကြားတတ်မြောက်သော ရဟန်းတရာတွင် ကိုးဆယ့်ကိုးသာသာရဟန်းဘဝကိုစွန့်ကြသောကြောင့်တည်း။

ထိုသို့ရန်ကုန်မြို့၌နေလာခဲ့ရာတလလျှင်ဝါ၊၁၅အကုန်အကျရှိစေကာ မိမိစိတ်မှန်းသလောက် စခန်းမပေါက်ကြောင်းကို သိရှိလာခဲ့ပြီ။ ထို့ကြောင့်သူသည် သက်ဆိုင်ရာတို့နှင့်တိုင်ပင်၍ အိန္ဒိယပြည်သို့ အင်္ဂလိပ်စာသင်ရန်သွားရေးကို ဆုံးဖြတ်လိုက်လေသည်။ သို့နှင့်ရဟန်း၄ါးဝါအရတွင် အိန္ဒိယနိုင်ငံသို့ရောက်၍ ဗါရာဏသီမြို့၌ သုံးနှစ်၊ လက္ခနောင်းမြို့၌ ၂-နှစ်၊ ပန်ဂျပ်ပြည် အမရပ်တာမြို့၌ ၁၈-လ-နေထိုင်ပြီးလျှင် အင်္ဂလိပ်, သက္ကတ, ဟိန္ဒူ, အူရဒူ, ဘင်္ဂလီစာပေများကို လေ့လာသင်ကြားခဲ့သည်။

## သာသနာပြုဆရာဥတ္တမ

ထို့နောက်သူသည် လက္ခနောင်းမြို့လာတို့မှ လမ်းရှိ ဘင်္ဂလီ ဗုဒ္ဓဘာသာ ဘုရားကျောင်းတွင်နေထိုင်၍ တနင်္ဂနွေနေ့တိုင်း ညနေ (၆) နာရီမှ၊ (၈) နာရီအထိ၊ ဗုဒ္ဓ၏တရားများကိုဟောပြောခဲ့သည်။ မကြာမကြာဆွေးနွေးပွဲများကို ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းကြောင့်ပသီလူမျိုးနှစ်ယောက်နှင့် ဟိန္ဒူ၊ဘင်္ဂလီ ၂၀-ယောက် ဗုဒ္ဓဘာသာ ဖြစ်ခဲ့သည်။ ထိုမှတပါး သူသည်

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဘာသာပေါင်းစုံကွန်ဖရင့်သို့ ဗုဒ္ဓဘာသာ၏ကိုယ်စားလှယ်အဖြစ်ဖြင့် တက်ရောက်ဟောပြောခဲ့သည် ဗုဒ္ဓ၏ တရားတော်အနှစ်စုဖြစ်သော ဓမ္မပဒကျမ်း ကို အူရဒူ ဘာသာဖြင့်ပြန်ဆို၍ စာအုပ် (၃၀၀၀) ရိုက်နှိပ်ဝေငှခဲ့သည်။ ထို့ပြင် လက္ခနောင်းမြို့ပါတ်ဝန်းကျင်ရှိ ကျေးလက်တောရွာများသို့လည်း အပါတ်စဉ် လှည့်လည် တရားဟောရန် စီမံခဲ့လေသည်။

ဤသို့အားဖြင့် ဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် အဘက်ဘက်မှတိုးတက်နေစဉ် အဖျက်ခါတ်တခုပြင်းထန်စွာပေါက်ကွဲလာလေသည်။ ၎င်းကား လက္ခနောင်းမြို့ရပ်ကွက်တခု၌အိမ်ငှါးနေထိုင်၍ပညာသင်ကြားနေကြသော မြန်မာရဟန်းသုံးဦးတို့သည် အချင်းချင်းမသင့်မမြတ်ဖြစ်ကြရာ နှစ်ဦးက ကျန်တဦးကို ဒါးဖြင့်သည်းထန်စွာ ထိုးခုတ်သတ်ဖြတ်မှုတခု ပေါ်ထွက်လာခြင်းပင်ဖြစ်သတည်း။ ထိုအခါပွင့်သစ်စဖြစ်သော ဗုဒ္ဓဘာ-သာဝင်အိန္ဒိယသားများသည် အလွန်အမင်းပြင်းပြင်း-ထန်ထန် မျက်နှာပူအရှက်ရကြသောကြောင့် ဗုဒ္ဓဘာသာဘုရားကျောင်းနှင့် အဆက်ဖြတ်လိုက်ကြသည်။ သာသနာပြုဆရာ ဥက္ကဋ္ဌနှင့် အသင်း၏အကျိုးဆောင် ဂင်ဂါကျရိလာတို့သာလျှင် ကျန်ရှိလေတော့သည်။ သို့ရာတွင် ၎င်းတို့လည်း ကြာရှည်လေးမြင့်စွာ မျက်နှာပူမခံနိုင်ကြတော့ဘဲ အကျိုးဆောင်သည် ကွန်ပူမြို့သို့၎င်း၊ သာသနာပြုဆရာသည် ပန်ဂျပ်ပြည်အမရစ်တာမြို့သို၎င်း၊ ပြောင်းရွှေ့သွားကြလေတော့သတည်း။

## ပါဠိဆရာ ဥက္ကဋ္ဌ

သူသည် အမရစ်တဆာမြို့ဒါဗ်ခတ်ကန်ရပ်ကွက် ဒေါက်တာ ပြာရေမားလ်၏ တိုက်ရှိ ပိဋကတိုက်တွင် ကုတင်တလုံး၊ခါတ်မီး နှစ်ပွင့် အခြားအသုံး အဆောင်တို့နှင့် ချမ်းသာစွာ နေထိုင်ရ၏၊ ။ဒေါက်တာသည် စာပေဝါသနာပါသူဖြစ်၍ မနက် ပိုင်းတွင်

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကိုငင်း၊ နေ့လည်ပိုင်းတွင်ကထာဝတ္ထုပါဠိတော်ကိုငင်း၊ သူ့ထံမှာဘတ်လေသည် အသက်အရွယ်အားဖြင့် (၆၀) နီးပါးရှိပြီဖြစ်သော်လည်း အလွန်ဖြတ်လပ်-သွက်လက်၍ စိတ်အားထက်သန်သူ တဦးဖြစ်လေသည်၊ ထို့ကြောင့်သူသည် ဒေါက်တာကိုစာပြခြင်း စာပေကြည့်ရှုခြင်းဖြင့်ပင် အချိန်ကုန်၍ (၁၈) လတိုင်တိုင် ပါဠိဆရာလုပ်ခဲ့ရ၏။

ထိုသို့နေစဉ်တွင် ဒေါက်တာ၏အိမ်သို့ အလည်အပတ်လာကြသူများအနက်မှ အရိယသမဂ္ဂအသင်းဝင် ရှေ့နေတယောက်နှင့် သီအိုဆိုဖီအသင်းဝင် ဒေါက်တာတယောက်တို့လည်း စာပေလိုက်စားသူများဖြစ်၍ သင်တန်းတွင် ဝင်ရောက်နားထောင်ကြကုန်၏၊ တခါတရံ ရှည်လျှားလှသော ငြင်းခုံ-ဆွေးနွေးပွဲ အဖြစ်သို့ ရောက်သွားခဲ့လေသည်။

ဒေါက်တာပြာရေးမားလ်ကား အငြင်းအခုံဝါသနာထုံ၊ဟန်မရှိ၊ သို့ရာတွင် သူတပါးငြင်းခုံကြသည်ကို မှု ဘေးမှထိုင်၍ စိတ်ပါဝင်စားစွာ နားထောင်တတ်၏၊ ၎င်း၏တင်မြင်ချက်ကို မူကား တလုံးတပါဒမျှ ဝင်ရောက်စွက်ဖက်လေ့မရှိချေ။ ၎င်းသည်ထိုသို့ ဆွေးနွေးငြင်းခုံနေသည်များကို ကော်ဖီဖြင့်ပင် အမြဲတမ်းဧည့်ခံလေ့ရှိ၏။

## ထူးခြားသော သာသနာပြုပုံ

ဒေါက်တာအိမ် ဝင်းတံခါးတဘက်တချက်၌ ကျောက် ဖြူပြားတချပ်စီ ကပ်လျှက်ရှိ၏၊ တချပ်တွင် ငါးပါးသီလ၊ အခြားတချပ်တွင် သရဏဂုဏ်သုံးပါးကို အူရဒူဘာသာဖြင့် ရေးသားထား၏၊ အကျိုးအကြောင်း မေးမြန်းကြည့်ရာ ၎င်းမှာအမရစ်တဆာမြို့၌ တဦးတည်းသော ဗုဒ္ဓဘာသာဝင်ဖြစ်၍ ဟောပြောပွဲ-ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ရန် မလွယ်ကူလှသည့် အပြင် လုပ်ပြန်ပါမူလည်း တက်ရောက်နားထောင်သူ နည်းပါးလိမ့်

မည်၊ ထို့ကြောင့်သူ့အိမ်သို့ အလည်အပတ် သို့မဟုတ် အခြားကိစ္စနှင့်လာသူများသည် ထိုကျောက်ပြားနှစ်ချပ်ကို မဖတ်ဘဲ နေကြမည်မဟုတ်ချေ၊ ဖတ်လျှင်၎င်း၏သာသနာပြုလုပ်ငန်း တဝက် အောင်မြင်ပြီဟု မှတ်ယူကြောင်း၊ မေးမြန်းလေ့လာလျှင် အပြည့်အစုံ အောင်ပန်းဆွတ်ပြီဟု မှတ်ယူကြောင်းကို ပြောပြလေသည်၊ ၎င်းအပြင်ဒေါက်တာမှာသားငယ်တယောက်ရှိ၏၊ ၎င်းကို (ဂေါတယ်)ဟု အမည်ပေးထားသည်၊ ၎င်း၏ အကြောင်းပြချက်ကား ၎င်း၏အချစ်ဆုံးသားကလေးကို ဤသို့ နာမည်ပေးထားခြင်းဖြင့် ၎င်းကိုခေါ်သူတိုင်းနှင့်တကွ မိဘတို့မှာ အန္တိမ်း မုဒ္ဒါနုဿတိ ပွားများပြီးဖြစ်သောကြောင့် ဟူ၍ ပြန်လည်ပြောဆိုလေ့ရှိ၏။

သူသည် ဒေါက်တာနှင့်အတူ လာဟိုမြို့တော်သို့ မကြာခဏ အလည်ရောက်ခဲ့၏၊ ၎င်းမြို့၌လည်း တဦးတည်းသောရှိဝနာရှာ ရဟန်းရှမီးအမည်ရှိ ဗုဒ္ဓဘာသာဝင် တိုက်အုပ်ရှေ့နေကြီး တယောက်ရှိ၏၊ သူသည်လည်း သူ့နည်းနှင့်သူ သာသနာပြုနေသည်၊ သူသည်ကဗျာဆရာကြီးဖြစ်၍ ဗုဒ္ဓ၏ဂုဏ်တော်ဘွဲ့များကို အူရဒူဘာသာကဗျာဖြင့် ရေးသားပုံနှိပ်၍ ဝေငှလျှက်ရှိသည်။

၎င်းသည် စကားရည်လုပွဲ-ဆွေးနွေးပွဲ-ရှေ့နေအသင်းတိုက် တွင်စသည်တို့၌ အခွင့်ရတိုင်း ဗုဒ္ဓ၏တရားတော်များကို ဟောပြောဝါဒဖြန့်လျှက်နေသည်၊ ၎င်း၏တိုက်အိမ်အတွင်း၌ ပိဋကတ်တိုက်နှင့်ခမ်းနားသပ်ရပ်သော ဘုရားခမ်းများ၊ရှိသည် ၎င်း၏ ကျယ်ပြန့်သော ဝင်းခြံအတွင်း၌ ဗုဒ္ဓဘာသာရဟန်းတော်များ လာလျှင်တည်းခိုရန် နှစ်ခမ်းတိုက်ငယ်နှင့် သီးသန့်ရေချိုးခမ်း ကုဋိများလည်းရှိလေသည်၊ ၎င်းသည်ဗုဒ္ဓဘာသာမြန်မာရဟန်း တော်များ၏နာမည်ကို အတော်များများ သိကျွမ်းသဖြင့် မြို့သို့ အလည်အပတ်ရောက်သော ရဟန်းတော်များသည် ၎င်း၏ တည်းခိုကျောင်းတွင် ဝင်ရောက်တည်းခိုကြဟန်ရှိလေသည်။

## ကျောင်းအုပ်ဆရာကြီးဥတ္တမ

သူသည်ပန်ဂျပ်ပြည်အမရစ်တဆာမြို့မှ မြန်မာနိုင်ငံသို့ပြန်ခဲ့သည်။ ပြန်လည်ရောက်ရှိပြီးနောက် မြို့သစ်မြို့၌ နှစ်နှစ်ခန့်စာပေကြည့်ရှုရင်း အချိန်ဖြုန်းခဲ့၏။ ထို့နောက် တောင်တွင်းကြီးမြို့သို့ပြောင်းရွှေ့လာပြီးလျှင် ဗုဒ္ဓသာသနာပြုအထက်တန်းကျောင်း (အို၊ဘီ၊အမ်၊အက်စ်၊) ကို ၁၉၃၂-ခုနှစ်၌တည်ထောင်ဖွင့်လှစ်ခဲ့၏။ ၎င်းနှစ်မှစ၍ ၁၉၄၂-ခုနှစ်တိုင်အောင် ထိုကျောင်းတွင် ကျောင်းအုပ်ဆရာကြီးအဖြစ်ဖြင့် စေတနာ့ဝန်ထမ်း ဆောင်ရွက်ခဲ့သည်၊ ထိုဆယ်နှစ်အတွင်း၌ သူ သည် ရ ဟ န်း သာ မ ဏေ ကျောင်းသားတို့အား ခေတ်ပညာကို အခမဲ့သင်ပေးခဲ့၏၊အမျိုးသားစိတ်ဓါတ်ကို မြှင့်တင်ပေးခဲ့၏၊ ဇာတိသွေး ဇာတိမာန်ကို ရင့်သန်ထွားကြိုင်းစေခဲ့၏၊လူတမျိုးက အခြားလူတမျိုးအပေါ်၌ လွှမ်းမိုးချုပ်ချယ်မှု-သွေးစုပ်မှု-နယ်ချဲ့မှုတို့ကို အရင်း အ မြစ်ပါ မကျန် တော်လှန်ပြစ်ရန် စိတ်ဓါတ်သွင်းပေးခဲ့၏၊ ထို့ကြောင့် အင်္ဂလိပ်အစိုးရသည် အမြဲတန်း-စုံထောက်တယောက် ထား၍ သူ့ကိုစုံထောက်ခဲ့လေသည်။

## နယ်ချဲ့ဆန့်ကျင်ရေးဆရာတော်ဥတ္တမ

နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသား လွတ် လပ် ရေး တိုက်ပွဲကြီး တလျှောက်လုံး နယ်ချဲ့ဆန့်ကျင်ရေး လုပ်ငန်းဟူသမျှ အသျှင်ဥတ္တမ၏နေရှင်နယ်ကျောင်းမှစတင်ပေါက်ဖွားခဲ့သည်ဟုဆိုလျှင် မမှားနိုင်ပေ။

တောင်တွင်းကြီးနယ် ဒို့ဗမာအစည်းအရုံး-စစ်ပြီးခေတ်တွင် တော်လှန်သော ဖဆပလအဖွဲ့၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့၊ကွန်မြူနစ်ပါတီ တပ်နီစသော တိုးတက်သောနိုင်ငံရေးပါတီ အဖွဲ့အစည်းမှန်သမျှ၏ စတင်ရာ အခြေခံစခန်းသည် အသျှင်ဥတ္တမ၏ နေရှင်နယ်ကျောင်းပင်ဖြစ်ခဲ့သည်။

၁၉၃၈- ခုနှစ် ကုလားဗမာအဓိကရုဏ်းခေတ် အတွင်းက ရေနံမြေတပ်ကြီးနှင့် ကျောင်းသားများကို မြင်းတပ်ဖြင့်နင်း၍ နှိမ်ခဲ့သော နာမည်ကျော်မင်္ကွေးရာဇဝတ်ဝန်ကြီးဘာက်စတောလ် ကိုယ်တိုင် အရှင်ဥက္ကဋ္ဌကျောင်းကို ဂေါ် ရ ခါး တပ် များဖြင့် ရှာဖွေခဲ့သည်၊ ကျောင်းသားအများအပြားကိုလည်း ဘမ်းဆီးခဲ့ဘူးသည်။

ဒို့ဗမာအစည်းအရုံးဝင် သခင်ခေါင်းဆောင်တိုင်း လိုလိုပင် အရှင်ဥက္ကဋ္ဌ၏ကျောင်းသို့ မဝင်ရောက်မတည်းခိုဘူးသူဟူ၍ မရှိသလောက်ဖြစ်ခဲ့၏။ ထိုအထဲတွင် သိန်းဖေ (ယခုသိန်းဖေမြင့်) သည်အရှင်ဥက္ကဋ္ဌကျောင်း၌ ၃ လကျော်မျှနေထိုင်သွားခဲ့သည်။

ထို့ကြောင့် အရှင်ဥက္ကဋ္ဌ၏နေရှင်နယ်ကျောင်းကို သူပုန်များ မွေးထုတ်ပေးရာဌာနအဖြစ် အုပ်စိုးသူအဆက်ဆက်နှင့် ဖေါက်ပြန်ရေးသမားအချို့က အသိအမှတ်ပြုထားကြ၍ အရှင်ဥက္ကဋ္ဌကိုလည်း သူပုန်များ၏ ဆရာတော်အဖြစ် သတ်မှတ်ထားကြဟန်တူပေသည်။

ၑင်းတို့ ၍ သို့ ခေါ် ဝေါ် အ မှန်း တင် ကြ ခြင်း အားဖြင့် ပညတ်သွား ရာဇဝတ်သက်ပါနေသလားမသိ- သူ၏ကျောင်းသားကြီးနှင့် ကျောင်းဆရာအချို့တို့သည် ယခုအခါဖြူနီအဖြစ်ဖြင့် တောခိုလျှက်ရှိကြကုန်၏၊ နယ်ချဲ့ကိုဆန့်ကျင်သောသူများဖြစ်နေကြကုန်၏၊ မြေရှင်စနစ်ကို ဆန့်ကျင်သောသူများဖြစ်နေကြကုန်၏၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ လောကနိဗ္ဗာန်တည်ဆောက်ရန် လုံးပမ်းလျှက်ရှိကြကုန်၏။

## ၃—ကြိမ်အဖမ်းခံခဲ့ရသောဥက္ကဋ္ဌ

၁။ အင်္ဂလိပ်များ ပြေးရခါနီးတွင် အရှင်ဥက္ကဋ္ဌသည် ပဋ္ဌမဆုံးအကြိမ် အင်္ဂလိပ်စစ်တပ်၏ ဘမ်းဆီးခံ ခဲ့ရ လေ သည်။ တောင်တွင်းကြီးထောင်၌ ချုပ်ထားကာ အမျိုးမျိုးစစ်ဆေးသည်၊ ခြောက်လုံးပြူးသေနတ် ဖြင့် နား ထင် ကိုတေ့ကာ

စစ်ဆေးခြင်းခံခဲ့ရသည်၊ နောက်ဆုံးအင်္ဂလိပ်လို အဆင့်အတန်းမြင့်မြင့် ပြောဆိုရှင်းလင်းခဲ့သဖြင့် လွတ်မြောက်လာခဲ့ရလေသည်။

၂။ ဖက်ဆစ်ဂျပန်အုပ်စိုးပြီးနောက် တနှစ်မြောက်တွင် ဗိုလ်မိုးကြိုးနှင့် ဂျပန်ဘုန်းတော်ကြီးဆိုသူ နာဂါအိတို့က အရှင်ဥက္ကဋ္ဌအား ၎င်းတို့နှင့်အတူ သာသနာပြုရန်နှင့် လက်နက်များပါ ထုတ်ပေးမည့်အကြောင်း ပြောဆိုရာ အရှင်ဥက္ကဋ္ဌက "ဗုဒ္ဓသည် လက်နက်သမားမဟုတ်၊ အသင်တို့နှင့်တွဲဖက်၍လက်နက်ဖြင့် သာသနာပြုရေးကိုလည်း ငါမလုပ်နိုင်" ဟုငြင်းပါယ်သဖြင့် ဒုတိယအကြိမ် ဂျပန်၏ဖမ်းဆီးခြင်းခံရပြန်လေသည်။

၃။ တတိယအကြိမ်မြောက် ဖမ်းဆီးခြင်းခံရသော ပြဿနာကား "လူသေ လူဖြစ်ကျမ်း" ကို ရေးသားမှုဖြင့် ယခုတိုင်ရုံး၌အမှု စစ်ဆေးနေဆဲ မပြီးပြတ်သေးသော အမှုဖြစ်၏။

## သာသနာ့ သူရဲကောင်း ဥက္ကဋ္ဌ

သူသည် ကျောင်းအုပ်ဆရာကြီး ဘဝမှာပင် ပြည်မြို့နယ် ကျောက်ကွင်းရွာသို့ရောက်ရှိ၍ ဗုဒ္ဓဘာသာနှင့် ခရစ်ယန်ဘာသာ သူရှုံးငါနိုင်ပြိုင်ပွဲကြီးတွင် ဗုဒ္ဓဘာသာအတွက် စွမ်းစွမ်းတမာန်ပါဝင်တိုက်ခိုက်ခဲ့၏၊ ထိုပြိုင်ပွဲမှာ ဗုဒ္ဓဘာသာ ခင်ပွန်းသည်နှင့် ခရစ်ယန်ဇနီးသည် မောင်နှံနှစ်ဦးကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်ရာ ခရစ်ယန်ဘာသာဝင် များ အားပြင်းထန်စွာ ချောက်ခြားမှုဖြစ်စေအောင် သူသည် ဟောပြောတင်ပြခဲ့၏၊ သူ၏စွမ်းရည်ကြောင့် ဗုဒ္ဓဘာသာ ငါးအိမ်မျှသာရှိသော ကျောက်ကွင်းရွာတွင် အိမ်ခြေ (၇၀)အနက် ခရစ်ယန်တရားဟောဆရာ၏အိမ်မှတပါး အားလုံးဗုဒ္ဓဘာသာ ဖြစ်လာကြသည်၊ ဤသည်တွင် ခရစ်ယန်ဘာသာ၏ ထိပါးသမျှကို

တွန်းလှန်နိုင်သောသာသနာ့သူရဲကောင်းဟူ၍ ဆရာတော်ကြီးများကပါ အသိအမှတ်ပြုကြရလေသည်။

ထိုပြိုင်ပွဲပြီးသည့်နောက်တွင်လည်း ခရစ်ယန်ဘာသာမှ ဗုဒ္ဓဘာသာကို ထိပါးလာသမျှအချက်များကို ထိုခေတ်က တိုးတက်ရေးမဂ္ဂဇင်းများတွင် ရေးသားဖြေဆိုသည်၊ ထို့ပြင်ပလက်ဝကျောင်းဆရာဦးဘိုးလှ၏ ထျောက်ထားတောင်းပန်ချက်အရ အမေရိကန်နှစ်ချင်း သာသနာပြုမှ ထုတ်ဝေသည့်ရွှေချိန်ခွင်ဟူသော ဗုဒ္ဓဘာသာကို ထိပါးပုတ်ခတ်လာသည့် စာအုပ်ငယ်ကို ချေပသောအားဖြင့် ရွှေချိန်ခွင် အဖြေစာတမ်းကို ရေးသားထုတ်ဝေခဲ့သည်။

## တောရဆောက်တည် အရညဝါသီ ဥက္ကာ

မြန်မာနိုင်ငံတော်မှ အင်္ဂလိပ်စစ်တပ်များ ဆုပ်ခွာထွက်ပြေးပြီးနောက် လူထူးလူဆန်းလူရည်မွန်များဖြစ်ကြသော နိပ္ပွန်မာစတာများ ရောက်ရှိလာ၍ ကမောက်ကမ အုပ်စိုးကြလေပြီ။ ထိုအခါသူသည် မြို့မှထွက်ခွာ၍ တောနိုရ လေတော့၏၊ အင်္ဂလိပ်အမေရိကန်များ ပြန်လည်ဝင်ရောက်လာပြီး ကာလငြိမ်သက်သောအခါ၌လည်း သူသည်မြို့ရွာသို့ ပြန်လည်ချဉ်းကပ်ခြင်းမပြုတော့ဘဲ တောင်တွင်းကြီးမြို့အရှေ့ဘက် တမိုင်သာသာအကွာ၌ ရှေးအတိ သက္ကရာဇ် (၇၀၀) ကျော်သမယ-အရှင် မဟာသိလဝံသစသော ပုဂ္ဂိုလ်ကျော်တို့ စာပေသင်ကြား ရေးသား၍ နေထိုင်သွားရာဖြစ်သော နတ်မိုတောရကျောင်းသို့ချဉ်းကပ်ခါ အရညဝါသီ တောမှီပုဂ္ဂိုလ်အဖြစ်ဖြင့် နေထိုင်ခဲ့လေပြီ။

## ရောမခါးတောင်းကြိုက်ကြီးနှင့် ခရုချောင်းရိုက်သော ဥက္ကာ

ဤသို့အားဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းသာ အေးငြိမ်းစွာ နေထိုင်စဉ် တနေ့သောအခါ တောင်တွင်းကြီးမြို့နယ် ပိုင်

ဝန်ထောက်သည့် နတ်မီတောရကျောင်းသို့ ရောက်လာပြီး-ရန်ကုန်မြို့ ဆဋ္ဌသံဂါယနာဆိုင်ရာမှ ပင့်ဖိတ်စာကို ဆက်ကပ်၍ ကြွရောက်ရန်ကိုပါ လျှောက်ထားလေပြီ၊ ၎င်းကိုယ်တိုင်လည်း အက်စကော့တွေဘာတွေနှင့်ဖြစ်ပြီး၊ တပါတည်းမကွေးမြို့လေယဉ်ကွင်းသို့ လိုက်ပို့လေတော့သည်၊ ရန်ကုန်မြို့သက်ဆိုင်ရာဌာနသို့ရောက်၍ အလုပ်စဝင်လျှင် ဝင်ချင်း ဘာကိုစတွေ့ရသနည်း၊ သုတ်သီလက္ခန်ပါဠိတော် မြန်မာပြန်ကို ပြင်ဆင်ရမည့် မြန်မာပါဠိဝိသောဒကလုပ်ငန်းကြီးနှင့် တိုးနေလေတော့၏၊ ပို၍ နေဒါတွေကိုဖယ်ထုတ်၊ မဟုတ်ထာတွေကိုချန်ထား၊ မှားဒါတွေကိုပြင်ရမှာလားဟု သက်ဆိုင်ရာ သာသနာ့ဝိုင်တို့ကို မေးမြန်းစုံစမ်းကြည့်ရာ ဒီလိုမဟုတ်ပါဘူး၊ မန္တလေးမြို့ ပဉ္စမသံဂါယနာတင် မင်းတုံးမင်းတြားကြီး၏ ကျောက်စာမူကို အလေးပြု၍ ပြင်ဆင်ဘို့ပါဘဲ၊ (ဝါ) နယ်အမြီးတိုတွေကို နဲနဲပါးပါးကြည့်ကောင်းအောင် ဆွဲချဘို့ပါဘဲ ဟူသောအဖြေကို ရရှိသဖြင့် သူ့မှာအလွန်အကျူး အထူးတာဝန် ပေါ့သွားခါ-စား-စားသောက်သောက်နှင့် လျှောက်ပတ်ပြီး သူ၏တာဝန်ကို ကြေပြွန်စေခဲ့လေသည်။

## ဆဋ္ဌသံဂါယနာတင်ပွဲ ဝင်ခွဲပြန်ရ ဥက္ကဋ္ဌ

ပဋ္ဌမနေ့၌သူသည် ကြိုကြိုက်ခဲသော ဆဋ္ဌသံဂါယနာဆိုင်ရာသတင်းအစုံ ကိုယ်တွေ့မျက်မြင်ဖူးလုံစေရန် ကျောင်းဆောင်အသီးသီးသို့ နှံ့အောင်သွား၍ကြည့်ရှုခဲ့သည်၊ ဆွမ်း စား ပွဲသို့လည်း တက်ရောက်၍နေ ရာ ယူ ခဲ့ သည်၊ သို့ ရာ တွင် ဖုန်း ပေးသုံးဆောင်မှုကိုကား လျှစ်လျူရှုဥပေက္ခာပြုခဲ့သည်၊ ပဋ္ဌမနေ့တွင်မိုးစွေအို့ကာရွာတုံ့သါလှဖြစ်၍နေအအေးဓါတ်ပတ်ဖွဲ့သည့်အပြင် မဟာပါသာဏ ခန့်ငြားလှသော ထယ်ဝါလှသောလိုဏ်ဂူကြီးအတွင်း၌ လေးနာရီတိုင်တိုင်နေရခြင်းကလည်း စူးရှထက်

မြစ်သောကာယိကဒုက္ခ (ဝါ) ကိုယ်၏ဆင်းရဲမှုကို ပေးပြန်လေသည်။

ဤနည်းနှင်နှင်သုံးရက်တိုင်တိုင် ဆက်လက်တက်ရောက် ဆဋ္ဌသံဂါယနာဆိုင်ရာ ဗဟုသုတကိုယူခဲ့သည်၊ သို့ရာတွင် ဒုတိယနေ့များ၌မူ ခန်းနားလှသော ဆွမ်းစားကျောင်းသို့ချဉ်းကပ်ခြင်းအမှုကို ဥပေက္ခာပြုခဲ့သည်၊ ယင်းသို့ (၃) ရက်တိုင်တိုင် သံဂါယနာတင်ပွဲသို့ ဝင်ရောက်ဆင်နွှဲပါရ ကုသလကြောင့် ငါးလပကျော်ကျော်ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက်ခဲ့ရ၏၊ ယခုတိုင်ကျန်းမာပြီး-စိတ်ချရပြီဟူသော ဆရာဝန်၏လက်မှတ်မရသေး၍ဆေးရုံမှာကွေးလျှက်နေရဆဲပင်၊ "ကြားကြားသမျှ အမျှ အမျှ ယူတော်မူကြပါဗျာရို့"ဟူ၍သာ တခါတရံကုန်းပြီးအော်လိုက်ချင်သောစိတ်များ ပေါ်ပေါက်ခဲ့ဘူးလေသည်။

## ကွန်မြူနစ်တွေ ဗုဒ္ဓဘာသာဖြစ်ကုန်မှာ စိုးလို့ထင်ပါ့၊

ကုန်ဆုံးလေပြီးသော ၁၉၅၃–နှစ်အတွင်းက မန္တလေးမြို့မိဘမဲ့ကျောင်းအုပ်ဆရာတော် အရှင်ပာရနှင့် သူ့ကို ဩစတေးရီယပြည် ဗီယာနာမြို့ ကွန်ဂရက်မှ ဖိတ်ကြားခဲ့ပြီ၊ ထို့ကြောင့် သူတို့သည် နိုင်ငံကူးလက်မှတ်များရရှိရန် သက်ဆိုင်ရာဌာနများသို့ တောင်းဆိုခဲ့ကြကုန်ပြီ၊ သို့ရာတွင် ပုလိပ်ရုံးမှ နိုင်ငံခြားရေးရုံးသို့ရောက်သောအခါ ထစ်ခံနေလေပြီ၊ ၎င်းရုံးမှ ချီသည်ခါးသည် ထိုနှစ်သည်တွင် အဘယ်မည်သော ( သည် ) မျိုးကိုမှ ပြန်ကြားခြင်းမပြုဘဲ ယခုတိုင်အောင်ရေငုံလျှက်နေခဲ့၏၊ သက်ဆိုင်ရာသို့ အစုံစမ်းနိုင်းကြည့်မှသာ ဤကိုယ်တော်နှစ်ပါးကိုဘယ်နည်းနှင့်မှ နိုင်ငံကူးလက်မှတ် မပေးနိုင်ကြောင်း တဆင့်စကားကြားသိရတော့သည်၊ "ဩော်....ဗမာနိုင်ငံအတွက် ယဉ်ကျေးမှုအာရုဏ်တက်ပြီး မိုးပင်မလင်းသေးပါတကား၊ အခြား-အခြားလူတွေ ဘုန်းကြီးတွေတော့ နိုင်ငံရပ်ခြား သွားလာလည်

ပတ်ဘို့ အခွင့်အရေးရရှိကြသွားဘဲ၊ကိုယ်တော်တို့နှစ်ပါးကျကာ မှ-ဘာပြုလို့မပေးလိုဟု ငြင်းဆိုနေပါသလဲ"ဟုအချို့လူများက မေးမြန်းလျှောက်ထားကြရာ "ကွန်မြူနစ်တွေ ဗုဒ္ဓဘာသာဝင် ဖြစ်ကုန်မှာစိုးလို့ထင်ပါ့" ဟုရီရီမောမော ပြန်လည်ပြောဆို လျှက်ရှိတော့သည်၊ ထိုအခါကျမှ သူသည် အမေရိကံ၏-သံ ရောင်လိုက်ပြီး ဗမာနိုင်ငံက အသုံးပြုနေသော သံကန့်လန့်ကာ စကားလုံး၏အဓိပ္ပါယ်ကို ရှင်းရှင်းလင်းလင်း နားလည်မှု ရရှိခဲ့လေပြီ၊တိုင်းတပါးဖြစ်သော ဟိုနိုင်ငံ သည်နိုင်ငံတို့ကသူတို့ နိုင်ငံအတွင်းသို့မဝင်စေရန် ကာထားသော သံကန့်လန့်ကာမ ဟုတ်၊ အဟုတ်သော်တမူကား သည်နိုင်ငံ–သည်နိုင်ငံကအပြင် မထွက်နိုင်အောင် ကာထားသော သံကန့်လန့်ကာပင်ဖြစ်လေ တော့သတည်း။

## အသျှင်ဥတ္တမ၏ စာပေများ

၁။ ရှင်သာမဏောဘာဝဖြင့် "စိန်တင့်ကြီး" ခေါ်လုံးချင်းဝတ္ထု ကို (၄) တွဲတိတိရေးသားထုတ်ဝေခဲ့သည်။

၂။ မောင်မေတ္တာ,ဘိုးမေတ္တာ, အရှင်ဥတ္တမဟူသော အမည် အမျိုးမျိုးဖြင့် လယ်တီတရားသတင်းစာ၊တိုးတက်ရေးမဂ္ဂဇင်း ပြုပြင်ရေးမဂ္ဂဇင်း၊ဟံသာဝတီမဂ္ဂဇင်း၊ဘားမားဂျာနယ်တို့၌ ဆောင်းပါးများကို အစဉ်မပြတ် ရေးသားခဲ့၍ အိန္ဒိယပြည် ထုတ် မဟာဗောဓိဂျာနယ်၌လည်း အင်္ဂလိပ် ဘာ သာ ဖြင့် ထိုဆောင်းပါးများ ရေးသားဘူးခဲ့သည်။

၃။ သျှင်ဥတ္တမရေး ပုံနှိပ်ထုတ်ဝေပြီးသော ကျမ်းများမှာ လမ်းနှစ်သွယ်၊ ဗုဒ္ဓလမ်းစဉ်၊ အို-ယောဂီသင်ဘယ်လဲ့၊ ဗုဒ္ဓအဘိ ဓမ္မာ၊ကပ္ပပြဿနာကျမ်း၊ကန်တော့ပန်း၊ လူသေလူဖြစ်ကျမ်းတို့ ဖြစ်သည်။ ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသော ရေးသားပြီး စာအုပ်ပေါင်းမှာသည်း ၃၀-ကျော်မျှရှိပေသေးသည်။

၄။ သမာသမဂ္ဂဝါဒ(အိမ်လ်ဘန့်-ရေး မာ့က်စ်ဝါဒဆိုတာဘာလဲ)"လူသားနှင့်မြေလွှာ" စသောဘာသာပြန်စာအုပ်များ ဗမာ့တပ်မတော်စစ်ဦးစီးအဖွဲ့၏ တောင်းပန်လျှောက်ထားချက်အရ ဂျာမန်စစ်ဝိဇ္ဇာကြီး ကားလ်ဗွန်ကလော့ဇွတ်၏ "စစ်ပညာကျမ်းရင်းကြီး" ကိုလည်း "ယုဒ္ဓအဘိဓမ္မာ" ဟူသောအမည်ဖြင့် ဘာသာပြန်ဆိုရေးသားပေးခဲ့လေသည်။

## ဉက္ကဋ္ဌ၏ နောက်ဆုံးကြိုးပမ်းချက်

နောက်ပိုင်း၌ကား အသျှင်ဉက္ကဋ္ဌသည် ဗုဒ္ဓ သာ သ နာ ကို တကမ္ဘာလုံးဖြန့်ချီနိုင်ရေး၊ ဗုဒ္ဓ၏ ပေဟိပဿိကဓမ္မများနှင့်ပါတ်သက်၍ အစမ်းအသပ်အစစ်အဆေးခံနိုင်ပုံကိုကမ္ဘာ့အရပ်ရပ်ရှိ စိတ်ပါဝင်စားသောပုဂ္ဂိုလ်ကြီးများအား ဘိတ်ကြားကာ ဆွေးနွေးညှိနှိုင်းရေးဟူသော ကြီးမားမြင့်မြတ်လှသည့် အာသီသတို့ဖြင့် တောင်တွင်းကြီးမြို့ အရှေ့ဘက်တမိုင်ကျော်အကွာရှိနတ်မှီ တောရကျောင်းကြီး၌ "ဗုဒ္ဓတက္ကသိုလ်"အမည်ဖြင့် ဆိုင်းဘုတ်ကြီးတင်ကာ ကြိုးပမ်းစီစဉ်နေခဲ့လေသည်။

ထိုသို့ကြိုးပမ်းနေဆဲမှာပင် လူသေလူဖြစ်အမှုပွဲကာ ဘမ်းဆီးအရေးယူခံလိုက်ရ၍ဖြင့် အသျှင်ဉက္ကဋ္ဌ၏ ဗုဒ္ဓတက္ကသိုလ်မှာ တောရကျောင်း၏ ဆိုင်းဘုတ်ကြီးသာဖြစ်နေပြီး ကမ္ဘာ့ဗုဒ္ဓသာသနာပြုလုပ်ငန်းမှာလည်း ယနေ့တိုင် တာမစူနိုင်သေးဘဲ ဖြစ်နေရှာပေသေးသည်။

လူတမျိုးနှင့် ဘမျိုး-

ချစ်ကြည်ရေးနှင့်ငြိမ်းချမ်းရေး

သစ္စာနှင့်—မေတ္တာတရားကို သရုပ်ပြထားသော

ရာမာယဏ-ရာမကျင့်စဉ်

ခေါ်

# ရာမဇာတ်တော်ကြီး

ဝဆ၊ဟူမှန်

ရွှေပြည်တန်—စိုးဝင်း

အိန္ဒိယစာပေ—အင်္ဂလိပ်စာပေအရပ်ရပ်မှ

သုတေသနပြု၍—ဘာသာပြန်ရေးသားသည်။

ထွက်ဆဲ

ရွှေပြည်တန်စာအုပ်တိုက်

ရန်ကုန်